
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

**ဒို့အဓိကအရေးသုံးပါး**

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ် ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ဝတ္တရားသော တာဝန်ဖြစ်သည်။

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက် (၄) ရပ်**

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပန်အောင်စာပေတိုက်ထုတ်စာအုပ် (၂၆)

ပန်အောင်စာပေ
Asia Plaza shopping Center
အမှတ် ၂၇၇၊ အခန်း(၄၆)၊ (ပ-ထပ်)
ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၃၈ လမ်းထောင့်
ကျောက်တံတားမြို့နယ်။
ဖုန်း - ၃၉၁၀၇၀ (Ext- ၆၂)

www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

● ချစ်သူလုဘက်တို့ရဲ့ လေးတော်တင်ခန်း

● ပဥ္စမံဒီရှိုင်း

စာမူခွင့်ပြုချက် ● ၅၀၁၀၄၈၀၆၀၉

မျက်နှာဖုံးခွင့်ပြုချက် ● ၅၀၀၁၃၄၀၆၀၁

အကြိမ် ● ပထမအကြိမ်၊ ၂၀၀၆၊ နိုဝင်ဘာ

အုပ်ရေ ● ၁၀၀၀

တန်ဖိုး ● ၇၀၀ - ကျပ်

မျက်နှာဖုံးပန်းချီဒီဇိုင်း ● ဖေသစ်တည်

ထုတ်ဝေသူ ● ဦးအောင်လှ (ပန်အောင်စာပေ)

အမှတ် (၅-အေ)၊ မြဝတီရည်လမ်း၊

(၁၃)ရပ်ကွက်၊ ကံဘဲ၊

ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး(ရန်ကုန်) ● ပန်အောင်စာပေ

ပုံနှိပ်သူ ● ဦးအောင်လှ (၀၅၃၅၃)

ပန်အောင်အော့ဖ်ဆက်

အမှတ် (၁၁၃၆)၊ စက်မှုဇုံ (၂)၊

တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။


BURMESE CLASSIC

## ပန်အောင်စာအုပ်တိုက်မှ ထုတ်ဝေပြီး စာအုပ်များ

| | |
|---|---|
| ၄၂။ မောင်ကိုယု | ရွှေနေနှင့်သူ၏အမှုသည် (ဒု-ကြိမ်)<br>စာမူခွင့်ပြုချက်- ၉၂၅/၂၀၀၄(၈) |
| ၄၃။ မောင်ပေါ်ထွန်း | ဂန္ထဝင်စံတင်တဲ့ ကြွက်ဝိယ<br>စာမူခွင့်ပြုချက်- ၁၁၀၈/၂၀၀၄(၉) |
| ၄၄။ ပဥ္စမံဒီရှိုင်း | ကျွန်တော့်ချစ်ခြင်းသစ်ပင်<br>စာမူခွင့်ပြုချက်- ၅၀၀၁၁၆၀၅၀၂ |
| ၄၅။ မောင်ဝံသ | ရွှေနေကြီးပယ်ရီမေဆင်နှင့် ခုနစ်လွှာပျိုဖြူအမှု<br>စာမူခွင့်ပြုချက်- ၁၃၁၂/၂၀၀၄ (၁၀) |
| ၄၆။ ဝင်းမြင့်အောင် | နေရစ်လေဦးအစ်ကိုရယ်<br>စာမူခွင့်ပြုချက်- ၁၄၈၅/၂၀၀၄(၁၂) |
| ၄၇။ ပဥ္စမံဒီရှိုင်း | ဒါမျိုးကြီးလည်းဖြစ်တတ်ပါတယ်<br>စာမူခွင့်ပြုချက်- ၅၀၀၉၃၇၀၅၀၇ |
| ၄၈။ မြတ်စု | စောရနှစ်ဖော်<br>စာမူခွင့်ပြုချက်- ၅၀၁၀၉၁၀၅၀၈ |
| ၄၉။ ပဥ္စမံဒီရှိုင်း | ငါ့လေပြည်ညင်းတွေပြန်ပေး<br>စာမူခွင့်ပြုချက်- ၅၀၁၃၁၄၀၅၁၀ |
| ၅၀။ ရဲစတိုင်း | ပဥ္စလက်ဒဂီး<br>စာမူခွင့်ပြုချက်- ၅၀၁၃၉၉၀၅၁၀ |
| ၅၁။ ပဥ္စမံဒီရှိုင်း | ကိုယ်စောင့်နတ်ကြီးငိုခါနီး<br>စာမူခွင့်ပြုချက်- ၅၀၁၄၁၇၀၅၁၀ |
| ၅၂။ ပဥ္စမံဒီရှိုင်း | ကြင်ရာသုတေသန<br>စာမူခွင့်ပြုချက်- ၅၀၁၄၅၈၀၅၁၁ |
| ၅၃။ ရဲစတိုင်း | အိပ်မက်ဆိုးတွေအားလုံး ကကြိုးများဖြစ်စေ<br>စာမူခွင့်ပြုချက်- ၅၀၀၀၇၃၀၆၀၁ |
| ၅၄။ ရဲစတိုင်း | ဝမ္မီရရင်ခုန်သံ<br>စာမူခွင့်ပြုချက်- ၅၀၀၂၅၂၀၆၀၂ |
| ၅၅။ ဝင်းပ | ပါရီပန်းချီခရီးသည်<br>စာမူခွင့်ပြုချက်- ၁၀၃၄/၂၀၀၄(၁၁) |

## ယခု

| | |
|---|---|
| ၅၆။ ပဥ္စမံဒီရှိုင်း | ချစ်သူလုဘက်တို့ရဲ့လေးတော်တင်ခန်း<br>စာမူခွင့်ပြုချက်- ၅၀၁၀၄၈၀၆၀၉ |

www.burmeseclassic.com

www.burmeseclassic.com

# ချစ်သူလုဘက်တို့ရဲ့ လေးတော်တင်ခန်း

ပဒ္မမံဒီရိုင်း

www.burmeseclassic.com

www.burmeseclassic.com

ရှိတ်စပီးယားဟာ

သူ့ခေတ်မှာ

ရှိတ်စပီးယားဖြစ်လာလိမ့်မယ်လို့

မသိဘဲနဲ့ကို

သူ့အလုပ်တွေ သူလုပ်ခဲ့တာ

(ကော်လက်)

ပန်အောင်စာပေ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



- ၁ -

မနက်ခင်းများသည် အတော့်ကို ကြည်နူးစရာကောင်းသည်ဟု ပြောကြပါသည်။

သို့သော် အဲဒါတွေကို ကျွန်တော်မသိပါ။

ဘာကြောင့်လဲဆိုလျှင် ခန့်မှန်းထက်ဆိုသော ကျွန်တော်သည် နံနက် (၁၀)နာရီလောက်ရောက်မှ အိပ်ရာထလေ့ရှိသောကြောင့်ပင် ဖြစ်သည်။

❒

အခုလည်းကြည့်ဦး။ အိပ်ကောင်းနေတုန်း အိပ်မက်ကောင်း နေတုန်းမှာမှဖြစ်တာ။





အိပ်မက်ထဲမှာက ဒီလို . . . ဒီလို . . .

× × ×

မော်ဒယ်လုပ်မလား။ ဒါမှမဟုတ် မင်းသမီးလုပ်မလား။ ကမ္ဘာ့ရုပ်ရှင်တီဗွီကြည့်ပရိသတ်တွေ ကြိုက်ပါတယ်ဆိုတဲ့ ကိုရီးယားမင်းသမီးတွေတောင် ငိုင်သွားလောက်မယ့်ကမ္ဘာကျော် ရုရှားတင်း နစ်မယ် ရှာရာပိုဗာလေ ရန်ကုန်မြို့ကိုအလည်ရောက်လာပါသည်။

သူမရဲ့ နောက်မှာကြည့်ပါဦး။ အားကစားဂျာနယ်လစ်တွေ အင်တာဗျူးဖို့ ပြေးလိုက်နေကြသည်။

ရှာရာပိုဗာက တားတွေကို ကျော်လွှားပြီး ရန်ကုန်မြို့၏ လမ်းမတွေပေါ်မှာ ဖြတ်ပြေးလို့နေ . . . ။

သူမနောက်က ဓာတ်ပုံမီးရောင်တွေက တဖျပ်ဖျပ် . . . ။

"Oh!!"

ရှာရာပိုဗာရဲ့ နှုတ်ခမ်းပါးက ရေရွတ်လိုက်သည်။ ခြေထောက်က ပြေးရင်းလွှားရင်း ခလုတ်တိုက်မိလို့ နာကျင်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာက သံပရာသီးစားမိသလိုမျိုး ရှုံ့တွသွားသည်။

တကယ်ဗျာ။ ရှာရာဗိုတာ ခြေထောက်နာလို့ မျက်နှာမဲ့ပုံက ဒီက ကောင်မလေးတွေရဲ့ အမူအရာမျိုးနှင့် ထပ်တူညီနေသည်။

မိန်းမသားတွေ မျက်နှာမဲ့ပုံက တစ်ကမ္ဘာလုံးမှာ အတူတူပါပဲလား။

'Oh!! ဘုရားသခင်'

ရှာရာဗိုတာ၏ ဒုတိယမြောက် ရေရွတ်သံဖြစ်ပါသည်။

သူမ၏ လှပသော ခြေချောင်းလေးတွေကိုကြည့်ပြီး တစ်စုံတစ်ခုကြောင့် စိတ်ပျက်သွားသည်။

ဟုတ်ပါသည်။ ရှာရာဗိုတာမှမဟုတ် မည်သည့်ကောင်မလေးများမဆို သည်အတိုင်းဖြစ်မှာ။

ဖိနပ်ပြတ်သွားလို့ပါ။

မိန်းမသားတစ်ဦးအဖို့ ဖိနပ်ပြတ်သွားလို့ ဖိနပ်မပါဘဲ မြို့လယ်ကောင်မှာ တစ်ယောက်တည်း လမ်းမလျှောက်ရဲတာက သေချာပါသည်။





ဟိုကြည့် ဒီကြည့်နှင့် ရှာရာဗိုတာမျက်နှာမှာ ဝင်းလက်သွားသည်။

သူမအေးနားမှာက 'စင်ဒရဲလား' ဖိနပ်ဆိုင်။

ဖိနပ်ဆိုင်ထဲကို ရှာရာဗိုတာဝင်လာသည်။

ကျွန်တော်က အရောင်းကောင်တာကနေ ရှာရာဗိုတာနားသွားရင်း-

'ဖိနပ်ပြတ်သွားလို့လား ရှာရာဗိုတာ'

'ဟုတ်တယ်'

'တော်သေးတာပေါ့ ဖိနပ်ဆိုင်ရှေ့မှာဖိနပ်ပြတ်လို့ရှင်'

'ဘယ်ဖိနပ်စီးချင်လဲ'

'နိုင်ငံခြားဖိနပ်တွေကတော့ တို့မစီးချင်ဘူး။ နိုင်ငံခြားဖိနပ်တွေက ဟိုမှာဝယ်လို့ရတယ်။ ဒီတော့ မြန်မာပြည်မှာ လူစီးများတဲ့ ခုံဖိနပ်တစ်ရံပေးပါ'

'ဟိုက်ရှားဘား'

အိပ်မက်ထဲမှာ ကျွန်တော် အော်မိလိုက်သည်။

ရှာရာဗိုတာနှင့် ကျွန်တော် ပြောနေကြသည့် စကား



www.burmeseclassic.com

www.burmeseclassic.com



တွေက မြန်မာလိုဖြစ်ပြီး ရှာရာဗိုဟာက ခုံဖိနပ်စီးချင်နေသည် ဆိုတာကလည်း အိပ်မက်က အတော်ထူးဆန်းနေပါသည်။

'ဒီနေရာမှာ ခဏလေးစောင့်ပါ ရှာရာဗိုဟာ'

ရုပ်ရှင်တွေထဲကလို 'ဗိုးခနဲ' ဆိုသလိုမျိုး သိမ်ကြီးဈေးထဲ ကျွန်တော်ရောက်သွားသည်။ 'ဗိုးခနဲ' ဆိုသလိုမျိုး ကျွန်တော့်ဆိုင်ထဲ ပြန်ရောက်လာသည်။ ကျွန်တော့်လက်ထဲမှာ သစ်သားခုံဖိနပ်တစ်ရံ ကိုင်ထားသည်။

တကယ်ပါ အိပ်မက်ထဲမှာ ကျွန်တော်သည် စူပါမင်းလို ဖြစ်နေပါသည်။

'စီးကြည့်ပါဦး ရှာရာဗိုဟာ။ ရော့- ဒါပါဆောင်ထား။ ဒီ ဟန်းဒီးပလပ်ပလာစတာက ခုံဖိနပ်ပေါက်ရင် ခြေထောက်မှာ ကပ်ဖို့'

ရှာရာဗိုဟာက ခုံဖိနပ်ကိုစီးရင်း ကျွန်တော်ပေးသော ဆေးပလာစတာကိုယူပြီး ကျွန်တော့်ကို ကြည့်လိုက်သည်။

ရုပ်ရှင်တွေထဲကလိုဆိုရင် သည်နေရာမှာ နောက်ခံအချစ် သီချင်း Play Back ဆိုလိုက်ရုံပင် ဖြစ်ပါသည်။





'တို့လှလား'

'လှသမှ လွှတ်လှတဲ့ ရှာရာဗိုဟာ'

ယခုလိုအချိန်မှာ ဓာတ်ပုံ ဒစ်ဂျစ်တယ်ကင်မရာ တစ်လုံး ကျွန်တော်ရှိချင်ပါသည်။

ရှိလို့ကတော့ ကမ္ဘာကျော်တင်းနစ်အလှမယ် ရှာရာဗိုဟာကို ခုံဖိနပ်စီး ဓာတ်ပုံအလှရိုက်တဲ့ ပုံတွေကို မူပိုင်လုပ်ပြီး ကမ္ဘာကို ရောင်းစားလို့ကတော့ ဘီလ်ဂိတ်ဆိုသည့် သန်းကြွယ်သူဌေးကြီးတောင် အဝေးကြီးကိုင်းကြီးကြီးမှာ သွားနားနေလို့ရတာက အမှန်ဖြစ်ပါသည်။

ဆုလည်း တောင်းပါသည်။ ခုံဖိနပ်စီးပြီး ချော်မလဲပါစေနှင့်။ ဖိနပ်မပေါက်ပါစေနှင့် ရှာရာဗိုဟာ။

'ဟော့ယူ - ဖိနပ်ဖိုး ဘယ်လောက်လဲ။ ဒေါ်လာနဲ့လား၊ မြန်မာငွေနဲ့လား'

'နိုး- နိုး ရှာရာဗိုဟာ။ ဒါ တို့ရဲ့ လက်ဆောင်'

'Thank you တို့သွားမယ်'

'ယူ့အတွက် တို့ရဲ့လက်ဆောင်'



www.burmeseclassic.com

www.burmeseclassic.com



'ရွှတ်'

ရှာရာဗိုဟာက ကျွန်တော့်လက်ကို နမ်းလိုက်ပါသည်။ နွေးလိုက်တာ။ ရှာရာဗိုဟာ၏ နှုတ်ခမ်းက ထွက်လာသည့် အငွေ့က ခပ်နွေးနွေးရေနွေးနှင့်စိမ်ထားသည့်အဝတ်ကို ကျပ်ပူထူးလို့ခံစားရသည့် အရသာမျိုးဖြစ်နေပါသည်။

ကျွန်တော့်ရင်ထဲတွင် သိမ့်ခနဲ သိမ့်ခနဲ။

'ဂေါက်-ဂွပ်'

'ဂေါက်-ဂွပ်'

ကျွန်တော့်ဖိနပ်ဆိုင်ထဲကနေ ရှာရာဗိုဟာခုံဖိနပ်စီးပြီး ထွက်သွားသည့်အခါ ခုံဖိနပ်သံက ဆိုင်ထဲမှာ ပဲ့တင်ထပ်နေပါသည်။

ရှာရာဗိုဟာ နမ်းသွားသော ကျွန်တော့်ညာဘက်လက်ကလေးကိုကြည့်ပြီး ကျွန်တော် တစ်ခုခုကိုတော့ လွမ်းရပ်တော့မည်။

အိပ်မက်ထဲမှာ လွမ်းမလို့ လုပ်နေတုန်းမှာပဲ-

□





'ပျော်-ပျော်-ပျော်သလားဟေ့

ပျော်သလားဟေ့

အပေါင်းအသင်းတွေ

ရွှေလမ်းခင်းမလေ

ငွေလမ်းခင်းမလေ

အဖေကျော်နဲ့ ကြက်ပွဲလောင်းကြမယ်ဟေ့

ငွေလိုရင် ငွေရမယ်

ရွှေလိုရင် ရွှေရမယ်

စိန်လိုရင် စိန်ရမယ်

ကိုကြီးကျော်တ မပေါ့မယ်

ကိုကြီးကျော်တ မပေါ့မယ်'

'ဟေး- ဒါမှ တို့ကိုကြီးကျော်'

'ဝါးလားလား'

'ဟေး - တိန် ဖျောင်-ဖျောင်'

နတ်ဒိုးသံတွေ၊ သီချင်းအကျယ်ကြီးဖွင့်သံတွေ၊ လက်ခုပ်သံတွေ၊ အော်သံတွေကြောင့် ကျွန်တော့်နားထဲ ဗုံးတွေ



www.burmeseclassic.com

www.burmeseclassic.com



အဆက်မပြတ် ကြုံလိုက်သလိုမျိုးခံစားလိုက်ရပါသည်။

အိပ်မက်ကလေးနှင့် ရှာရာဗိုဟာကို နှမြောတသ နေမိပါသည်။

'ဩော်'

အိပ်ရာကထပြီး အိမ်ရှေ့ခန်းသို့ ကျွန်တော်ထွက်လာတော့ တွေ့လိုက်ရသည့် မြင်ကွင်းကြောင့်ပါ။

အိမ်၏ဧည့်ခန်းမှာ နတ်ကနားမကာရုံတစ်မည်ပါပဲ။

ဘုရားစင်မှာကလည်း ဆွမ်းအပြည့်ကပ်ထားသည်။ ဘုရားစင်ဘေးက ကိုကြီးကျော်နတ်စင်မှာကလည်း Red Label၊ ကြက်ကြော်၊ စီးကရက်။ စုံသမှ City Mart တစ်ခုလုံး နတ်စင်ပေါ်ရောက်နေသလိုပင် ဖြစ်သည်။

ဦးလေး ဦးကျော်သီဟက ကက်ဆက်ကို အကျယ်ကြီးဖွင့်ပြီး ဘောလုံးကို လေထိုးထားလို့ ပူနေသလိုမျိုးရှိနေသည့် သူ့ဗိုက်ကြီးကိုရှေ့ထုတ်ပြီး ကနေတာက တကယ့်နတ်ကတော်ကြီးတစ်ဦး မာမီကြီးတစ်ဦးလိုမျိုး ဖြစ်သည်။

ဟိုနှစ်ကောင်။ ကျွန်တော့် သူငယ်ချင်းတောက်ထွန်းနှင့် မြင့်ငြိမ်တို့ကလည်း လက်ခုပ်လက်ဝါးတီးနေလို့။

သူတို့က လက်ခုပ်တီးချင်တာလည်း မပြောပါနှင့်။ နတ်စင်ပေါ်မှ Red Label ပုလင်းက မျက်စပစ်နေ၊ မြူဆွယ်နေသောကြောင့်ပင် ဖြစ်သည်။

Red Label ၏ ဖြားယောင်းသွေးဆောင်မှုအောက်မှာ သည်နှစ်ယောက် ရေရေလည်လည်ကြီး ချကျွေးခံနေရပြီ။

ကျွန်တော် မျက်နှာသစ်၊ ရေချိုးပြီးတာတောင် ဦးလေး ဦးကျော်သီဟတို့နတ်ပွဲက မပြီးသေး။ ဟိုနှစ်ယောက်ကလည်း လက်မညောင်းဘူးလားမသိ။

'တောက်ထွန်းနဲ့ မြင့်ငြိမ် ဆိုင်သွားဦးလေ'

ကျွန်တော့်ကို သူတို့နှစ်ယောက်က တအံ့တဩနှင့်ကြည့်နေသည်။ ကျွန်တော်ကပဲ ဂြိုဟ်သားဖြစ်နေသလိုလို။

'ခန့်မင်းထက် . . . မင်းဘာကြောင်တာလဲ။ တစ်သက်လုံး အိပ်ရာက စောစောမထတဲ့ကောင်။ ဒီနေ့ ဘာနေ့လဲ'

'ဘာနေ့မို့လို့လဲ'

'သီတင်းကျွတ်လပြည့်နေ့ကွ။ ဆိုင်ပိတ်တယ်။ မနေ့က







www.burmeseclassic.com

www.burmeseclassic.com



မင်းဖြင့် ဆိုင်ကိုမလာဘဲနဲ့'

တောက်ထွန်းက ကျွန်တော့်ကို စကားပြောနေပေမဲ့ မြင့်ငြိမ်ကတော့ နတ်စင်ပေါ်က Red Label ပုလင်းဆီမှာ သူ့မျက်လုံးက ဘောလုံးပွဲတစ်ပွဲမှာ ဒိုင်လူကြီးက ကစားသမားကို အနီကတ်ပြဖို့ ဂရုတစိုက် ကြည့်သလိုမျိုး ဖြစ်နေသည်။

'တော်ကြပါဦးကွာ။ လေးလေးကို သောက်ရေတစ်ခွက်လောက်ပေးပါ'

နတ်ကနား ကပြီးသွားလို့ ဦးလေးဦးကျော်သီဟခများ တစ်ကိုယ်လုံး ချွေးတွေက ရွှဲနစ်နေသည်။

ဆိုဖာကုလားထိုင်ပေါ် ပစ်ထိုင်ချလိုက်ပြီး ပြောလိုက်ပုံက ဝက်ကြီးတစ်ကောင် တုံးလုံးလှဲချသလိုမျိုးပြောရမလိုပင်။

'လေးလေးရာ၊ ဒီလောက် ကက်ဆက်အကျယ်ကြီး ဖွင့်တာ၊ ကျွန်တော့်အိပ်မက်တောင် နှောြာမိတယ်။ အိပ်မက်ထဲမှာ ရှာရာဗိုဟာက ကျွန်တော့်ကို အလွမ်းတွေပေးသွားတာဗျ'

'တော်တော့ ခနဲ့မင်းထက်၊ ဒီနေ့လို မင်္ဂလာရှိတဲ့နေ့မှာ





လေးလေး ဘုရားကို ဆွမ်းတော်ကြီးတင်ပြီးပြီ။ ကိုကြီးကျော်ကိုလည်း ဆက်ပြီး ကပ်ပြီးပြီ။ ကိုကြီးကျော်အကြိုက် မျှော်တော်ဆက် ကပြီးပြီ။ ဒီတော့ မင်္ဂလာတွေရှိနေတဲ့အချိန်မှာ လွမ်းတဲ့အကြောင်းတွေ မပြောပါနဲ့တော့ကွာ။ ဒီနေ့ လေးလေး၊ ဥပုသ်စောင့်မယ်။ တကယ်တော့ အခုချိန်ခါမျိုးမှာ ကိုယ့်သား ကိုယ့်သမီးတွေသာရှိရင် ကိုယ့်ဇနီးမယားနဲ့ ကိုယ့်ကို လာကန်တော့ကြ၊ ကိုယ်နဲ့ ဇနီးဖြစ်သူက ဆုတွေ မုန့်ဖိုးတွေပေးနဲ့၊ လွန်ခဲ့တဲ့နှစ်အစိတ်လောက်ကသာ အိမ်ထောင်ပြုရင် အခုဆို မင်းအရွယ်လောက် လေးလေး သားသမီးတွေရှိပြီ'

ကျွန်တော်မှားပါပြီ။ ဦးလေးဦးကျော်သီဓ၏ အတိတ်ကို ဂေါ်ပြားနှင့် သွားတူးပေးမိလိုက်သည်။

'ဟ- ဒါဆို လေးလေးမှာ မြတ်နိုးသူရှိခဲ့ဖူးတာပဲနော်'

'ရှိတာပေါ့ မောင်တောက်ထွန်းရယ်'

'ဒါဆို ပြောပြပါလား လေးလေးရယ်'

တောက်ထွန်းကို ကျွန်တော်ပြေးသာ ရော်နယ်ဒို ဂိုးသွင်းသလိုမျိုး ကန်ပစ်လိုက်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ပြောထားဖူးလို့ အပ်ကြောင်းထပ်နေတာတောင် ဒီကောင်က သိချင်နေသေးသည်။

မြင့်ငြိမ်က မျက်စိတစ်ဖက်မှိတ်ပြသည်။

'မောင်တောက်ထွန်းရေ နတ်စင်ပေါ်က Red Label ပုလင်း စွန့်လိုက်ကွာ။ ဒီည မင်းတို့ သောက်ကြစားကြပေါ့ကွာ'

'ဟုတ်ကဲ့လေးလေး'

တောက်ထွန်းတို့များ မြန်လိုက်သည့်လက်။ နတ်စင်ပေါ်က Red Label ပုလင်းကို ယူလိုက်ပုံများ စပယ်ယာလက်နှင့် နင်လားငါလား ပင်။

ကျွန်တော့်ခမျာ ခွင်ဆင်ခံလိုက်ရသည်။ သည်နှစ်ကောင် Red Label ပုလင်းရဖို့အရေး ကျွန်တော့်မှာ ဇာတ်ပျိုးသူ ဖြစ်ရရှာသည်။

'ဒီလိုကွ လေးလေးလေ . . .'

ခန္ဓာကိုယ်နှင့် မလိုက်ဖက်လှအောင် လေးလေး ဦးကျော်သီဟ၏ မျက်နှာက အလွမ်းတွေဖြစ်သွားသည်။ ရုပ်ရှင်ထဲက





ဦးမိုးဒီ အမူအရာမျိုးနှင့် တစ်ထပ်တည်း။

တောက်ထွန်းက Red Label ပုလင်းကို ပိုက်ထားသည်မှာ ကိုယ့်ရည်းစားကို မြတ်မြတ်နိုးနိုး ထွေးပွေ့ထားသလိုပင် ဖြစ်နေသည်။

'တက္ကသိုလ်မှာတုန်းက လေးလေးမြတ်နိုးရသူတစ်ဦးရှိတယ်ကွာ။ အဲဒီတုန်းက လေးလေးက ဒီလိုပုံ ဘယ်ဟုတ်မလဲ။ လေးလေးမှာ ရုပ်ကလည်းရှိ ပညာကလည်းတတ် ကြိုက်သူကပေါပေါ့။ ဒါပေမဲ့ ဘယ်အမျိုးသမီးကိုမှ လေးလေး ချစ်ခွင့်မပန်ခဲ့ဘူး။ မထင်မှတ်ဘဲ အဆောင်ဖင်နာမှာ မြတ်နိုးရမယ့် ချစ်သူကို တွေ့ခဲ့တယ်။ ဒီအချိန်မှာ လေးလေးလိုပဲ ပြိုင်ဘက်တစ်ဦးက ပေါ်လာတယ်။ ဒီကောင်က လေးလေးဟာ နတ်ကိုးကွယ်တယ်။ အရက်သောက်တတ်တယ်ဆိုပြီး လေးလေးမြတ်နိုးတဲ့သူကို ကုန်းတိုက်တယ်။ လေးလေးရဲ့ မြတ်နိုးသူက ဘုရားတလွဲဖြီး ဘာမှ မကိုးကွယ်သူ၊ အရက်သောက်တာမကြိုက်သူဆိုတော့ ဟိုတုန်းချောတဲ့ကောင်စကားနားထောင်ရင်း လေးလေးကို ငြင်းတယ်။ ခံပြင်းစရာကွာ'

ပန်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို အဲဒီလေးလေးရဲ့ မြင်းဘက်နဲ့ လေးလေးမြတ်နိုး သူ ညားသွားတာပေါ့ ဟုတ်လား'

'တော်! တိတ်!'

ရှုတ်တရက်ဆိုသလို မြင့်မြိမ်၏စကားကို လေးလေး ဦးကျော်သီဟက ဒေါသတကြီး ပြောလိုက်သည်။

'ဘယ် ညားရမှာလဲ။ ဒီလို သူတစ်ပါး ချောက်တွန်းတဲ့ ကောင်ကို ယူစရာလား၊ လေးလေးမြတ်နိုးသူက နိုင်ငံခြားထွက် သွားတယ်လို့ ကြားရတယ်။ ဒီကောင်သာ ဝင်မရှုပ်ကြည့် လေး လေး ဘဝဟာ စိုပြည်နေပြီ။ ကြည့်စမ်း။ လေးလေးမှာ နယ် မှာ မိဘလုပ်ငန်းတွေ အမွေရတာတွေရယ်၊ ခန့်မင်းထက်မိဘ နဲ့ စီးပွားရေးပေါင်းလုပ်တော့ အဲဒီ အကျိုးစီးပွားကို ခွဲဝေ ပေးတယ်။ ရန်ကုန်မှာ ခန့်မင်းထက်နဲ့ လေးလေး အေးအေး ဆေးဆေးနေနိုင်တယ်။ လေးလေးရဲ့ အစ်ကိုအကြီးဆုံးကဆို လေးလေးကို ကလေးလေးလိုပဲ။ ဒီတော့ လေးလေးဘဝမှာ ဘာလိုလဲ။ လိုတာတအချစ်။ ဘာဖြစ်လဲ လေးလေး နုတ်ကိုး ကွယ်တာ၊ ကိုယ်တော်တွေကို ကိုယ့်ထက်အသက်ကြီးလို့ အရို





အသေပေးတာ။ ဒါအဖြစ်လား။ ကိုယ့်ပိုက်ဆံနဲ့ ကိုယ့်အိမ်မှာ ယမတာမှိုဝဲတာကကော'

ဦးလေးဦးကျော်သီဟ အတော်မောသွားသည် ထင်ရ ပါ၏။ ရေသန့်ဘူးကိုဖွင့်ပြီး ဖန်ခွက်ထဲရေထည့်၊ နှစ်ခွက်ခန့် သောက်ချလိုက်သည်။

'ရပ်ကွက်အတွင်းရှိ ဓမ္မမိတ်ဆွေ သူတော်စင် အ ပေါင်းတို့ခမျာ ယနေ့ သီတင်းကျွတ်လပြည့်နေ့ မနက်(၁၀) နာရီခွဲမှာ သီလပေးမှာဖြစ်သဖြင့် ဆရာတော်ဘုရားလည်း ကြွရောက်လာပါသောကြောင့် သီလတရားနာယူရန် ဖိတ်မန္တက ပြုအပ်ပါတယ်'

'ကဲ-ကဲ၊ နေကြဦးဟေ့။ လေးလေး သီလယူဖို့ ရပ်ကွက် ထိပ် ဓမ္မာရုံသွားလိုက်ဦးမယ်။ နောက်မှ ဆက်ပြောမယ်'

ထခုန်မတတ် ဝမ်းသာမိပါသည်။ ရပ်ကွက်ဓမ္မာရုံ လော်စပီကာကအသံ ဝင်ကယ်ပေလို့သာ။

ကျွန်တော့်ဗိုက်ထဲက ဆာနေပြီ။ လမ်းထိပ် လက်ဖက် ရည်ဆိုင် စားပွဲဝိုင်းက မျှော်နေလောက်ပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



□

လက်ဖက်ရည်ဆိုင်သည် ရိုပ်သာတစ်ခုလို ငြိမ်သက်တိတ်ဆိတ်နေသည်မှာ အတော့်ကို ထူးခြားလို့နေသည်။

'ဗျို့- ဦးသောကြာ၊ ဆိုင်က လူရှင်းလှချည်လား'

'ဟာ- ဒီလိုနေ့မျိုး ဘယ်သူက လက်ဖက်ရည်ဆိုင်ထိုင်မှာလဲ။ ဘုရားသွားသူသွား၊ ဖန်းခြံသွားသူသွား၊ လပြည့်နေ့ဆိုတော့ သီတင်းက ကျွတ်ဆိုတော့ မိဘဆွေမျိုး ကန်တော့သူသွားကန်တော့ဆိုတော့ ဘယ်လူရှိမလဲကွာ။ ဒါက ဘာလဲဆိုတော့ ဒီနေ့လိုနေ့မျိုးဟာ တို့မြန်မာလူမျိုးတွေအတွက်ဆိုတော့'

မြင့်ငြိမ်ဆိုသည့်ကောင် ကိုယ့်ဘာသာကိုယ် လက်ဖက်ရည်သောက်နေတာကို သွားပြီး စကားခင်းပေးလိုက်တာကိုတဦးသောကြာအတွက် စကားပြောဖော်ရသလိုဖြစ်သွားသည်။

'ကဲ- ဆိုတော့ ဦးသောကြာ ရပါပြီ။ နောက်မှပဲ ဆက်ဆိုတော့'

စကားစကို ကျွန်တော်ဖြတ်ချလိုက်ရသည်။

'တောက်ထွန်းနဲ့ မြင့်ငြိမ်။ မင်းတို့နဲ့ ငါ ဆွေးနွေးစရာရှိတယ်'

'ဘာဆွေးနွေးမှာလဲ ခန့်မင်းထက်ရ'

'ဒီလိုကွာ။ အခု ငါတို့ ဗီနပ်ဆိုင်ကို ငါသဘောမကျဘူး'

'ဟာ- ဘာကို သဘောမကျတာလဲ။ မင်းပဲ ဒါကို လုပ်ချင်ရဲ့ဆိုလို့ အစတင်းလုပ်တာလေ'

'မှန်တယ်ကွ။ ဒါပေမဲ့ ငါက ဆိုင်ရဲ့အနေအထားကို ပြန်ပြီး ပြင်ချင်တယ်။ သဘောကကွာ ဆိုင်မှာ နိုင်ငံခြားဆန်ဆန် အုတ်ဘောင်တွေလုပ်မယ်။ အဲဒီအပေါ်မှာ နမူနာဗီနပ်တစ်ရန်စီတင်ထားမယ်။ ဆိုင်ကို မီးတွေ ဘာတွေ အနုပညာမြောက်အောင် ဆင်ထားမယ်။ ငါမီးသမားတွေနဲ့ တိုင်ပင်မယ်။ ဆိုင်ကို ဘယ်လိုဘယ်ပုံအလှပြင်ရမလဲဆိုတာ ဗီမ်တွေ ဆိုင်တွေ အလှပြင်သူတွေနဲ့ ဆွေးနွေးမယ်။ ပြီးတော့ ဗီနပ်လာဝယ်သူမှန်သမျှ ကြိုက်တဲ့နမူနာဗီနပ်၊ ဘယ်ဗီနပ်ဖြစ်ဖြစ် စီးကြည့်ခိုင်းမယ်။ သူတို့ကြိုက်တဲ့ နံပါတ်ကို လက်ညှိုးထိုးပြီး ပြောပေါ့ကွာ။ ဒါဆို တခြားဗီနပ်ဆိုင်တွေနဲ့ မတူတော့ နည်းနည်း





www.burmeseclassic.com

www.burmeseclassic.com



လူစိတ်ဝင်စားပြီး ရောင်းအားကောင်းလာနိုင်တယ်။ ဆိုင်ရှေ့မှာ ဖိနပ်အကြီးကြီးတစ်ရန် ချိတ်ထားမယ်ကွာ။ ပြီးတော့ ငွေအနည်းငယ်ရှိလျှင် ဖိနပ်ကောင်းကောင်းစီးနိုင်ပါသည်ဆိုတဲ့ စာသားကို ဆိုင်အဝင်မှာချိတ်မယ်'

တောက်ထွန်းက ဘာအကြံမှမပေးဘဲ ဆေးလိပ်ကို တွင်တွင်ဖွာနေသည်မှာ မီးသဘောၤထွက်နေသလိုပင်။

'ခန့်မင်းထက်၊ ဒါဆို ဆိုင်အရင်းအနှီးက ကြီးပြီနော်။ မင်းတို့ ငါတို့ အမြတ်ကျန်ပါ့မလား'

'ဒီမှာ မြင့်ငြိမ်၊ မင်းအမြတ်များများလိုချင်သလား။ ဒါဆို စားသုံးသူအကြိုက်လိုက်ရမှာပေါ့။ ရန်ကုန်မြို့ထဲမှာ ဖိနပ်ဆိုင်တွေ အများကြီးရှိတာပဲကွာ။ ငါပြောသလိုမျိုး ဆိုင်ရှိလား။ အေး- ငါ့လုပ်ငန်းအောင်မြင်လာရင် ကိုယ်ပိုင်ဖိနပ်တွေထုတ်မယ်၊ နိုင်ငံခြားက ဖိနပ်တွေပုံစံယူပြီး ဒီမှာ ကတ္တီပါနဲ့ ပြန်လုပ်မယ်ကွာ'

'ဟုတ်တယ်၊ မြင့်ငြိမ်၊ ခန့်မင်းထက်ပြောတာ ဟုတ်တယ်။ ထူးခြားလာမှာပဲကွ။ ငါတို့ စမ်းလုပ်တာပေါ့။ အောင်





မြင်လာရင် ဟန်ကျပြီ။ ခန့်မင်းထက် အဲဒီ အစီအစဉ်ကို အသေးစိတ်ဆွဲကွာ'

'ဒီလိုဆို ငါ့ရဲ့အဖေနဲ့ အမေကို ဖုန်းဆက်ပြီးပြောပြမယ်။ ဦးလေး ဦးကျော်သီဟကိုလည်း တိုင်ပင်ရမယ်'

'မင်းဦးလေးက စိတ်ဝင်စားပါ့မလားကွ။ သူက နတ်ကမယ်၊ စကားပြောမယ်နဲ့ကွာ အကြံကောင်းရပ့ါမလား'

'ဒီမှာ မြင့်ငြိမ်၊ တစ်ခါတလေ အဲဒီလိုလူမျိုးတွေဆီကလည်း အကြံကောင်း၊ ဉာဏ်ကောင်းရတတ်တယ်ကွ'

ဦးသောကြာ၏ လက်ဖက်ရည်ဆိုင်မှာ သောက်လာသမျှ လက်ဖက်ရည်တို့ထဲတွင် ယနေ့သောက်ရသော လက်ဖက်ရည်သည် ကျွန်တော့်အတွက် ပိုမိုပြီး အရသာအရှိဆုံးဖြစ်နေပါသည်။

× × ×

www.burmeseclassic.com

ကမ္ဘာဦးအစမှာ

ဘုရားသခင်က

ရွှံ့စေးခွက်တွေ ဖန်တီးပေးလိုက်တယ်

လူတွေက အဝတွေကို

ရွှံ့စေးခွက်တွေထဲထည့်ပြီး

မော့သောက်ပစ်လိုက်တယ်။

(အင်ဒီးယန်း အမေရိကန်လူမျိုးစကားပုံ)

- ၂ -

**ကား**ကို အိမ်ရှေ့ဆင်ဝင်အောက်မှာ ရပ်လိုက်ပြီး အိမ်ထဲကို လှမ်းဝင်လာခဲ့တယ်။

နှာခေါင်းထဲမှာ ရေမွှေးအနံ့တွေကို တရစပ် ရှူရှိုက်နေမိရဲ့။ အနံ့က ပြင်းလွန်းလို့ ဘယ်ကလာသလဲကြည့်လိုက်တော့-

'ဦးလေးရယ် ဘယ်လိုဖြစ်တာလဲ'

'ငါ ဘာဖြစ်လို့လဲ ဝင်းအောင်ကြူရ'

အမေရဲ့မောင် ကျွန်တော့်ဦးလေး ဦးအောင်စိုးသူတစ်ယောက် ဟတ်ပင်၊ တီရှပ်နဲ့ လက်ထဲမှာလည်း ပိုက်ဆံအိတ်ကြီးကိုညှပ်လို့ တစ်ကိုယ်လုံး နှိုင်းထားလိုက်တာကလား။



www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းပြောင်နေတဲ့ထိပ်နဲ့ ဆံပင်ဖြူတွေကိုတောင်အားမနာဘူး။

'ရေမွှေးတွေ ဒီလောက်ဆွတ်တော့ ဦးလေးနော်။ သူများတွေ နံတုန်လိမ့်မယ်။ တော်ကြာ ဦးလေးကို မေတ္တာပို့ဦးမယ်'

'ဝင်းအောင်ကြူ မင်းက ငါ့ကို ဒီလို သပ်သပ်ရပ်ရပ်နေတာ မနာလိုဘူးထင်တယ်'

'မဟုတ်ပါဘူး။ ရေမွှေး ဒီလောက်ဆွတ်မှတော့ ပိုက်ဆံကုန်မှာပေါ့'

'မင်းကွာ ငါ့ရဲ့တူဖြစ်ပြီး 'အ'လှချည်လား။ ငါ့ပိုက်ဆံနဲ့ ငါ ဘယ်နခါများ ဝယ်ဖူးလို့လဲ။ မင်းရဲ့အခန်းထဲမှာ ရေမွှေးပါကင်ဘူးအသစ်တွေ့လို့ ဖောက်ပြီးဆွတ်တာလေကွာ'

'ဗျာ- ကျွန်တော့်အခန်းထဲက ရေမွှေး'

'ဟုတ်တယ်လေကွာ။ ဘာဖြစ်လို့လဲ'

'သွားပါပြီ ဦးလေးရာ။ အဲဒါ လက်ဆောင်ပေး လာဘ်ထိုးမလို့။ အခုရိုက်မယ့် Live Show အခွေမှာ ဈေးကွက်ဝင်မင်း





သမီးအဆိုတော်ကို ထည့်ပြီး ဆိုပြီး ရိုက်ခိုင်းမလို့ဟာ။ သူက ပဲကိုင်နေလို့ ရေမွှေးကြိုက်တယ်ဆိုလို့ နိုင်ငံခြားကနေ ရှားရှားပါးပါးမှာထားပြီး လက်ဆောင်ပေး လာဘ်ထိုးရမှာ။ သွားပါပြီဗျာ။ အဲဒါ တစ်ပုလင်း တစ်သိန်းခွဲရှိတယ်။ ဆွတ်ရုံလေး ဆွတ်ရတာ'

'ဟေ'

ကျွန်တော့်ခေါင်းထဲမှာ စားကုန်ပါပြီ။ ဒီလိုရေမွှေး ရဖို့ ဒီတစ်ရက် နှစ်ရက်အတွင်း အမြန်မှာရတော့မယ်။ Live Show ရိုက်ဖို့ကလည်း နီးနေပြီ။

'ဒါနဲ့ ဦးလေးက ဒီလောက်တောင် ရေမွှေးဆွတ်ပြီး ဘယ်သွားမလို့လဲ'

'မင်း မသိချင်နဲ့ကွာ။ လေးလေးက အကြော သိပ်တက်တတ်တယ်။ အကြောသွားဖြေမလို့'

'ဦးလေးနဲ့ အသက်အရွယ်ရ ဘုရားသွား၊ ဥပုသ်စောင့်ရမှာ'

'ဝင်းအောင်ကြူ မင်း ငါ့ကို ပုံသေနည်းတွေနဲ့ လာ



www.burmeseclassic.com

www.burmeseclassic.com



ပြောမနေနဲ့။ ငါ့ဘာသာငါ အေးအေးဆေးဆေးနေချင်လို့ လူ ပျိုကြီးလုပ်နေတာကွ'

အိမ်ထဲကနေ ခပ်သွက်သွက်ထွက်သွားတဲ့ ဦးအောင် စိုးသူကတော့ တကယ့်လူငယ်လိုပင်။

ကျွန်တော်လည်း ချက်ချင်းဆိုသလို ဟမ်းဖုန်းကိုနှိပ် ပြီးသော် မိုးနဲ့ ခိုင်စိုးကို ဖုန်းဆက်ခေါ်လိုက်ပါတယ်။

အရေးထဲ ရေမွှေးမှာပေးသူဆီပါ ဖုန်းဆက်ရပါသေး တယ်။ ဒါကလည်း အရေးကြီးလို့ပါ။

အဆိုတော် မင်းသမီးကို ဒီရေမွှေးနဲ့ ချဆီထည့်ရမှာ မို့လို့လေ။

× × ×

'ပြောစမ်း သူငယ်ချင်း

သူငယ်ချင်း ငါ့ကိုပြောပါ

ဘာကိစ္စနဲ့ မင်းက ဖုန်းဆက်

ဖုန်းဆက် . . . ဖုန်းဆက်

ငါတို့လာတယ်





ကဲ- ပြောပါ - ပြောပါ'

အိမ်ထဲကို Hip Hop သီဆိုသူတွေလို ပါးစပ်က ရေရွတ် ရင်း သော်မိုးနဲ့ ခိုင်စိုးရောက်လာတယ်။

ပုံစံတွေကတော့ တကယ့် Hip Hop သမားတွေလိုပဲ။ ဦးထုပ်ကို ဘေးတိုက်ဆောင်း၊ အကျႌပွပွကိုဝတ်၊ ဘောင်းဘီက ဟတ်ပင်၊ ရှူးဖိနပ်ထူထူနဲ့ စတိုင်ကတော့ ကွက်တိပါပဲ။

'ဟေ့ကောင် - သော်မိုး။ မင်းပါးစပ်က ဟစ်ဟော့ပ် စာသား ရွတ်တာကို ခဏထား။ ဒီမှာ ပြဿနာက အထွတ် အထိပ်ရောက်နေပြီ'

'ဘာပြဿနာမို့လို့လဲ'

သော်မိုးက မေးလိုက်ပါတယ်။

'ငါတို့ အခုရိုက်တဲ့ Live Show အခွေမှာ ဈေးကွက်ဝင် အောင်လို့ နာမည်ကြီးအဆိုတော်ရုပ်ရှင်မင်းသမီးကို မပါပါ အောင်လုပ်ထားရတာလေကွာ။ အဲဒါ သူ့ကိုချဆီထည့်မယ့် ရေမွှေး ငါ့ဦးလေးက ဆွတ်သွားတယ်ကွာ။ ရှုံနေတာပဲ။ နိုင်ငံ ခြားက မှာရတာဆိုတော့ ငါမှာ ပြန်မှာရတာပေါ့ကွာ။ ဒီရက်

www.burmeseclassic.com



ထဲမှာ ရောက်မှ။ Live Show ရိုက်ဖို့ကလည်း နီးနေပြီ'

'ပျော့ကောင် ဝင်းအောင်ကြူ ဘာမှမပူနဲ့။ Live Show တိစ္စက တို့က ပရိသတ်ကို လက်မှတ်မရောင်းဘဲ စာနယ်ဇင်းက စာနယ်ဇင်းသမားတွေကော သိတဲ့ခင်တဲ့ ပရိသတ်တွေပဲ ဖိတ်ပြီး ရိုက်မှာဆိုတော့ သိပ်ခေါင်းမစားဘူးကွ'

'အေးကွာ၊ ငါတို့ "ဂီတလမ်းမ"တေးထုတ်လုပ်ရေးက ထုတ်လုပ်တဲ့အခွေတွေက ပေါက်တော့ ဒီအခွေလည်း ပေါက်ဦးမှာပဲ သော်မိုးရဲ့'

ခိုင်စိုးက ဘောင်းဘီအိတ်ကပ်ထဲက ပီကေတစ်ခုကို ထုတ်ဝါးရင်းက-

'အခွေက ပေါက်တော့ ပေါက်ပါတယ်ကွာ။ ဒီနေ့ အခွေထွက် တစ်နာရီတောင်မကြာဘူး၊ ခိုးကူးအခွေတွေက လမ်းပေါ်ရောက်ဆိုတော့ ငါတို့ရမယ့်အမြတ်တွေ သူများတွေကို ခွဲဝေပေးရသလို ဖြစ်နေပြီ ဝင်းအောင်ကြူရ'

'ခိုင်စိုးပြောတာ ဟုတ်တယ် ဝင်းအောင်ကြူ၊ ငါ တစ်ခုစဉ်းစားမိတယ်။ အခွေထုတ်တဲ့ ငါတို့အပါအဝင်ထုတ်





လုပ်သူတွေက တစ်ခွေကို ငါးရာလောက်ရောင်းမယ်ဆိုရင်တောကွာ၊ ဒါဆို ခိုးကူးခွေဝယ်တဲ့သူတွေက မူရင်းဈေးလည်း ဒီလောက်ပဲဆို ပျောက်သွားနိုင်တယ်နော်'

သော်မိုးက ကျွန်တော့်ဆီက ထွက်လာမယ့် စကားသံကို မျှော်လင့်နေတယ်။

'ခွက်တစ်ခွက်ဟာ ရေမထည့်ထားရင် ဗလာနတ္ထိပဲကွ၊ အဲဒီခွက်ကို မှောက်လို့ရတယ်။ ရေထည့်လို့ရတယ်၊ ကောင်းခြင်းတွေပြည့်နေတယ်ဆိုတဲ့သဘောပေါ့ကွာ။ ငါတို့ စီးပွားရေးဟာလည်း ခွက်လိုပဲပေါ့ကွာ။ ငါက ခွက်ထဲရေပြည့်ရင်တော်ပြီ။ ခွက်ထဲက လျှံကျသွားတဲ့ရေတွေမရရင်နေ၊ အဲဒီရေတွေယူချင်တဲ့သူ ယူပေါ့ကွာ။ ငါတို့လုပ်တဲ့ စီးပွားရေးဟာ ခွက်ထဲရေပြည့်ဖို့ပဲ၊ တော်ပြီ'

ကျွန်တော်က နှစ်ပေစလောင်းကို ဖွင့်လိုက်တယ်။

MTV လိုင်းက West Life အဖွဲ့လာနေတယ်။

'တွေ့လား စတိုက်အဆင်အပြင်၊ အဲဒါမျိုးက ဒီမှာ သုပ်သင့်သလောက်လုပ်နိုင်တယ်။ ငါ စတိုက်ဒီဇိုင်နာနဲ့ နည်း



www.burmeseclassic.com

www.burmeseclassic.com



နည်းစကားပြောပြီး ဆွေးနွေးကြည့်ဦးမယ်'

'ဝင်းအောင်ကြူ ဒါဆိုလည်း မြန်မြန်လုပ်နော်။ ရက်က သိပ်မရဘူး။ အဆိုတော်တွေနဲ့ တီးဝိုင်းနဲ့က သီချင်းတိုက်ရဦးမယ်'

'ကိစ္စမရှိဘူး ခိုင်စိုး။ အရေးကြီးတာက ရေမွှေး၊ ရေမွှေးရဖို့ပဲ'

'ဟုတ်တယ်။ ဒီလောက် Live Show ကိစ္စကို စီစဉ်ပြီးခါမှ ရေမွှေးတစ်ပုလင်းရယ်ကြောင့် ရွှေမင်းသမီး စိတ်ကောက်တော်မူမှာ စိုးပါရဲ့'

မသိမသိုင် ဦးလေးဦးအောင်စိုးသူရဲ့ မျက်နှာကြီးကို မြေးမြင်လိုက်သေး။

အခုလောက်ဆို ခရီးအတော်ရောက်နေလောက်ပြီ။ အိတ်ကပ်ထဲက ခြူးဒင်္ဂါးတွေလည်း အပြင်ကို ခုန်ထွက်နေလောက်ပြီလို့။

× × ×



မြေပေါ်မှာ လောင်လားတဲ့အပ်နဲ့
မိုးပေါ်ကကျလာတဲ့အပ်
သုံးမှ သုံးတစ်ပါးရဲ့

www.burmeseclassic.com

www.burmeseclassic.com

- ၃ -

ပန်းချီဆွဲနေရင် အရာရာကို မေ့တယ်လို့ ဘယ်သူ ပြောသလဲမသိပါ။ မနက်မိုးလင်းတုန်းက ဒေါ်လေးမူယာခင် ကော်ဖီဖျော်တာ သကြားများလို့ ချိုသွားလို့ ကော်ဖီကို သွန်ပစ်ရတာလည်း မမေ့။

ညတုန်းက ကိုရီးယားဇာတ်ကားကိုကြည့်ရင်း သွေးကင်ဆာနဲ့သေသွားတဲ့ မင်းသမီးကိုသနားတဲ့ အဖြစ်ကိုလည်း မမေ့။

ဒါ့အပြင် အန်ကယ်ဦးဘတုတ် မနက်စောစော ခြံထဲက သရက်သီးတွေ လမ်းမကို ကြွေကျလို့ လမ်းသွားလမ်းလာတွေ တွေ့လို့ကောက်တာကို ဦးဘတုတ် ရန်ထွက်ဖြစ်တာ ချက်





ခြင်း ပူပူနွေးနွေးအဖြစ်ဆိုတော့ ပန်းချီဆွဲနေတဲ့အချိန်မှာ ဘယ်လိုမှ မေ့လို့မရ။

'ပွမ် - ပွမ် - ပွမ်'

ဟော- ဟောဒီလို ကားဟွန်းသံ သုံးချက်တီးတာလည်း ဘယ်မေ့လို့ရမလဲ။

ဒါ သူငယ်ချင်း ဝေမာချိုရဲ့ CODE ပဲ။ ဘာအကြောင်းနဲ့ အိမ်ရောက်လာပါလိမ့်။

'ဟေ့- ဒေဝီခင်၊ ဒီမှာ ဖိတ်စာ။ ငါ့အစ်ကိုဝမ်းကွဲနဲ့ သူ့သူငယ်ချင်းတွေ Live Show ရိုက်မယ်'

ဝေမာချိုရဲ့ စကားသံနားထောင်ရင်း ပန်းချီကားပေါ် စုတ်တံနဲ့ ဆေးဆက်ခြယ်နေမိတယ်။

'ဟဲ့-ဒေဝီခင်၊ ငါလာမှ ပန်းချီထဲစိတ်ဝင်စားချင် ယောင်ဆောင်မနေနဲ့။ နင့်ပန်းချီကားက ဘာမှလဲမဟုတ်ဘူး။ ဟိုခြစ်၊ ဒီခြစ်နဲ့ ဒါ မော်ဒန်ပန်းချီလား'

'ဟဲ့- အစုတ်ပလုတ်မရဲ့။ ပီကာဆိုဝလုံးရေးတာနဲ့ ဆလေးတစ်ယောက် ဝလုံးရေးတာချင်းမှ မတူတာ။ နင်က



www.burmeseclassic.com

www.burmeseclassic.com



ဒီ ပန်းချီကားကို ဟိုဖြစ်၊ ဒီဖြစ်လို့ ထင်ပေမဲ့ ငါက ဒီလိုဆွဲတာ ခံစားပုံချင်းမတူဘူးလေ'

'ခံစားပုံချင်းတူတာတော့ ရှိတယ်။ အဲဒါက ဒီမှာ ဒေဝီခင် အခု Live Show က လက်မှတ်မရောင်းဘူး၊ သိတဲ့သူ ချည်းဖိတ်တာ အဲဒီမှာ အဆိုတော်ရုပ်ရှင်မင်းသမီးလည်းပါမယ်။ နင် သူ့သီချင်းတွေနဲ့ ကာရာအိုကေမှာ ဟစ်နေတာလေ'

'ဟယ်- ဟုတ်လား။ အဲဒီမင်းသမီးပါမယ်ဆိုရင်တော့ ငါကြည့်မယ်။ ဘယ်နေ့လဲ'

'နက်ဖြန် ညနေ'

'ဟယ်- ညနေပိုင်းလား ဝေမာချို၊ ဒါဆို ဒေါ်လေး လည်း လိုက်မယ်'

သွားပါပြီလို့ ကျွန်မ ရေရွတ်ရတော့မလိုပါပဲ။ ဘယ်ကနေဘယ်လို ကြားသွားတယ်မသိ။ ဒေါ်လေးမှုယာခင်တစ်ယောက် ဝမ်းသာအားရနဲ့ အော်ပြောလိုက်တာပါ။

'ဟို Hip Hop CONCLUSION အဖွဲ့ကောဝါလား'

'ပါတယ်။ ဒေါ်လေးမှုယာခင်'





'ဒါဆို သိပ်ကောင်းပေါ့ ဝေမာချိုရယ်။ အဲဒီ CONCLUSION အဖွဲ့က ကောင်လေးတွေက ကိုရီးယားမင်းသားတွေလိုပဲ ချောမှချော။ ဟဲ့- ဟိုအသံကွဲ ရှတတလေးနဲ့ အဆိုတော်ဖားလက်တက်လို အော်တာကွယ် သူကောပါလား'

'ပါတယ် ဒေါ်လေး'

'ဒါဆို အိုကေ'

အိမ်ထဲကို ဆယ့်ခြောက်နှစ်မလေးလို ခုန်ပေါက်ရင်း ပြေးဝင်သွားတဲ့ ဒေါ်လေးကိုကြည့်ပြီး ကျွန်မတော့ အတော်စားသွားပါတယ်။

'သွားပါပြီဟယ်။ ဒေါ်လေးမှုယာခင် လိုက်ကြည့်တာ က ကိစ္စမရှိဘူး။ သူက အရမ်းပေါက်ပေါက်ဖောက်တာ။ ဘယ်အဆိုတော်မ သီချင်းဆိုတာက ဘာဖြစ်တာ၊ ဝတ်တာက ဘယ်လိုဝေဖန်တာ၊ အဲ- သူကြိုက်တဲ့အဆိုတော်ယောက်ျားလေးတွေ ဖြစ်ရင် ဘယ်လိုတော်ကြောင်း ချီးမွမ်းတာ အပျိုကြီးလို့ မပြောရဘူး'

ကျွန်မ ပန်းချီကို ဆက်ဆွဲလို့မရတော့။



www.burmeseclassic.com

www.burmeseclassic.com



'ငါ့တူမတွေများ၊ စတိတ်ရှိုးကြည့်မှလားဟယ်။ ကိုယ့်ဘာသာကိုယ် သီချင်းနားထောင်လည်းရတာပဲဟာ။ အလကားအချိန်ကုန်ခံလို့'

လာပြန်ပြီ။ ဦးဘတုတ်ကတမျှောင့်။ အမြဲတမ်း ဆန့်ကျင်ဘက်ကန့်လန့်တိုက်ပြီး ပြောတော့မယ်။

'မတူဘူး ဦးလေးရဲ့။ ဝေမာချိုတို့ အခုကြည့်မှာက အခွေမထွက်ခင် Live Show ရိုက်တာကို ကြည့်ရမှာ'

သီချင်းနားထောင်သူတွေထက်ကို အရင်ဆုံး ဦးအောင် ကြည့်ရတာ'

'ဒါဆိုလည်း ရေဝေးကို သူများထက်ဦးအောင် အရင်သွားဝေါ့ကွယ်'

'ဟာ- လေးလေးဦးဘတုတ်က လုပ်တော့မယ်။ ဒါ့ကြောင့် ဝေမာချိုကို စကားမစခိုင်းချင်တာ။ လေးလေးက ဒေါ်လေးလို မဟုတ်ဘူး။ တကယ့် ဘုကန့်လန့်ဟဲ့'

'ဒေဝီခင်၊ ငါသွားပြီ။ နက်ဖြန်မှ လာခေါ်မယ်'

ရေဝေးဆိုတာနဲ့ ဝေမာချိုတစ်ယောက် ဦးဘတုတ်ကို





တောင် နှုတ်မဆက်ဘဲ မျက်စိပျက်မျက်နှာပျက်နဲ့ ထွက်သွားပါတယ်။

ဦးဘတုတ်ကတော့ ခြံထဲက ဝေမာချိုရဲ့ကား မောင်းထွက်သွားတာကိုကြည့်ရင်း ပြုံးပြုံးနဲ့ သူ့ဝသီအတိုင်းကြည့်နေရဲ့။

ကျွန်မကတော့ နက်ဖြန်ညနေမှာ ဝတ်ကောင်းစားလှတွေနဲ့ "ပွဲ"ပေးပြီး စတိတ်ရှိုးကြည့်မယ့် ဒေါ်လေးမှယာခင်နဲ့ ဘယ်လိုနှစ်ပါးသွားကရလေမလဲလို့ တွေးနေမိပါတယ်။

× × ×

နွေလယ်ခင်းသည် ဆေးဆိုးပန်းရိုက်ထားသော မျက်နှာများဖြင့် အသက်ဆက်နေသလိုပင်။

နေက နည်းနည်းပူလာတာနှင့် ရေခဲရေများ အအေးပုလင်းများက ဈေးကွက်အလိုလိုဖြစ်လာကာ ဈေးတက်ကုန်တော့သည်။ ရေခဲရေရောင်းသူ မိန်းမ၏ မျက်နှာကလည်း အလိုလို မျက်နှာကြောတင်းသွားသည်။

အမျိုးသမီးများက နဖူးပြင်မှ ပါးပြင်ပေါ်သို့ စီးကျ



www.burmeseclassic.com

www.burmeseclassic.com



လာသော ချွေးစက်များကို စလင်းဘက်အိတ်များထဲမှ တိုယ်ယောင်ဖျောက်လိုက်ပါလာသော မိတ်ကပ်၊ တို့ပတ်၊ မှန်ဝိုင်းလေးများနှင့် ဖုံ့ဖိနေသည်မှာ အမျိုးသမီးများအတွက် ပုံသေနည်းဟု ဆိုရပေတော့မည်။

'ခန့်မင်းထက် မင်းအိမ်ထဲမှာ ငြိမ်လှချည်လား။ ရိပ်သာကျနေတာပဲ'

တောက်ထွန်းပြောတာ ဟုတ်နေသည်။ ခါတိုင်း ယခုလို နေ့လယ်ခင်းမျိုးဆို ဦးကျော်သီဟ နတ်ဒိုးသီချင်းသံတွေက ဆူညံနေသည်။

တစ်ခါတလေ ပတ်ဝန်းကျင်တတောင် နားကို ဖွမ်းဆို့ထားရသည်။

အခုတော့ အတော့်ကို ထူးခြားနေတာ အမှန်ပင်ဖြစ်သည်။

အိမ်ထဲသို့ အသံမပေးဘဲ ဝင်လာခဲ့သည်။

ကျော်နီလမ်းလျှောက်ပုလင်းကို အဖုံးဖွင့်ထားပြီး ဖန်ခွက်ထဲတွင် ကျော်နီလမ်းလျှောက် အရက်အနည်းငယ်ကိုထည့်





ရေနှင့်ရောထားကာ အရက်ခွက်ကို လွမ်းမောတသ ရီဝေစွာ နှင့်ကြည့်နေသော ဦးကျော်သီဟကို တွေ့ရသည်။

ဦးလေး ဦးကျော်သီဟတစ်ယောက် အားအားရှိတိုင်း ဘာတွေလွမ်းပြန်ပြီမသိ။ လွမ်းတာတွေ ဝယ်ရကြေးဆို ဦးကျော်သီဟ စီးပွားဖျက်လောက်ပြီ။

'ဟာ- ကျော်နီလမ်းလျှောက်ပါလား'

နိုင်ငံခြား အရက်မြင်လျှင် မနေနိုင်သည့် တောက်ထွန်းက ရွှေထုပ်ကောက်ရသလိုမျိုးဖြစ်သွားသည်။

'လေးလေး ဘာတွေစဉ်းစားနေတာလဲ။ ဒါလေးများဗျာ'

'ဟော့-မောင်တောက်ထွန်း . . . ဟော့ မင်းကွာ'

ရုတ်တရက် အနုကြမ်းစီးခံလိုက်ရသလိုမျိုး အရက်ငှဲ့ထားသည့် ဖန်ခွက်ကို တောက်ထွန်းက ဆတ်ခနဲ ဆွဲယူပြီး တစ်ကျိုက်တည်း မော့ချလိုက်သဖြင့် ဦးကျော်သီဟက အံ့အားသင့်ရင်း နှုတ်မြောတသယူကျုံးမရသလိုမျိုးဖြစ်သွားသည်။

သေချာပြီ။ နေ့လယ်နေ့ခင်းကြီးမှာ လေးလေး ဦး



www.burmeseclassic.com

www.burmeseclassic.com



ကျော်သီဟ အပိပေါက်ပြောက်နေပြီ။

'လေးလေး ဘာတွေ ဒီလောက်လွမ်းဆွတ်ခံစားနေတာလဲ။ အရက်ခွက်ကို ဘေးချလို့။ လေးလေးရဲ့အလွမ်းတွေကို မျှဝေခံစားပေးချင်တာနဲ့ ကျွန်တော်သောက်သုံးလိုက်တာ လေးလေး အလွမ်းတွေ ကျွန်တော့်ကို ကူးစက်အောင်လို့လေ'

တောက်ထွန်းက ဒုတိယတစ်ခွက် ထပ်သောက်ရဖို့ သွေးတိုးစမ်းပြန်ပြီ။

'လွဲနေပြီ မောင်တောက်ထွန်းရဲ့။ ဒီနေ့ လေးလေး ဦးကျော်သီဟရဲ့ ဘဝမှာ အမှတ်ရစရာဖြစ်လို့ပါကွာ။ ဒီနေ့ဟာ တက္ကသိုလ်မှာတုန်းက လေးလေးမြတ်နိုးရတဲ့သူက လေးလေးကို စကားပြောစရာရှိတယ်ဆိုပြီး ဝိဇ္ဇာကင်းတင်းကို ချိန်းတယ်ကွာ။ ခက်တာက လေးလေးက ဝမ်းချုပ်တတ်တဲ့ အကျင့်ရှိတယ်။ ပြီးတော့ ဆေးကြောက်တဲ့အကျင့်ကလည်း ရှိတယ်။ အဆောင်မှာ မနက်စောစော ဝမ်းနုတ်ဆေးထသောက်မယ်ဆိုပြီး လုပ်ရင်းလုပ်ရင်းက မသောက်ဖြစ်ဘဲ မနက်ကိုးနာရီမှ သောက်မိတယ်။ ဒီတော့ လေးလေးမြတ်နိုးတဲ့သူဆီ အသွား





ချုပ်ဆင်နားရောက်တော့ ဝမ်းနုတ်ဆေးတန်ခိုးက ပြလာရော။ ဒါနဲ့ အဆောင်ကို ပြန်ပြေးရတယ်။ ဒီအချိန်မှာ လေးလေး မြတ်နိုးတဲ့ ချစ်သူဆီ လေးလေးနဲ့ ပြိုင်ဘက်တောင်က ရောက်လာတယ်လေ။ ဘယ်တနေ ဘယ်လို သတင်းအနံ့ခံ သွားလဲ မသိဘူး။ လေးလေးရောက်တဲ့အချိန်မှာ ဒင်းတို့က ရယ်လို့ မောလို့နဲ့။ ဒင်းက လေးလေးမြတ်နိုးသူကို လေးလေးရဲ့ အရက်သောက်တဲ့ သတင်းတွေ၊ နတ်ကတဲ့သတင်းတွေ မိန်းမလိုမိန်းမရညာကန်နဲ့ ကုန်းချောပြီးပြီ။ လေးလေး ဘာကြောင့်နောက်ကျရတယ်ဆိုတာ ရှင်းပြဖို့ကြိုးစားပါတယ်။ ဒါပေမဲ့ လေးလေးရဲ့ မြတ်နိုးသူက လက်မခံဘဲ လေးလေးကို ဖြစ်တင်ကားတွေ၊ သူသဘောမကျတာတွေလုပ်တယ်ဆိုပြီး လေးလေးကို ငြင်းတယ်လေ။ လေးလေးလေ အဲဒီကောင်ကို အဲဒီမှာတင် ပြီးလုပ်ချင်တာ။ သိက္ခာကို ထိန်းရတယ်။ ဒီနေ့လည်း လေးလေးက ဝမ်းချုပ်လို့ မနက်ကတည်းက ဝမ်းနုတ်ဆေးစားမယ်ဆိုပြီး ဆေးကြောက်လို့မစားဘဲ နေနေရင်း အခုလိုအချိန်ထိ ရောက်နေချိန်မှာ မထူးပါဘူးဆိုပြီး ဝမ်းနုတ်ဆေးအလုံးကို



www.burmeseclassic.com

www.burmeseclassic.com



အမှုန့်ကြိတ်အရက်ခွက်ထဲထည့်ရင်း ဖြစ်ချင်တာဖြစ်အရက်နဲ့ ရောသောက်မယ်လို့လုပ်ရင်း အတိတ်ကိုစဉ်းစား၊ လွမ်းဆွတ်မိနေတုန်း မောင်တောက်ထွန်းက ဒ-ရက်ခွက်ကို ဘာမပြော ညာမပြောနဲ့ မော့ချလိုက်တာကိုး'

'ဗျာ၊ လေးလေး ဒါဆို'

တောက်ထွန်းက အံ့အားတသင့်ဖြစ်သွားသည်။

'ဟုတ်တယ် မောင်တောက်ထွန်း၊ မင်းမကြာခင်မှာ ဝမ်းနုတ်ဆေးအစွမ်းက ပြတော့မှာ'

တောင်းပါသည်။ သိပ်မကြာပါ။ တောက်ထွန်းတစ်ယောက် အိမ်သာကိုပြေးရပါတော့သည်။

ထိုအချိန်ထိ လေးလေးဦးကျော်သီဟ လွမ်းကောင်းတုန်း။

□

ညနေ လေးနာရီလောက်ထိ တောက်ထွန်းဝေဒနာ အတော်ခံစားလိုက်ရသည်။

ရေမိုးချိုးပြီး ညနေ ငါးနာရီလောက်မှာ မြင့်ငြိမ်





ရောက်လာသည်။

'ခန့်မင်းထက်၊ လာဟေ့၊ လိုက်ခဲ့ကွာ'

ဘာကိုဆိုလိုချင်မှန်းမသိဘဲ အူလည်ချာလည် ကျွန်တော် ဖြစ်သွားပါသည်။

'ဘယ်လိုက်ရမှာလဲကွ'

'ခန့်မင်းထက်၊ ဒီနေ့ Live Show ရိုက်မယ့် အစီအစဉ်တစ်ခုရှိတယ်။ အဲဒီမှာဆိုမယ့် အဆိုတော် စုံပန်နှင်းက ငါ့အစ်ကို ရည်းစားလေ၊ ဖိတ်စာပေးသွားတယ်။ Live Show က ပရိသတ်မပါဘူး၊ ကိုယ့်အသိတွေချည်း ဖိတ်တာတဲ့'

'ကောင်းတယ်။ မောင်မြင့်ငြိမ် လေးလေးလည်း လိုက်ခဲ့မယ်။ Live Show ရိုက်မှာဆိုတော့ လေးလေးတို့ကြည့်နေတဲ့ ပုံတွေပါ ဗီစီဒီခွေတွေထဲမှာ ပရိသတ်အဖြစ်ထည့်ရိုက်ရင် တိုယ်က ကာရာအိုကေသီချင်းပြန်ဆိုတော့ ကိုယ့်ပုံကိုယ် ပြန်မြင်ရတာပေါ့။ ကဲ-လေးလေး သွားရှင်းလိုက်ဦးမယ်'

လှစ်ခနဲ ဆိုသလို ဦးကျော်သီဟက သူ့ခန္ဓာကိုယ်နှင့်မလိုက်ဖက်လောက်အောင်ပင် အိမ်ပေါ်ထပ် ပြေးတက်သွားသည်။

www.burmeseclassic.com



'ငါ့လေးလေးကတော့ လုပ်ပြန်ပြီကွာ'

'ခန့်မင်းထက်၊ မင်းကလည်းကွာ၊ သူလည်း ခေတ်လူကြီးပဲ။ ဒီလိုအရသာမျိုးတွေ ခံစားရမှာပေါ့။ ကမ္ဘာဆန်နေတဲ့ခေတ်မှာ လေးလေးဦးကျော်သီဟ အမီလိုက်ပါစေကွာ'

'မင်း စွတ်မပြောနဲ့ မြင့်ငြိမ်ရ။ လေးလေးပြောသွားတာကြည့်ပါလား။ သူ့ပုံပါရင် သူ့ပုံကိုကြည့်ရင်း တာရာအိုကေ သီချင်းဆိုမယ်ဆိုတာ သူ့ကို ဘယ်ကောင်မရောမင်းက ရိုက်မှာလဲ။ အဆိုတော်မှ မဟုတ်တာ'

'ဟော့ကောင် - ဒါနဲ့ တောက်ထွန်းကော'

'ဒီကောင်၊ ဒီနေ့ မဟာကံထူးရှင်ဖြစ်သွားတယ်။ အခုငါ့အခန်းထဲမှာ'

'ဘာတွေလဲကွာ။ ရှုပ်နေတာပဲ'

တောက်ထွန်း၏ ဖြစ်စဉ်အစအဆုံးကို ကျွန်တော်ရှင်းပြရပါတော့သည်။

'ဟော့- လေးလေးပုံ မိုက်လား'

ကျွန်တော်နှင့် မြင့်ငြိမ် စကားကောင်းနေစဉ်မှာပဲ





လေးလေးဦးကျော်သီဟက ကျွန်တော်တို့နားရောက်လာသည်။

ဆံပင်ဖြူနေသော ဗိုက်ကြီးတာ စတိုင်ဘောင်းဘီ၊ အကျႌလက်ရှည်ပွပွကို ဝတ်ထားပေမဲ့ ရှေ့ကို ထွက်တာက ဘယ်လိုမှလုပ်လို့မရ။ မျက်နှာကိုလည်း ပေါင်ဒါတွေရိုက်ထားသဖြင့် ဖြူသည့်နေရာက ကွက်ဖြူနေသည်။ ခေါင်းလိမ်းဆီတွေတလည်း ရွှဲနေအောင် လိမ်းထားတာ နဖူးကပိုပြောင်သွားပြီး လေယာဉ်တောင် ဆင်းလို့ရသည်။ နတ်ဆက်သော ရေမွှေးကိုလည်း ဆွတ်ထားသေးသည်။ လည်ပင်းမှာလည်း နှစ်ကျပ်သားရွှေဆွဲကြိုးကိုဆွဲ၊ လက်မှာက ပတ္တမြားလက်စွပ်နှင့် ဟန်းချိန်း။

အခုမှ လေးလေးဦးကျော်သီဟသည် နတ်ကတော်နှင့် ငါးရောင်းသည့်မိန်းမပုံစံမျိုးပေါက်နေသည်။

'လေးလေးရာ လေးလေးပုံက နတ်ကတော်ပုံပေါက်နေပြီ'

'ဘာဖြစ်လဲကွ။ ကိုယ်က နတ်ယုံကြည်လို့ ဒီပုံစံထွက်တာ။ ဒါ တိုယ်တော်တွေနဲ့ တစ်သွေးတည်းတစ်သားတည်းဖြစ်သွားတာပေါ့။ မောင်တောက်ထွန်းရေ- အခန်းထဲက ထွက်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ဟော့။ လေးလေးအကျီတွေရှိတယ် ယူဝတ်။ လုပ်ဟော့ - လေးလေးတော့ ဗီဒီယိုထဲပါမှာမို့လို့ အပြတ်ရှိုင်းထားပြီ'

'လေးလေး - လေးလေးရဲ့ အကျီတွေ တောက်ထွန်း ဘယ်ဝတ်လို့ရမလဲ။ ပွဲနေမှ ပေါ့။ ရတယ် ကျွန်တော့် အဝတ်အစားတွေပဲ ယူဝတ်ခိုင်းမယ်'

ကျွန်တော့်မှာ တောက်ထွန်းကို အဝတ်အစားလဲခိုင်းရပြန်သည်။

'မောင်မြင့်ငြိမ်၊ အဲဒီ Live Show မှာ ဗီဒီယိုရိုက်မယ့်သူတွေနဲ့သိရင်ပြောကွာ။ လေးလေးပုံများများလေး ပရိသတ်အဖြစ်ရိုက်ပေးလို့'

ပြဿနာကတော့ တက်ပြီလို့။ Live Show မှာ လေးလေး ယခုလို နားပူနားဆာလုပ်ရင်ဖြင့် အရှက်တော့ကွဲပြီလို့။

လေးလေးကတော့ လမ်းတစ်လျှောက် ကျွန်တော်တို့ စကားမပြောရဘဲ သူတချည်းပြောနေသည်မှာ စကားပြောတတ်ခါစ ကလေးတစ်ဦးလိုပင်ဖြစ်ပါတော့သည်။

× × ×





နတ်ကောင်းနတ်မြတ်တွေ မ,တယ်ပဲ ပြောရမလား မသိ။ အားလုံး အစစအရာရာ ချောမွေ့လို့နေပါတယ်။

အဲ- ရေမွှေးကလည်း မှာလိုက်တာ ချက်ချင်းတန်းရ။ အဆိုတော်မင်းသမီးကလည်း ကျေနပ်။ သီချင်းကို တစ်ပုဒ်မေတ္တာလက်ဆောင် ဆိုပေးဦးမယ်တဲ့။

သော်မိုးနဲ့ ခိုင်စိုးလည်း မနားရပါဘူး။ Live Show ကိစ္စအဝဝကို စီစဉ်နေရတာ။

ကျန်သေးတယ်။ ကျွန်တော့်ဦးလေး ဦးအောင်စိုးသူ။ သူလည်း ဘယ်နားရမလဲ။ သူ့အသက်အရွယ်နဲ့ မလိုက်အောင် စတိတ်ရှိုးကို လာကြည့်တဲ့ ကောင်မလေးတွေရဲ့အလှကို ချီးမွမ်းခန်းဖွင့်ပြီးလာလာပြောတာ။

'ဝင်းအောင်ကြူ နောက် ဆယ်မိနစ်လောက်ဆို Live Show စ,လို့ရပြီ'

သော်မိုးက ကျွန်တော့်ကို လာသတိပေးပါတယ်။

'ဝင်းအောင်ကြူနဲ့ သော်မိုးရေ ဒီခေတ် မိန်းကလေးတွေများကွာ ပြင်တတ်လိုက်တာ။ ဘယ် တို့ခေတ်နဲ့တစ်ခြားစီ၊



www.burmeseclassic.com

www.burmeseclassic.com



လှမှလှကွာ။ မင်းတို့လိုအရွယ်မျိုးသာ ပြန်ဖြစ်ကြည့်၊ ပွဲက သိမ်းပြီ'

အခါတစ်ရာမက ထပ်တလဲလဲ ဦးအောင်စိုးသူက လာပြောပြန်ပြီ။

ပြောမယ့်သာ ပြောတာ။ ဦးအောင်စိုးသူက ဒီနေ့ အင်္ကျီကို ဖြင်ထားဆင်ထားဝတ်ထားတာ။ ထိပ်ကလေး နည်းနည်းပြောင်နေတာပဲရှိတယ်။

'ကိုဝင်းအောင်ကြူ၊ ကျွန်မရဲ့အစ်ကို ခိုင်စိုးကော'

'ဟာ- ဝေမာချိုတို့ပါလား။ သွား သွား ရှေ့ကိုသွား'

'ဟဲ့- အန်တီတို့က ရှေ့မှာထိုင်ရမှာလား'

'ဟုတ်ကဲ့'

'ဟင်- မူယာခင်'

'ကိုအောင်စိုးသူ'

ခိုင်စိုး ညီမဝမ်းကွဲ ဝေမာချိုက လာရောက်နှုတ်ဆက်ရင်း ဘေးက သားသားနားနားဝတ်ထားသည့် အန်တီကြီးက စကားပြောလို့အဆုံး ဦးအောင်စိုးသူရဲ့ မျက်နှာက ရှုပ်ရှင်ဖွေ





ထဲမှာဆို အင်္ကျီကို ကြည့်ကောင်းမယ့် ပြကွက်ဟု ဆိုရမလိုပင်။

'ကိုယ် - မူယာခင် နိုင်ငံခြားထွက်သွားတယ်ဆိုတာတော့ သိလိုက်ရတယ်။ ကိုယ်က ကုံကော်တောအုပ်ထဲမှာ စာမေးပွဲကျလို့ တစ်နှစ်နေခဲ့ရတယ်လေ။ နှစ်တွေ ဘယ်လောက်ပြောင်းပြောင်း ပြောင်းလဲမသွားတာက မူယာခင်ရဲ့ တက္ကသိုလ်တုန်းကအလှပဲ။ ကိုယ်တွေးပါတယ်။ ကိုယ်ကံဆုံရင် မူယာခင်ကို ပြန်တွေ့ရမယ်လို့။ ကိုယ့်ရဲ့ ဒီနေ့ဟာ တကယ့် Lucky ပဲ'

'ဒေါ်လေး ဘာလုပ်နေတာလဲ။ လာ- သွားမယ်လေ'

ဝမ်းသာအားရ တရစပ်ပြောဆိုနေတဲ့ ဦးအောင်စိုးသူရဲ့ စကားကို ဝေမာချိုရဲ့ဘေးနားက တစ်ယောက်က ပြောလိုက်လို့ ကျွန်တော်သေသေချာချာကြည့်မိတော့ ကျွန်တော်ရင်ခုန်သွားပါတယ်။

ကျွန်တော်နှင့် အသက်အရွယ် မတိမ်းမယိမ်းလောက်ပဲ ရှိလိမ့်မယ်။

ခေတ်ဆန်ဆန်လေး ရိုးရိုးယဉ်ယဉ် ဝတ်ထားတာကို



www.burmeseclassic.com

www.burmeseclassic.com



က တစ်မျိုးလေး လှနေတယ်။

အဲ - ပြောမယ့်သာ ပြောတာ။ အဲဒီအမျိုးသမီးရဲ့ အဝေါ်ဆိုတာကလည်း အခုချိန်ထိ ခန့်တုန်းလှတုန်း။

'ဝင်းအောင်ကြူ့ စောစောက အမျိုးသမီးတွေ ဘယ်နေရာမှာထိုင်လဲ။ ပြီးရင် ငါ အဲဒီမှာ သွားထိုင်မလို့'

'ဦးလေးကလဲဗျာ အရေးထဲ'

'ဟ- အရေးထဲမလုပ်နဲ့ကွ။ အဲဒါ ငါ ငယ်ငယ်လေးတုန်းက စွဲလမ်းခဲ့ရတဲ့ ချစ်သူတွေ၊ ကံကြမ္မာဖေးမလို့ အခုပြန်တွေ့ရတာ'

ကျွန်တော့်ကို ဦးအောင်စိုးသူက ပြောနေပေမဲ့ သူ့မျက်လုံးတွေက စတိတ်မှိုးစင်ဘက်သာ ရောက်နေတယ်။

ကျွန်တော်ကကော။ ဦးအောင်စိုးသူလိုပဲလို့။ ဟို အမျိုးသမီးကို မသိမသာကြည့်မိလိုက်တယ်။

ပရိသတ်တွေနဲ့ ရောနေလို့ သေသေချာချာမတွေ့ရ။ အဲဒီအချိန်မှာပဲ Live Show ရိုက်ကူးရေးအစီအစဉ်က စပါပြီ။





သေချာတာက ဝေမာချိုကို ကျွန်တော် အပူကပ်ရတော့မှာက အမှန်ပါ။

× × ×

'ဒေါ်လေးရယ်၊ ပြောမပြောချင်ဘူး။ မကြီးမငယ်နဲ့ ဒီလောက်ချွဲချွဲပျစ်ပျစ်ပြောနေတာကို ဒေါ်လေးမို့ နားထောင်နိုင်တယ်'

ထိုင်ခုံမှာ ထိုင်ထိုင်ချင်း ကျွန်မက ဒေါ်လေးမှုယာခင်ကို အပြစ်တင်စကားဆိုလိုက်ပါတယ်။

'ဒေါ်လေးလည်း ဘယ်ထင်ပါ့မလဲ။ ဒေါ်လေးတို့ ကျောင်းတုန်းက သူငယ်ချင်းတွေလေ'

'မဟုတ်မှလွဲရော ဇာတ်လမ်းတွေရှိတယ် ထင်တယ်နော်'

'တော်- ဝေမာချိုရယ်။ ဒါတွေက ပြီးပါပြီ။ အခုဟာက Conclusion အဖွဲ့က အရင်ဆိုမှာလား။ ဟို အသံဖားလက်တက်နဲ့ အဆိုတော်က အစီအစဉ်ဘယ်လောက်မှာလဲကွယ်။ စင်ကတော့ ရှယ်ပဲ။ နောက်က ဒီဇိုင်းတွေကလည်း မိုက်ပဲဟေ့။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေး ဥရောပမှာကြည့်ခဲ့တဲ့ စတိတ်စင်တွေလိုပဲ'

ဒေါ်လေးမှုယာခင်ကတော့ သူ့ဝသီအတိုင်း ဝေမာချိ ရဲ့ စကားအဆုံးလုပ်ချလိုက်ပြန်ပြီ။

'မင်္ဂလာပါ။ အခု ဆက်လက်ပြီး စတင် သီဆိုမှာက ကွန်ကလူးရှင်း'

'ဟေး -'

'ဟယ်- ကွန်ကလူးရှင်းက စဆိုမှာတဲ့'

ခန်းမတစ်ခုလုံး မီးတွေ မှောင်သွားပြီး အစီအစဉ် စကြေညာလိုက်တာနဲ့ လူငယ်တွေက ဝိုင်းအော်စဉ်မှာပဲ ဒေါ်လေးမှုယာခင်က ဝမ်းသာအားရနဲ့ပြောလိုက်ပါတယ်။

'ပရိသတ်တွေပျော် - ရယ်စရာ မောစရာနော်
လာကြ - ကကြ - ဆိုကြ'

'ရည်းစားလေးထားရတာ
မလွယ်ပါဘူး'

'ချစ်သူက စိတ်ကောက်





အဖော်တွေက စိတ်ကောက်
ငါ့စိတ်မှာ ဒုက္ခရောက်
အဲဒါဟာ ပြဿနာလား
ဒါဆိုရင် သွား'

Hip Hop စည်းချက်နဲ့အညီ သီချင်းဆိုသံ၊ ကင်မရာ သရော်လီ၊ ကရိန်းတွေကလည်း စင်မြင့်ပေါ်က Conclusion အဖွဲ့ကို Live Show ရိုက်ကူးလို့နေပါတယ်။

'လှလိုက်တဲ့ ကောင်လေးတွေကွယ်။ ကြည့်စမ်းကွယ်။ ဝတ်ထားစားထားတာကလည်း ရှယ်ပဲ။ ဒေါ်လေးတော့ ကောင်လေးတွေကိုကြည့်ပြီး ပြန်ကောင်ငယ်သွားတယ်'

အသံကျယ်ကျယ်နဲ့ ပြောနေတဲ့ ဒေါ်လေး မှုယာခင် ကို-

'ဒေါ်လေးရယ် တိုးတိုးပြောပါ။ ဒေါ်လေးအသံကြီး က-'

'ဟဲ့- ဘာလို့တိုးရမှာလဲ။ ကိုယ်သဘောကျလို့ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ပြောတာ။ ဘာလဲ ဒေဝီခင်၊ ညည်းက Conclusion အဖွဲ့က ကောင်လေးတွေကို ငါသဘောကျနေတာကို မနာလိုလို့လား'

'ဘာဆိုင်လို့လဲ ဒေါ်လေးရ။ ကဲ- ကြိုက်ကြိုက်၊ ဒေါ်လေးဘာသာ ဒေါ်လေးပြောချင်သလိုပြောတော့'

ကျွန်မအဖို့ ဒေါ်လေးမူယာခင်ကို ဘာမှမပြောတော့ဘဲ စင်မြင့်ပေါ်မှ သီဆိုမှုကိုကြည့်ရှုနားဆင်နေမိတော့တယ်။

ချော်- အပျိုကြီးတွေများနဲ့ ခက်ပါရဲ့။ သူတို့သဘောကျမိလို့က မလွယ်ရေးချမလွယ်။

ကြိုက်တာတွေ၊ သဘောကျတာတွေပြောရလို့ကတော့ တစ်ထောင့်တစ်ညလောက်တော့ ပျင်းတောင်မျှင်းဦးမှာ။

❐

ကျွန်တော် စတိတ်ရှိုးလာကြည့်သည်မှာ ကံများဆိုးပြီလား မသိပါ။

ကျွန်တော့် ရှေ့တည့်တည့်မှ အန်တီကြီးက ပါးစပ်ကနေ ပေါက်ပေါက်ဖောက်နေသလိုမျိုး သူ့အသက်အရွယ်နှင့် မလိုက်အောင် ပြောနေလို့ဖြစ်ပါသည်။





တောက်ထွန်းနှင့် မြင့်ငြိမ်ကတော့ ဘာဆို ဘာမှ မပြော။

သို့သော် လေးလေးဦးကျော်သီဟကတော့ သူ့မျက်နှာမှာ တစ်စုံတစ်ခု ထူးခြားချက်ပုံမျိုးပေါ်နေသည်။

'ခန့်မင်းထက် ဒီအသံမျိုး လေးလေးရင်းရင်းနှီးနှီး ကြားဖူးတယ်'

'လေးလေးတလည်း ကြားဖူးမှာပေါ့။ ဒီအဖွဲ့က သီချင်းခွေတွေထွက်လို့ Conclusion သီချင်းခွေတွေ ဖွင့်ဖွင့်နေတာဝဲဟာ'

'မင်းကလည်းကွာ၊ အခုရေးထဲ လေးလေးပြောတာက သီချင်းဆိုတဲ့အဖွဲ့မဟုတ်ဘူးကွ။ ရှေ့ခုံတန်းက စကားပြောနေတဲ့ အမျိုးသမီးကိုပြောတာ'

ကျွန်တော် ဆက်ပြီး လေးလေးဦးကျော်သီဟကို ဘာမှမပြောတော့ပါ။ စတိတ်ရှိုးကိုသာ ဆက်ကြည့်နေမိသည်။

'ဆက်လက်ပြီး အမျိုးသမီးတေးသံရှင် အက်စတယ်လာလင်းရဲ့ သီဆိုမှုပဲ ဖြစ်ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟေး-'

'ဟယ်- မကောင်းဘူး။ Conclusion အဖွဲ့က သီချင်းနှစ်ပုဒ်ပဲ ဆိုရသေးတယ်။ ဒါမျိုးမကောင်းပါဘူး။ တို့လို ပရိသတ်တွေကို တို့လို့တွဲလောင်းချည်းထားတာမဟုတ်သေးဘူး။ သိပ်ရက်စက်တာပဲကွယ်။ တို့ စိတ်မကောင်းဘူး'

'ဒေါ်လေးကလည်း ဒီတစ်ဖွဲ့တည်းကို Live Show ရိုက်တာမှ မဟုတ်တာ။ နောက်အဆိုတော်တွေလည်း ရှိသေးတာဝဲ'

'နောက်အဆိုတော်တွေက ဒီ Conclusion အဖွဲ့က အဆိုတော်လေးတွေလို ရင်ခုန်စရာမှ မကောင်းတာ'

ကျွန်တော့်ရှေ့ခုံမှ အန်တီကြီးနှင့် သူ့တူမတာ အချီအချ စကားပြောနေပါသည်။

ကျွန်တော်ကတော့ ကိုယ့်အသက်နှင့်မှကိုယ်မလိုက်၊ တော်တော်သည်းသည့် အမျိုးသမီးကြီးလို့။

သေချာတာက ကျွန်တော် လေးလေးလိုပဲ အပျိုကြီးဖြစ်လိမ့်မည်။





အဲ- ထူးခြားသည်က လေးလေးဦးကျော်သီဟ။

စတီတ်ရှိုးရောက်လျှင် သူ့ပုံများများပါဖို့ Live Show ရိုက်သူတွေကို ပြောပေးပါဟု ကားပေါ်မှာ တတွတ်တွတ် ပူဆာပေမဲ့ အခုတော့ ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်နေသည်။

'လာပြန်ပြီဟယ် နောက်တစ်ယောက်။ ဆိုတာက ဒီလောက်မှမကောင်းတာ၊ သူ့ခမျာ အဝတ်အစားချို့တဲ့တယ်ထင်ပါရဲ့။ တစ်ခါဆိုလည်း ဒီအကျီနဲ့ ဒီသီချင်းချည်းပဲ'

ဆက်ပြီး ရှေ့က အမျိုးသမီး အန်တီကြီးက ဝေါက်ပေါက်ဖောက်ပြန်ပါသည်။

'ဒီမှာ အဒေါ် စကားတိုးတိုးပြောပါလား။ ကျွန်တော်တို့ သောတအာရုံမှာ အနှောင့်အယှက်ဖြစ်နေလို့။ ဒေါ်ဒေါ်ရဲ့ ဝီတဝေဖန်ရေး ဗျာနယ်မှာရေးပါလား'

မနေနိုင်မထိုင်နိုင် တောက်ထွန်းက ထိုအန်တီကြီးကျောကို လက်တို့ရင်းပြောလိုက်ပါသည်။

'ဘာဖြစ်လဲ။ ကိုယ့်ဘာသာကိုယ် စတီတ်ရှိုးကြည့်ရင်း ဝေဖန်တာ'



www.burmeseclassic.com

www.burmeseclassic.com



အန်တီကြီးက ကျွန်တော်တို့ဘက်သို့ မျက်နှာလှည့်လိုက်ပြီး တောက်ထွန်းကို လှမ်းပြောလိုက်သည်။ နှုတ်ခမ်းက စူပုပ်လို့။

ပြောမည့်သာ ပြောတာ။ ထိုအန်တီကြီးသည် နေ့ပျိုစဉ်အခါက အတော်ကို လှလောက်မည်ထင်ရပါသည်။

'ဒေါ်လေးတလည်းလေ'

တစ်ဆက်တည်းဆိုသလို အန်တီကြီးဘေးမှ တစ်ယောက်က နောက်လှည့်ပြီး ကျွန်တော်တို့ဘက်သို့ ကြည့်ရင်းက ပြောလိုက်သည်။

ထိုအချိန်မှာပဲ စတိတ်ရှိုးစင်မြင့်မှ ဒရမ်သံကို ကြားလိုက်ရသည်။

ကျွန်တော် ရင်ခုန်သွားပါသည်။ တော်တော်လှသည့် ကောင်မလေး။ ကောင်မလေးဆိုပေမဲ့ ကျွန်တော်နှင့် သက်တူရွယ်တူလောက်တော့ ရှိမည်။

'ခင် - - - ခင်'

'ကိုကျော်သီဟ'





မထင်ထားပါ။ စတိတ်ရှိုးကြည့်ရင်း တစ်ချိန်လုံး ငြိမ်သက်နေသော လေးလေးဦးကျော်သီဟဆီက တုန်ရီလှိုက်မောစွာ ထွက်ပေါ်လာသောအသံဖြစ်ပါသည်။

'ဒီအသံကြားထဲက ကိုယ်လေ တစ်စုံတစ်ယောက်ရဲ့ ရင်းရင်းနှီးနှီး ကြားခဲ့ဖူးတဲ့အသံပါပဲလို့ ကိုယ်ထင်နေခဲ့တာ။ အခုတော့ ခင့်ရဲ့အသံဖြစ်နေတာကိုး။ ကိုယ်ပျော်လိုက်တာ ခင်ရယ်။ နှစ်တွေ ကြာလှပါပြီ။ ခင့်ကို စကားတွေခြွေချင်တာ။ အခုတော့ ကံကြမ္မာက ကိုယ့်ဘက်ကို ရောက်လာပြီလေ။ တကယ်တော့ ခင်ရယ်'

ကျွန်တော် ဘာလုပ်ရမှန်းမသိပါ။ လေးလေး ဦးကျော်သီဟက Live Show တစ်ခုလုံး သူတစ်ယောက်တည်းရှိသလိုမျိုး စကားလုံးတွေ တရစပ် ထုတ်လွှင့်နေပါသည်။

'ကိုကျော်သီဟ ရှင် ကျွန်မကို "ခင်"လို့ ခေါ်ပြန်ပြီလား။ ကျောင်းထဲက ခင်လို့မခေါ်ပါနဲ့ ပြောတဲ့ဟာ'

'ခင်ရယ်'

'ရှင်ဟာလေ-'



www.burmeseclassic.com

www.burmeseclassic.com



'ခင် မကြိုက်ရင် ကိုယ့်နှလုံးသားထဲကနေပဲ အကြိမ်ကြိမ် ခေါ်ပါမယ်။ ကိုယ်သွားမယ် ခင်ရယ်'

ဘာမပြော ညာမပြောနှင့် ထိုင်ရာကနေ ဦးကျော်သီဟက ထပြီး Live Show ရိုက်ကူးနေသည့်ခန်းမထဲကနေ ထွက်သွားသည်။

လေးလေး ဦးကျော်သီဟ အစ်ကြောင်းထပ်အောင် ပြောဆိုနေသည့် သူချစ်သူဆိုတာ တော်တော်လေး စွာမည့်သူပဲလို့ ကျွန်တော် မှတ်ချက် ချမိပါသည်။

'ဟောကောင် ခန့်မင်းထက်၊ ငါ လိုက်သွားလိုက်ဦးမယ်။ လေးလေး ဦးကျော်သီဟက ဘယ်လိုမှန်း မသိပါဘူးကွာ'

'တော်ပါပြီကွာ၊ ငါ မကြည့်တော့ဘူး။ ဟောကောင် မြင့်ငြိမ် မင်း စတိတ်ရှိုးကြည့်ချင်နေခဲ့'

'ဟ- မင်းတို့ပါမကြည့်တော့မှတော့ ငါလည်း ဘာထူးမှာလဲ'

မြင့်ငြိမ်၊ တောက်ထွန်းနှင့် ကျွန်တော်တို့ ဦးကျော်သီဟနောက်သို့ ပြေးလိုက်လာခဲ့သည်။





ဦးကျော်သီဟက ကျွန်တော်တို့အားရှေ့မှာ မတ်တတ်ရပ်နေပြီး တစ်နေရာဆီသို့ ငေးနေသလို ပုံစံမျိုးဖြစ်နေသည်။

'လေးလေး- ဘယ်လိုဖြစ်သွားတာလဲဗျာ'

'ဘာမှမမေးပါနဲ့ကွာ။ လေးလေးဘဝမှာ မဆုံရတော့ဘူးလို့ထင်နေတာ၊ ခင့်ကိုပြန်တွေ့ရတယ်။ ခင်ကလေ ဟိုးတုန်းက အတိုင်းပဲ ဘာမှမပြောင်းလဲဘူး'

'ဘာလဲ လေးလေးကို ဟောက်တာလား။ တော်တော်စွာမယ့် မိန်းမကြီး။ ဒါကြောင့် အပျိုကြီးဖြစ်နေတာ'

မြင့်ငြိမ်စကားမဆုံးခင်မှာပဲ-

'အဲဒီလိုမပြောပါနဲ့ကွာ။ မိန်းမတို့ရဲ့အလှကို သူ့ရဲ့စွာတာလေးနဲ့ ကာကွယ်ထားတာပဲလေ။ လေးလေးက အဲဒါလေးကို မြတ်နိုးသွားတာပဲကွာ'

'ဒါဆို လေးလေး ပြန်ကြိုးစားကြည့်- - - ရနိုင်တယ်'

တောက်ထွန်းက လေးလေးဦးကျော်သီဟကို မြှောက်ပေးပြန်သည်။

'ကြိုးစားရမယ် ဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တာပေါ့ လေးလေးရ၊ အစ အခုမှ ပြန်တွေ့ခါစ ဆိုတော့ ဟိုဇာ အပျိုကြီးပဲဟာ။ နည်းနည်း မူရာမာယာတော့ ရှိမှာပေါ့'

'မောင်တောက်ထွန်း၊ မင်းအကြံကောင်းတယ်။ ဒီညချစ်သူကို ပြန်တွေ့ခြင်း အထိမ်းအမှတ်အနေနဲ့ လေးလေး ပြုစုမယ်'

ကျွန်တော် အတော်စိတ်ညစ်သွားပါသည်။ လေးလေးသာ သည်မိန်းမကြီးနှင့် ကံတရားကြောင့် သည်အရွယ်ကြီးရောက်မှညားလျှင် ကျွန်တော့်နား ငွမ်းဆို့ရကိန်းဆိုက်ပါပြီ။

သို့သော် လေးလေး၏ အသည်းကြီး၊ စကားများသလောက် စွာသလောက် ဟိုအမျိုးသမီးကျတော့ တော်တော်အေးသည်၊ တော်တော်လှသည်။

ဖြစ်ချင်ရာဖြစ်၊ လမ်းတစ်လျှောက်လုံး လေးလေး၏ နှလုံးသားမြို့ဟောင်း တူးဖော်ရှာဖွေချက် အစီအစဉ်စာတမ်းကားပေါ်မှာ မဖတ်ကြားခင် ကျွန်တော်ချည်း ဒိုင်ခံ ထိုအမျိုးသမီး၏ အလှဘွဲ့ကို ချီးမွမ်းခန်းဖွင့်ပါတော့သည်။





လေးလေးလား။ ဘယ်နေပါ့မလဲ။ ကျွန်တော့်ကို ကားပေါ်မှာ မေတ္တာအတုံးလိုက် အတစ်လိုက် ပို့ပါတော့သည်။

□

ကျွန်မ၏ ဒေါ်လေး အသက်ကြီးသည်အထိ ပိုးသူပေါမှန်း အခုမှ ယုံပါတော့တယ်။

သံယောဇဉ်ဟောင်းတွေ့ အမျှင်မပြတ်ဘဲ အခုထိကို အမျှင်က တန်းနေပါသေးတယ်။

တိုက်တိုက်ဆိုင်ဆိုင် ဒေါ်လေးကို ပိုးပန်းသူနှစ်ဦး စတိတ်ရှိုးမှာမှ ဆုံဆုံတတ်ပလေစ။

'မှုယာခင်၊ စတိတ်ရှိုးကြည့်လို့ ဗိုက်ဆာနေမယ် ထင်တယ်။ ရော့-ရော့၊ ဒီမှာ မုန့်တွေဝယ်လာတယ်'

'မစားဘူး။ ကိုအောင်စိုးသူ ပြန်ယူသွား'

'မှုယာခင်ကလည်းကွာ စားစေချင်လို့ ဝယ်လာတဲ့ဟာ'

'မစားပါဘူးဆို မရဘူးလား'

ဘယ်လိုကနေ ဘယ်လိုပြောရမယ်မသိ၊ စတိတ်ရှိုး



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ခါနီးတုန်းက တွေ့ခဲ့တဲ့ နည်းနည်းထိပ်ပြောင်နေတဲ့ ဦးလေးကြီးက လက်ထဲ မုန့်ထုပ်တွေနဲ့ရောက်လာပါတယ်။

'အန်ကယ်၊ အန်တီမူယာခင် မစားချင်နေ ဝေမာချို တို့စားမယ်'

'ပေးပါဘူး။ ဒါက မူယာခင်အတွက် ညည်းတို့အတွက် မဟုတ်ဘူး။ ပေးနိုင်ပါဘူး'

ဦးအောင်စိုးသူဆိုတဲ့ လူကြီးက သူ့လက်ထဲက မုန့်ကို လုမှာစိုးသည့်အလား တင်းကျပ်စွာ မုန့်တွေကို ဆုပ်ကိုင်ထားပါတယ်။

'ဦးလေးကလည်းဗျာ။ ကလေးကျနေတာပဲ။ ပေးပါ။ တျွန်တော့်ကို'

ဦးအောင်စိုးသူရဲ့ ဘေးနားက အဖော်ပါလာတဲ့ ကျွန်မနဲ့ သက်တူရွယ်တူရှိသူ ယောကျ်ားသားတစ်ဦးက ဦးအောင်စိုးသူ လက်ထဲက မုန့်ကို အတင်းယူပြီး ဝေမာချိုကို ပေးလိုက်ပါတယ်။

'ကျေးဇူးပဲ ကိုဝင်းအောင်ကြူ'





အစားပုပ်မ ဝေမာချို၊ မျက်နှာက ဖြစ်နေလိုက်တာ ဆိုတာ။

အဲ- ဒေါ်လေးကတော့ မျက်နှာကို စူသထက်စူ။ ပုပ်သထက်ပုပ်ထားရင်းက စတိတ်ရှိုးစင်မြင့်ဘက်ကိုပဲ လှည့်ထားတယ်။

'မူယာခင်'

'ဗုဒ္ဓေါပါပဲ။ ဒီနေ့မှ ဘယ်လိုဖြစ်ရတာပါလဲ။ စောစောတ ကိုကျော်သီဟက တစ်မျိုး'

'ဘာ- ကျော်သီဟ၊ ဒီကောင်'

'ဟုတ်တယ်။ ရှင့်လိုပဲ စတိတ်ရှိုးလာကြည့်တာ။ အခု ကျွန်မရဲ့ နောက်ခုံတန်းကနေ ထပြန်သွားပြီ'

ဒေါ်လေးမူယာခင်က ဈေးသည် ရန်တွေ့သလိုမျိုး ပြောလိုက်ပါတယ်။

'ကျော်သီဟရာ မင်းနဲ့ငါ ရေစက်တာ ဆုံတုန်းပါလား'

'ရှေ့ကထိုင်ပါ။ နောက်က မမြင်ရဘူး'

ဦးအောင်စိုးသူက လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါ



www.burmeseclassic.com

www.burmeseclassic.com



ဆုပ်ပြီး ပြောချိန်မှာပဲ နောက်ကနေ အော်လိုက်ပါတယ်။

'ဦးလေးလာဗျာ။ နောက်မှတွေ့ပါ။ ပရိသတ်တွေက ပြောကုန်ကြပြီ'

'သွားပါဦးမယ်နော်'

ဦးအောင်စိုးသူနဲ့ ပါလာသူက ဦးအောင်စိုးသူကို နှစ်သိမ့်ရင်း ကျွန်မကိုပါ နှုတ်ဆက်ပါတယ်။

'မှုယာခင်၊ ကိုယ်သွားမယ်။ ပြန်ဆုံဦးမယ်။ မရောက်ရောက်အောင် လာခဲ့မယ်'

သူလည်း ဟို ခပ်ဝဝဦးလေးကြီးလို ခေါင်းငိုက်စိုက်ချ ထွက်သွားပါတယ်။ သူ့အေးနားကလူကတော့ အတော် စိတ်ညစ်သွားသလိုပါပဲ။

အတိတ်က ဘာညာသာရကာရှိတဲ့ ဒေါ်လေးမှုယာခင်ကတော့ အတိတ်ကို ပြန်လည်လွမ်းဆွတ်ဖို့ နေနေသာသာ စတိတ်ရှိုးကြည့်ရင်း စကားတွေပေါက်ပေါက်ဖောက်ဖောက် နေတာ အဲဒီနှစ်ယောက် မြင်စေချင်တယ်။

× × ×



ချစ်သောတစ်တော့

သစ်ရွက်က ပန်းပွင့်ဖြစ်သွားရော

ကိုးကွယ်ဆည်းကပ်မယ်ဆိုတော့

ပန်းပွင့်က သစ်သီးဖြစ်သွားရော။

(ရာဘင်ဒြာနတ်တဂိုး)



www.burmeseclassic.com

www.burmeseclassic.com

- ၄ -

**ရယ်**တော့ ရယ်ရပါသည်။ လေးလေး ဦးကျော်သီဟ တစ်ယောက် ဓတ်တိုက်ရှိမှာ စကားများသော အန်တီအမျိုးသမီးကြီးနှင့်တွေ့ပြီးကတည်းက ကျန်းမာရေးလေ့ကျင့်ခန်း ကိုယ်ကာယအလှသင်တန်းသွားတက်သည်။

ဝိတ်ချနေတာဆိုပြီး ခဏခဏ ပြောသည်။ ညစာတောင်မစား။

သည်ကြားထဲ သူမြတ်နိုးရသူအကြောင်း ခဏ ခဏ ပြောသည်။ကျွန်တော့်ကိုလည်းလိပ်စာမရမကစုံစမ်းခိုင်းသည်။

ကျွန်တော့်အဖို့မှာက ယခုရက်အတွင်းမှာက လုံးဝမအား။





ဖိနပ်ဆိုင်ကို ကျွန်တော် စိတ်တိုင်းကျ အသစ်ပြင်ဆင်နေရလို့ပါ။

ကျွန်တော့် စိတ်ကူးနှင့် ရုပ်လုံးဖော်ထားသောဆိုင်က ယခုတော့ အတော့်ကို ပသာဒ ဖြစ်စရာကောင်းနေပါသည်။

❒

သည်လိုနှင့် ဖိနပ်ဆိုင်သစ်ဖွင့်ပြီး တစ်ပတ်ခန့်အကြာမှာပါ။

မြင့်မြင့်ဖြိမ်က အိမ်မှာ နယ်က အမျိုးတွေရောက်သဖြင့် အိမ်ပြန်သွားသည်။

တောက်တွန်းက ဖိနပ်ဆိုင်ရောင်းကောင်းရေးအတွက် မေဒင်နည်းအရ သူက ဆူးလေဘုရားမှာ ခုနစ်ရက် အဓိဋ္ဌာန်ဝင်၊ ပုတီးစိပ်ရမည်ဆို၍ ဆိုင်မှာမရှိ။

ကျွန်တော်နှင့် ဆိုင်က အရောင်းစာရေးများသာ ရှိသည်။

သည်လိုအချိန်မှာပဲ-

'ဖိနပ်တွေ ခင်းကျင်းထားတာက ချစ်စရာလေး



www.burmeseclassic.com

www.burmeseclassic.com



ဖိနပ်စာရင်းတွေ လုပ်နေသည့် ကျွန်တော့်နားထဲ ကျွန်တော့်ဖိနပ်တွေကို ချီးကျူးသံကြားရပါသည်။

ကြည့်လိုက်မိတော့ တွေ့ရပါသည်။ ကျွန်တော့်အိပ်မက်ထဲက 'ရှာရာဗိုဗာ'တော့ မဟုတ်ပါ။

'ဩော်- ဟို --- ဟို ---'

'ရှင် - - - ရှင်'

ကျွန်တော်ကော ဖိနပ်တွေကို ချီးကျူးသော အမျိုးသမီးနှစ်ယောက်စလုံး စကားတွေက ထိုသို့ဖြစ်သွားပါသည်။

'ဒါက ရှင့်ဖိနပ်ဆိုင်လား'

'ဟုတ်ပါတယ်။ ဩော်- ကျွန်တော့်နာမည်က ခန့်မင်းထက်ပါ'

'ဒေဝီခင်ပါ'

နှစ်ယောက်သား ပြိုင်တူအပြန်အလှန် မိတ်ဆက်မိကြသည်။

'ဘာဖိနပ် လိုချင်လဲ။ ဒီဘက်က နိုင်ငံခြားဖြစ်အစစ်တွေ၊ ဟိုဘက်က နိုင်ငံခြားဖြစ်ပုံစံကို မြန်မာ့သားရေဆိုးတွေနဲ့ ပြန်တုပပြီး လုပ်ထားတာ။ မန္တလေးဖြစ်ပေါ့။ ကြိုက်တဲ့ဖိနပ် ယူစီးကြည့်ပါ။ ဒါက နမူနာပြထားတာ'



'ကိုခန့်မင်းထက်ရဲ့ ဖိနပ်ဆိုင်က ရန်ကုန်မြို့မှာ မရှိသေးဘူး။ ဖိနပ်တွေကို ကျောက်တုံးတွေပေါ်မှာ တင်ထားပြီး ဆိုင်ထဲမှာ မီးတွေ ဆလိုက်တွေနဲ့ ထိုးထားတာရယ်။ ဆိုင်ရှေ့မှာကျတော့လည်း ရေးထားတဲ့ ဆောင်ပုဒ်တွေရယ်၊ ဖိနပ်ဆိုင်ထဲကို ဝင်လာရင် ပြထားတဲ့ ဖိနပ်ဆိုင် အခင်းအကျင်းကိုကြည့်ပြီး ဖိနပ်မဝယ်ဘဲ နေနိုင်မှာမဟုတ်ဘူး'

သိပ်လှသည့် အမျိုးသမီးတစ်ဦးက ဤသို့ ချီးမွမ်းခန်းဖွင့်နေသည်ကို ကျွန်တော် အတော်ကျေနပ်နေမိပါသည်။

'ဒီလောက်တောင် ကျွန်တော့်ဆိုင်ကို ချီးမွမ်းနေမှတော့။ ကဲ- မဒေဝီခင်ကြိုက်တဲ့ဖိနပ်ကို ရွေးပါ။ ကျွန်တော့်လက်ဆောင်ပေါ့။ ပြီးတော့ တစ်ခုခုလိုက်ကျွေးပါမယ်'

'အို- မဟုတ်တာ။ အခု ကျွန်မတို့က သိကြသေးတာ'

'ကျွန်တော်တို့ကသာ အခုမှ သိကြတာဆိုပေမဲ့ ကျွန်တော့်လေးလေးနဲ့ မဒေဝီခင်တို့နဲ့ အဒေါ်နဲ့က ဖတ်လမ်းတွေလေ'





www.burmeseclassic.com

www.burmeseclassic.com



'အမယ်လေး၊ ကျွန်မရဲ့ ဒေါ်လေးတို့များ စွန်ချက်က တော့ မပြောနဲ့။ ကိုခန့်မင်းထက်ရဲ့ ဦးလေးနဲ့မတွေ့ခင် စတိတ်ရှိုးကို အလှာအဝင်မှာ ဦးအောင်စိုးသူဆိုတဲ့ လူနဲ့ တွေ့သေး။ ဒေါ်လေးကတော့ ပြောမနေနဲ့'

'ကျွန်တော့်ဦးလေးက သူမြတ်နိုးရတဲ့ ချစ်သူအကြောင်း ကျွန်တော်တို့ကို ငယ်ငယ်လေးကတည်းက ပြောပြတာ ဒီနေ့ထိ လူပျိုကြီးပဲ။ ချစ်သူဆီက တစ်နေ့တော့ မေတ္တာရရမယ်။ တစ်နေ့ သူ့ချစ်သူနဲ့ပြန်တွေ့ရမယ်ဆိုပြီး ပြောတာ'

'ဒေါ်လေးက ကျွန်မတို့ ငယ်ငယ်လေးကတည်းက နိုင်ငံခြားမှာ အလုပ်သွားလုပ်တာလေ။ ဟိုမှာက ဘိုးဘိုးတို့ရှိတာကိုး။ မြန်မာနိုင်ငံပြန်ရောက်တာ ငါးနှစ်ပဲ ရှိသေးတယ်'

ထို့နောက် မစ္စတာဘရောင်းဆိုင်မှာ ဒေဝီခင်ကော အဖော်ပါလာသူကိုပါ ကျွန်တော်က လိုက်ကျွေးပါသည်။

ကျွန်တော် ဝန်ခံပါသည်။ ခေတ်ဆန်ဆန် ဝတ်စားထားပေမဲ့ အပြောအဆို ယဉ်ကျေးသိမ်မွေ့သော ဒေဝီခင်ကို ကျွန်တော် စိတ်ဝင်စားမိခဲ့ပါသည်။





တစ်ဆက်တည်း လေးလေးလို ခံစားရလေမလားလို့လည်း စိုးရိမ်မိခဲ့ပါသည်။ ဖွ- လွဲပါစေ။

× × ×

'ဒါဆို ငါ့တူက ခင်တို့ရဲ့ လိပ်စာသိခဲ့ပြီပေါ့ ဟုတ်လား'

'မသိမသာ လက်ဖက်ရည်တိုက်ရင်းမေးရတာပေါ့ လေးလေးရဲ့။ ဩော်- လေးလေးရေ ပြောရဦးမယ်။ အဲဒီနေ့က လေးလေးနဲ့ မတွေ့ခင် ဦးအောင်စိုးသူဆိုတဲ့လူနဲ့ တွေ့သေးတယ်လို့ ဒေဝီခင်က ပြောတယ်။ ကျွန်တော်တို့ ပြန်သွားတော့ သူက ရောက်လာသေးတယ်တဲ့'

'ဘာကွ၊ ဒီကောင်က ဘယ်ကနေ ဘယ်လို ခင့်ဆီ ရောက်လာတာလဲ။ ဒီကောင် ဘယ်လိုပြန်ပတ်သက်ပြန်ပြီလဲ။ နှစ်ပေါင်းများစွာ စောင့်ဆိုင်းနေရတဲ့ ငါ့နှလုံးသားကို ဒီကောင့်ကြောင့် အပျက်အစီးအခံနိုင်ဘူး။ ရှင်းရမယ်။ ဒီကောင် အရင်ကလို ကလိန်ကကျစ် ကျဦးမှာ၊ ဆုံမှ ပြန်ဆုံတတ်တယ် အောင်စိုးသူရယ်'

လေးလေး ဦးကျော်သီဟက လက်သီးကို ကျစ်ကျစ်ပါ



www.burmeseclassic.com

www.burmeseclassic.com



အောင် ဆုပ်လိုက်သည်။

အတိတ်က ရန်ကြွေးအရှိန်တွေ ပြန်ဆွလာအော

ကျွန်တော်ကများ မီးထိုးပေးခဲ့လေသလား။

'ဒါက ပြဿနာမဟုတ်ဘူး လေးလေးရဲ့'

'ဘယ်လို မောင်တောက်ထွန်းရ'

ကျွန်တော်နှင့် လေးလေး စကားပြောနေသည်

အကဲခတ်နေသောတောက်ထွန်းက ပြောလိုက်တာကို လေးလေ

က မေးလိုက်သည်။

'အခုဆို လေးလေး စဉ်းစားကြည့်။ လေးလေး

အဆက်ဟောင်းကြီး လိပ်စာသိရပြီ'

'အဆက်ဟောင်းကြီးလို့ မပြောပါနဲ့ကွာ။ မြတ်နိုး

လို့ပြောပါ။ မဟောင်းဘူးကွ။ လေးလေးအတွက် အမြဲတ

သစ်နေတာ'

'ကဲပါ-ထားပါ။ အခု လေးလေးရဲ့ မြတ်နိုးသူကိုတွေ

ရပြီပဲ။ လေးလေးကြိုးစားလို့ရပြီလေ'

'အဲဒါက ကိစ္စမရှိဘူး။ လေးလေးနဲ့ပြိုင်ဘက် တို့ မိ





ဆိုးက ရှိသေးတယ်။ ဒီကောင်ကလည်း ရှုပ်ဦးမှာပဲ'

'မပူပါနဲ့ လေးလေးရ။ ဒီအခါ အနုနည်းနဲ့ ချဉ်းကပ်

လေ။ ကျွန်တော်မြင်တာပြောရရင် လေးလေးရဲ့ ခင်ဆိုတာကြီး

က အလှအအတို့ ရှပ်ချောတာတို့ သိပ်ကြိုက်မယ့်ပုံ၊ အမြောက်

လည်း ကြိုက်ပုံရမယ်။ ဒီတော့ လေးလေးဗျူဟာပြောင်းရမယ်'

'မောင်တောက်ထွန်း ပြောတာလည်း ဟုတ်တယ်။

ဒါကြောင့် လေးလေး စိတ်ချနေတာပေါ့။ တွေ့လား။ အခု

စိတ် လေးလေး တော်တော်ကျသွားတာ'

တောက်ထွန်းက လေးလေး၏ ဆူဖြိုးနေသော ဗိုက်

ကိုကြည့်လိုက်သည်။ ပြီးတော့ ကျွန်တော့်ဘက်လှည့်ပြီး မျက်စိ

မှိတ်ပြသည်။

'တော် တော် ဝိတ်ကျသွားတာပဲ'

လေးလေးက ကျေနပ်သွားသည်။ ကျွန်တော့်အမြင်

ကတော့ လေးလေးဗိုက်ကြီးရွဲတာက အရင်အတိုင်း မပြောင်း

လဲပါ။

'ကျွန်တော်ကတော့ လေးလေးရဲ့ ခင်ကသာ စကား



www.burmeseclassic.com

www.burmeseclassic.com



ကို တရစပ်ပြောပေမဲ့ သူ့တူမ ဒေဝီခင်ကျတော့ ကျွန်တော်နဲ့ လက်ဖက်ရည်သောက်ရင်း စကားပြောတာ အကဲခတ်တာ ယဉ်ကျေးတယ်ဗျာ။ သိမ်ကလည်း သိမ်မွေ့နဲ့။ ကျွန်တော့်ရဲ့ Heart တောင် ထိသွားတယ်'

လေးလေးက ဘာမှမပြောဘဲ ဖြတင်းပေါက် အပြင်ဘက်က မြင်ကွင်းတွေကို လှမ်းကြည့်နေသည်။

'ခန့်မင်းထက်ရာ ငါထင်တာပြောရရင် ဦးလေးကလည်း တစ်ခါကမရတဲ့ အချစ်အတွက် ပြန်ရဖို့ ကြိုးစား။ တူဖြစ်သူကလည်း ဦးလေးရဲ့ ချစ်သူရဲ့ တူမအချစ်ကိုရဖို့ ကြိုးစားတဲ့သူတွေ ဖြစ်လာမလားလို့။ ဟို ဦးအောင်စိုးသူရဲ့ဘက်ကလည်း ကြိုးစားလာမှာ။ မဟုတ်မှလွဲရော သူ့မှာလည်း မင်းလို တူသာပါလာရင် ဒီပွဲကကြည့်ကောင်းပြီ'

'ကြည့်ကောင်းလား၊ မကောင်းလားဆိုတာ မင်းတကံဇာတ်ဆရာဆီ ဟမ်းဖုန်းဆက်မေးကြည့်ပါလား'

ကျွန်တော်က ထိုသို့ပြောတော့ တောက်ထွန်းက ဘာမှမပြောဘဲ တစ်စုံတစ်ခုကိုသာ စဉ်းစားနေသလိုပင်။





သေချာတာက ကျွန်တော်တို့အကြောင်းပဲ ဖြစ်ပါလိမ့်မည်။

× × ×

အခုတလော ဦးလေးဦးအောင်စိုးသူကို ကြည့်ရတာ တက်ကြွနေသလိုပါပဲ။ ဝတ်တာ စားတာကလည်း အရင်ထက်ကို ရှိုင်းနေတာပဲ။

အဲ- ကပ်စေးနဲတာကလည်း အရင်တိုင်းပဲ ဘာမှမပြောင်းလဲဘူး။

ကျွန်တော်ကျတော့ကော။ ဦးလေးရဲ့အဲဆက်ဟောင်းကြီးလို့ ပြောသူရဲ့ တူမကို နောက်တစ်ခါ ထပ်တွေ့ချင်လို့ ဘယ်လိုဘယ်နည်း အကြံထုတ်ရမလဲလို့ စဉ်းစားမရ ဖြစ်နေမိတယ်။

ဒါနဲ့ ဟိုနစ်ကောင်ကို ဖုန်းဆက်လိုက်တယ်။

❒

'ဝင်းအောင်ကြူ။ ဘာအရေးကြီးလာပြန်လို့ ဖုန်းဆက်ရတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



သော်မိုးက ရောက်ရောက်ချင်း ပြောလိုက်ပါတယ်။

'အစကပြောရရင် ဦးလေးအတွက်ကော ငါ့အတွက်ကောပေါ့ဗျာ။ ဦးလေးရဲ့ အဆက်ဟောင်းကြီးအိမ် ငါအဝင်ထွက်လုပ်ချင်တယ်။ ဘယ်ပုံဘယ်နည်းနဲ့ လုပ်ရမလဲ။ ငါနဲ့ ဦးလေးအတွက် သိပ်အရေးကြီးနေတယ်'

သော်မိုးက ကျွန်တော့်စကားကြောင့် မျက်နှာက မအီမသာ ဖြစ်သွားပါတယ်။

'ဒီစွာတဲ့ အန်တီကြီးရဲ့ ကံကောင်းပုံများကွာ၊ သူ့ကို ဦးလေးကော၊ တူကော ပြိုင်ကြိုက်ရတယ်လို့'

'ဖော့ကောင် - ခိုင်စိုး၊ မင်း တလွဲလျှောက်မပြောနဲ့။ ဟာကွာ၊ ဒီအဘွားကြီးကို ငါက ဘာလုပ်ရမှာလဲ'

'ဘာမှန်း ညာမှန်းမသိ ခိုင်စိုးက ပြောလိုက်လို့ ကျွန်တော် စိတ်တိုသွားမိတယ်။

ဦးအောင်စိုးသူကလည်း ဘယ်နေပါ့မလဲ။

'မင်းရဲ့စကားကို ဒီမှာရပ်လိုက်။ မူယာခင်ကို အဘွားကြီးလို့ မင်းပြောခွင့်မရှိဘူး။ သူဟာ ငါ့အတွက်တော့ နတ်သမီး





အမြဲတမ်း နုပျိုနေတဲ့ အချစ်နတ်သမီး။ သူ နုပျိုအောင် ချိန်ထိ လှနေသလို ငါလည်း နုပျိုအောင်လုပ်ရင်း လှနေသာကြည့်'

ကျွန်တော် ခေါင်းကုတ်စိတ်ဖျက်သွားမိပါတယ်။

ခုတ်ရာ ၊ ရှရာတခြားစီတော့ ဖြစ်နေပြီ။

'ဟာဗျာ- ဒီမှာက အဲဒီဦးလေးရဲ့ ဒေါ်မူယာခင်တို့ အိမ် အဝင်အထွက်လုပ်ချင်လို့ အကြံယူပါမယ်ဆိုမှ'

'ဒီလိုလုပ်ကွာ။ အခု ငါတို့ ရိုက်ထားတဲ့ Live Show ခွေက Editing လုပ်တာပြီးပြီ။ ဒီတော့ အခွေကြမ်းတစ်ခွေ ပြီး အဲဒီ ဒေါ်မူယာခင်ကြီး နားထောင်ဖို့ သွားပေးကွာ။ Conclusion အဖွဲ့ကို သိပ်ကြိုက်တယ်လေ။ သူ နားထောင်မှာပဲ။ ငါ့ညီမ ဝေမာချိုဆီက ငါလိပ်စာတောင်းပေးမယ်။ တာ မင်းတို့ မီးစင်ကြည့်ကပေါ့'

သော်မိုးဆိုတဲ့ကောင်က အတော့်ကို တော်နေပါတယ်။ ဒါ့ကြောင့် ကျွန်တော် သူ့ကို အားကိုးရတာ။

'ဒါဆို ဝင်းအောင်ကြူ ဒီအစီအစဉ်ကို မြန်မြန်လုပ်။



www.burmeseclassic.com

www.burmeseclassic.com



ငါပါ မင်းနဲ့အဖော်လိုက်ရမှာ'

ကျွန်တော့်ခမျာ ဦးအောင်စိုးသူစကားကြောင့် ထပ်စိတ်ညစ်သွားပါတယ်။

'ဦးလေးကပါ အဲဒီအိမ်ကို လိုက်ဦးမယ်။ တော်ကြာ လေးလေးရဲ့ဟာကြီးက လေးလေးကိုမြင်ပြီး မောင်းထုတ်ရင် ပြဿနာ့ပါပဲဗျာ'

'ဝင်းအောင်ကြူ မင်းကလည်း ဘာပြဿနာဖြစ်စရာ ရှိလဲ။ မှုယာခင်ကြိုက်တဲ့ Live Show အခွေ မင်းပေးမှာပဲဟာ စိပ‍ျ ဒီအစီအစဉ် အောင်မြင်မှာပဲ။ အမြန်လုပ်ဟ၊ ဟိုကောင်ကျော်သီဟလည်း ငါ့လို အကြံတူလာရင် အတိတ်က ရန်ကြွေးတွေ ပြန်ဆက်နေရမယ်။ ဒီကောက် လက်ဦးသွားလို့မရဘူး။ ဒီတစ်ခါပွဲသိမ်းရမယ်'

ဦးအောင်စိုးသူက ကြိမ်းဝါးလို့မဆုံးခင်မှာပဲ-

'ဦးလေးက ကြုံးသာ ဝါးနေတာ။ ဟိုက ဦးလေးရှိတာတောင် ဂရုမစိုက်ဘဲနေတာ။ ဦးလေးမုန့်ပေးတာတောင် မယူတာကြည့်ပါလား'





'သော်မိုး မင်းမိန်းမတွေအကြောင်း ဘာသိလဲ။ အဲဒါ ရှက်လို့ကွ။ မင်းသိလား။ အခုချက်ချင်းတွေ့ အခုပြန်ပြီး ပြုံးပြုံလုပ်ပါ့မလား။ သူလည်း အတိတ်ကို ပြန်ခံစားမှာပေါ့ကွ'

သော်မိုးက ဘာစကားမှမဆိုတော့ပေမဲ့ ခိုင်စိုးက-

'အဲဒီလို တစ်ဖက်သတ်မတွေးနဲ့ဦးနော်။ သူက အခု ဦလေးကိုတော ဦးလေးရဲ့ပြိုင်ဘက်ကိုပါတွေ့ရတာဆိုတော့ အပြိုင်နှိုင်းယှဉ်စဉ်းစားလာရင်တော ဘယ်လိုလုပ်မလဲ'

'ဟာ - ဒီတော့ ငါသာတာပေါ့ကွ။ ငါကထိပ်ကလေး နည်းနည်းပြောင်၊ ဆံပင်ကလေးနည်းနည်းဖြူတာပဲ ရှိတာ'

ဦးအောင်စိုးသူကတော့ သူ့ဗသီအတိုင်း တစ်ပြားမှ မလျော့။

'ဝင်းအောင်ကြူ - မင်းအတွက် အဲဒီကိုသွားမှာ။ မင်းအတွက်ကော မင်းဦးလေးအတွက်ကော မဖြစ်ရင်တော့ ဇာတ်လမ်းတပြီးပြီ'

'သော်မိုး- မင်းပါးစပ်ကိုပိတ်၊ ဖြစ်အောင်ကို လုပ်မယ်။ ဘယ်ပြိုင်ဘက် လုဘက်ပဲလာလာ ငါ ရင်ဆိုင်မယ်။ ငါ



www.burmeseclassic.com

www.burmeseclassic.com



က ချစ်သွားပြီလေ'

'ဘယ်သူ့ကိုလဲ ဒေါ်မူယာခင်ကိုလား'

'အဲဒါ ငါ့ဦးလေးအတွက်၊ ငါ့အတွက်က ဒေဝီခင်ဆိုတဲ့ ယမင်းအလှကိုပဲဟေ့'

'လုပ်ကြည့်ပေါ့ကွာ၊ ရတော့လည်းအမြတ်၊ မရတော့လည်း နှလုံးသားခံစားချက်အရှုံးပေါ့'

ခိုင်စိုးက ထိုသို့ပြောလည်း ကျွန်တော်မမှုပါ။ ကျွန်တော့်ရာဇဝင်မှာ အချစ်ဆိုတာ သိမ်းပိုက်ခြင်းဖြစ်သည်ဆိုတာကို ခိုင်စိုးနဲ့ သော်မိုးကို ဘီယာဆိုင်မှာ ကောင်းကောင်းကြီးရှင်းပြရပါဦးမယ်။

× × ×



အချစ်တေးသံများ
အမြန်မြန်လည်နိုးထလော့။
ငါ၏နှလုံးသားသည်
အချစ်တေးသီချင်းသံစဉ်များဖြင့်
ဆူပွက်လောင်မြိုက်နေချေပြီ။

www.burmeseclassic.com

www.burmeseclassic.com

- ၅ -

**ကျွန်**မ ပန်းချီဆွဲဖို့ လုပ်နေတုန်း ခြံထိပ်ကနေ ကားဟွန်းတီးသံကြားရတယ်။ အသံကဝေမာချို့ရဲ့ CODE မဟုတ်ဖူး။

"ဒေဇီ . . . ကားဟွန်းသံကြားပါတယ်။ တံခါးဖွင့်ပေးလိုက်ဦး။ ဘယ်သူများလဲ မသိဘူး"

ဒေါ်လေးမူယာခင်က လှမ်းအော်ပြောလိုက်ပါတယ်။ ဒါနဲ့ ခြံတံခါးကို ဖွင့်ပေးလိုက်ရော . . .

❐

ကံများဗျာ ကောင်းချင်တော့ ခြံတံခါးလာဖွင့်ပေးတာက ကျွန်တော်တွေ့ချင်နေတဲ့ သူနဲ့မှ တည့်တည့်ကိုတိုးလို့။

သူမခမျာ အံ့လည်း အံ့အားသင့်နေပါရဲ့။ ဘာဖြစ်လို့





လဲဆို ကျွန်တော့်ကော ဦးလေးဦးအောင်စိုးသူတို့ပါ တွေ့နေရလို့ပါ။

"ဟော့တူမလေး . . . အန်တီကော . . . မူယာခင်လေ"

ဦးအောင်စိုးသူတို့များ မနေနိုင်မထိုင်နိုင် သူ့ရဲ့ အဆက်ဟောင်းကို မေးဖြစ်အောင်မေးလိုက်သေး။

"ဒေါ်လေး အိမ်ထဲမှာရှိပါတယ်။ ဘာကိစ္စလဲ . . ."

"ကိစ္စကတော့ဟော့ . . . တူမလေးရဲ့ ဒေါ်လေးအတွက်ပေါ့ကွယ်"

ဦးလေးဦးအောင်စိုးသူက ကားပေါ်ကနေဆင်းလိုက်တယ်။ ကျွန်တော်လည်း ကားပေါ်က ဆင်းလို့ပေါ့။

"လာပါ . . . တူမရယ် . . . အိမ်ထဲသွားရအောင်"

ဦးလေး ဦးအောင်စိုးသူတို့များ ရဲချက်ကတော့ ကမ်းတန်ပါပဲ။ သွက်သလားမမေးနဲ့။ သူများအိမ်ကို သူ့အိမ်အတိုင်းပဲ။

ဟိုကခေါ် တောင်မခေါ်ရသေးဘူး။ ကျွန်တော်က ဦးအောင်စိုးသူနဲ့ အိမ်ထဲဝင်တုန်း သတိထားမိတာရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါက ခြံထောင့်မှာ နှင်းဆီပန်းအိုးကို နေရာရွှေ့ နေသူတစ်ဦးက ဘုကြည့်ကြည့်နေတာပဲဖြစ်ပါတယ်။

အသက်က ဦးအောင်စိုးသူနဲ့ မတိမ်းမယိမ်းပဲ။ ဒ တွေ အာတွေလည်း ကောင်းတယ်။ တစ်လောကလုံး သူ့လ စာ စားနေရသလိုမျိုးပဲ။

ဒါနဲ့ အိမ်ထဲကို ခပ်သွက်သွက် လှမ်းဝင်လိုက်တယ်

□

ဘွန်မအံ့အားသင့်မိပါရဲ့။ ဘယ်လိုဖြစ်လို့ ဒေါ်ေ ကို ကြိုက်တဲ့ ထိပ်ပြောင်ပြောင်ဦးလေးကြီးနဲ့ သူတူ အိမ် ရောက်လာသလဲလို့။ သေချာတာက ဝေမာချို့ပြောလို့ပဲဖြ မယ်။ တွေ့မယ် ခင်းတော့လား။

"ဒေါ်လေးရေ ... ဒီမှာဧည့်သည်"

"ဘယ်သူတွေလဲကွဲ့"

အိမ်ထဲကနေ ဒေါ်လေး မှုယာခင် အိမ်ရှေ့ဧည့်ခ ကို ထွက်လာရင်းက ထိပ်ပြောင်နေတဲ့ ဦးအောင်စိုးသူကို ေ သွားတော့ ...။





"ကိုအောင်စိုးသူ ... ရှင် ... ဘယ်လိုဖြစ်လို့ ဒီကို လာတာလဲ ... ဘာကိစ္စလဲ ... ရှင်တော့လေ ... မကြီး မငယ်နဲ့"

"မှုယာခင်ကလည်းလေ ... ကိုယ့်ကိုဆို အပြစ်တင် စကားပြောဖို့ပဲတတ်တယ်။ ဘာမှမပြောင်းလဲဘူး။ ဟိုးတုန်းက အတိုင်းပဲ။ အဲ ... လှတာလည်း အရင်လိုပဲ။ ဒီလိုကွာ... ဘယ်လိုလဲဆိုတော့ ဟော့ဝင်းအောင်ကြ့ ပြောပြရှင်းပြကွာ"

တော်တော်စကားကို လိပ်ပတ်မလည်တဲ့ ဦးအောင်စိုးသူ။ သူပဲပြောတော့ မလိုလို ဘာလိုလိုနဲ့။

"ဒီလိုပါအန်တီ ... ဝေမာချို့ကပြောလို့ပါ။ အန်တီကတဲ့ Conclusion အဖွဲ့ကို သိပ်ကြိုက်တယ်တဲ့။ ဒီတော့ ကျွန်တော်တို့ Live Show တုန်းက Conclusion အဖွဲ့သီချင်းဆိုတာ ရိုက်ထားတော့ အခွေကတော့ မထွက်ရသေးဘူး။ အခုမှ Editing ပြီးတာ ဆိုတော့ အခွေအကြမ်းကို အန်တီနားထောင်ဖို့ ဦးလေးက တိုက်တွန်းတာနဲ့ ကျွန်တော်လာပို့တာပါ။"

"ဪ ... Conclusion အခွေလား။ Live Sho



www.burmeseclassic.com

www.burmeseclassic.com



သီချင်းတွေလား။ အန်တီပြောမလို့။ အဲ့ဒီ Live Show မှာ ဒင်းတို့လေးတွေက သီချင်းနည်းနည်းပဲဆိုလို့ အန်တီကတောင် စိတ်မကောင်းဖြစ်နေတာ။ အန်တီခမျာ ဒင်းတို့လေးတွေ အဲဒီညက ဝတ်တဲ့ အဝတ်အစားနဲ့ပဲ ဖြေသိမ့်လိုက်ရတယ်။ သူတို့ ဝတ်တဲ့ ဝတ်စုံက ရှယ်ပဲ။ နိုင်ငံခြားမှာလည်း ဒါမျိုးပဲဝတ်တာလေ။ သူတို့လေးတွေ ဝတ်ထားတာ လှလိုက်တာကွယ်။ အန်တီရဲ့ Heart ကို ညှို့ယူသွားတယ်"

"ဩော် . . . အန်တီရယ် . . . Conclusion က တစ်ဖွဲ့တည်း Live Show ရိုက်တာမဟုတ်လို့ သီချင်းနည်းနည်းပဲဆိုဖြစ်သွားတာပါ။ နောက်သူတို့ Live Show အခွေထုတ်ဖြစ်ရင် စိတ်ချသူတို့ကို အန်တီ့အကြိုက်ဝတ်စုံ တစ်စုံပြီး တစ်စုံလဲခိုင်းမယ်"

"ဟယ် . . . တကယ် . . . တကယ်ပြောတာနော်"

"တကယ်ပေါ့ အန်တီရဲ့'

"ဩော် . . . နေဦး . . . မီအေးရေ . . . အအေးနှစ်ခွက်ဖျော်လာပါဦး"





ဒေါ်လေးတို့များ ပြောမပြောချင်ဘူး ဖြစ်နေလိုက်တာ။ ကိုယ့်အသက်အရွယ်မှ အားမနာ။

ဒေါ်လေးက အဲ့ဒီလို ပြောနေတဲ့အချိန် ဦးအောင်စိုးသူဆိုတဲ့ လူကြီးရဲ့မျက်နှာက စူပုပ်နေလိုက်တာ။

"မှုယာခင် . . . အရင်တုန်းက သီချင်းမကြိုက်ဘဲနဲ့ အခုဘယ်လိုဖြစ်သွားတာလဲ"

"နိုင်ငံခြားမှာ အနေကြာတော့ ဂီတကို စွဲလမ်းသွားတာပေါ့လေ"။ ဒါနဲ့ . . . ရှင့်မှာလည်း အသက်က ရလာတာ . . . လူငယ်တွေလိုပဲ လုပ်တုန်းလား။ တရားလေး ဘာလေး မမှတ်ဘူးလား"

"မှုယာခင်ကတော့ ပြောတော့မယ်ကွာ . . . ကိုယ့်ကျတော့ ပြောတယ်။ မှုယာခင်ကျတော့ကော . . ."

"ကိုအောင်စိုးသူ . . . ရှင်ကဘာလဲ စကားနိုင်လုတာသား။ ဒါက ကျွန်မဝါသနာပဲလေ"

ဦးအောင်စိုးသူခမျာ ဘာစကားမှ မဟတော့။ ဩော် . . . ဒေါ်လေးတို့များ ပါဝါကြီးပုံများနော်။



www.burmeseclassic.com

www.burmeseclassic.com



"အတော်ပဲကွယ်။ ရွှေ့လကျရင် . . . ဒေဝီခင် မွေးနေ့ပွဲကို ဒီခြံထဲမှာလုပ်မယ်။ မင်းတို့က တေးထုတ်လုပ်ရေး ဆိုတော့ တီးဝိုင်းတွေ၊ အဆိုတော်တွေရှိတာပဲ။ မင်းပဲ အကူညီ တောင်းရမယ်"

"ဟာ . . . ရတာပေါ့ . . . စိတ်ချ . . . ကျွန်တော် အားလုံးဆောင်ရွက်ပေးမယ်"

ဒေါ်လေးကတော့ လုပ်ချလိုက်ပြန်ပြီ။

"မဒေဝီခင် . . . ဘာမှမပူနဲ့နော် ကျွန်တော် ကူညီ မယ်"

ကျွန်မက အလိုက်သင့် ခေါင်းညိတ်ပြလိုက်ပါတယ်။

"ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါဦး"

"ဟုတ်ကဲ့ရှင့်"

"အေး . . . အေး"

ဒီအချိန်မှာပဲ ဦးအောင်စိုးသက ဒေါ်လေး အနား ကပ်လာရင်း -

"မူယာခင် . . . ကိုယ်သွားမယ် . . . မူယာခင်ရဲ့





နေ့ရောက်တိုင်း ကိုယ်ဘုရားမှာ နှစ်စဉ်ကောင်းမှုလုပ်ပေး ာပြောပါရစေ။ ကိုယ်သွားမယ်"

ဦးအောင်စိုးသူဆိုတဲ့ လူကြီးက အလာကြီးပါပဲ။ အဲ့ဒီ ား တစ်ခွန်းက ဒေါ်လေးမူယာခင်အတွက် ငိုင်ကျသွားပါ ယ်။

ဒီအချိန်မှာပဲ ဦးလေးဘတုတ်က အိမ်ထဲ ဝင်လာ င်း . . .

"ဟေ့လူ . . . ကိုယ့်မိဘမွေးနေ့တွေကော မှတ်မိ ။ ဘယ်နှခါလောက်ဘုရားမှာ မွေးသမိခင် မွေးသဖခင် နေ့ရောက်တိုင်း ကောင်းမှုလုပ်ပေးဖူးသလဲ။ မလုပ်ရသေး သွားလုပ်ဦး"

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့"

ဦးဘတုတ် စကားကြောင့် ဦးအောင်စိုးသူက အလိုက် ့ခေါင်းညိတ်လိုက်ပါတယ်။

ဦးလေးဘတုတ်တို့ကတော့ ကလန်ပြန်ပြီလို့။

"ဒါ . . . ဒေါ်လေးရဲ့ အစ်ကို . . . ဒေဝီရဲ့ ဦးလေး



www.burmeseclassic.com

www.burmeseclassic.com



လေ"

ကျွန်မက ခိတ်ဆက်ပေးလိုက်ပါတယ်။

အဲ့ဒီနောက်တော့ သူတို့နှစ်ဦးအိမ်ကနေ ပြန်သွားတဲ့ အခါ ဦးဘတုတ်က စကားတစ်ခွန်းပြောပါတယ်။

"ငါ့ခြံထဲမှာ လမ်းလုပ်စရာမလိုဘဲနဲ့ကို လမ်းဖြစ်တော့ မယ် . . . မှုယာခင် နင်တော့ ဝက်သက်ပေါက်မယ်နော် . . . ကြီးဝက်သက် . . . ဒေဝီခင် . . . နင်လည်း . . . အင်း . . . ဇာတ်လမ်းကတော့စပြီ . . . အေး . . . ငါလည်း . . . ဘတုတ် ငါ့အကြောင်းပြရမှာပေါ့"။

ဦးဘတုတ်က အဲ့ဒီလိုပြောတော့ ဒေါ်လေး မှုယာခင် က ဂရုစိုက်ဖို့နေနေသာသာ စောစောကလာပေးတဲ့ Live Show အကြမ်းခွေစက်ထဲထည့်နေရဲ့။

ကျွန်မကတော့ ဦးဘတုတ်ပြောသလိုပါပဲ။ ကျွန်မခြံ ထဲလမ်းဖြစ်တော့မယ်ဆိုတာ သိပြီးသား။

ကိုယ်က ရေလာမြောင်းပေးမလုပ်ဖို့ဘဲ လိုတယ်လို့။

× × ×



လုပ်ချင်သလို လုပ်ရလို့ကတော့
အနာဂတ်တွေကို
ခပ်များများဝယ်ပစ်လိုက်ချင်တာ။

www.burmeseclassic.com

www.burmeseclassic.com

- ၆ -

"ဘယ်ကို သွားဦးမလို့လဲ ဒေဝီခင်ရဲ့"

"စင်ဒရဲလား ဖိနပ်ဆိုင်လေ"

"နင်တလည်းဟယ်. . . ပစ္စည်းတွေ ဒီလောက်

ထားတာ။ ဝယ်လို့ပဲ မကုန်နိုင်ဘူး"

"မဟုတ်ဘူး . . . ဝေမာချိုရဲ့ ငါ့မွေးနေ့ရောက်

စီးဖို့ ဖိနပ်ဝယ်ဖို့လေ"

"နင့်မှာ ဒီလောက်ဖိနပ်တွေများတာဟယ်"

"ဝေမာချိုရာ နင်လည်း မိန်းမသားဖြစ်ပြီး အ

တာ၊ မိန်းမဆိုတာ ဖိနပ်တွေကို သဘောကျတယ်လေ။

နေ့မှာ ဖိနပ်အသစ်နဲ့ဆိုတော့ ပိုမကောင်းဘူးလား"





ဝေမာချိုဆီက ဘာစကားမှ မကြားရတော့ပါ။ နိုင်ငံခြားမှာရှိတဲ့ ဘိုးဘိုးရယ် ဖေဖေနှင့်မေမေတာ ကျွန်မ မွေးနေ့အတွက် မွေးနေ့လက်ဆောင်အဖြစ် ငွေဆယ်သိန်းပို့ပေးတယ်။

မွေးနေ့မှာ ဝတ်ဖို့အဝတ်အစားကို IVY မှာ သွားချုပ်၊ ရွှေနန်းတော်မှာကျောက်စီထားတဲ့ ရွှေရင်ထိုးအပ်ထားတာ သွားယူ။

အဲဒီရွှေရင်ထိုးလေးက သေးပေမဲ့ ကျောက်တွေက မေမေရဲ့ ငယ်ငယ်တုန်းက စုဆောင်းထားတဲ့ ကျောက်တွေ။ ဒီခေတ်ဈေးဆို တော်တော်ရမယ်။

ဒါကြောင့် ရွှေရင်ထိုးရရချင်းပဲ မိန်းမသားပီပီ မအောင့်နိုင်တော့ဘူး။ ဆိုင်ကထွက်ထွက်ချင်းမှာပဲ အင်္ကျီမှာ ထိုး လိုက်တယ်။

ဒီနေ့ကျမှ ကျွန်မက ဘယ်လိုဖြစ်မှန်းမသိဖူး။ ရင်ဖုံးအင်္ကျီနဲ့ ချိတ်ထမီကို ဝတ်ချင်လို့ ဝတ်လာမိတော့ အိုကေပဲ။

ကားမောင်းခါနီးတောင် ယောကျ်ားတွေရဲ့ ကြည့်ခြင်းတောင်ခံရသေး။



www.burmeseclassic.com

www.burmeseclassic.com



သိပ်လှနေတဲ့ ငါပါလားဆိုပြီး ဘယ်ရမလဲ နည်းနည်းတော့ 'ပဲ' တိုင်ရတာပေါ့။

၀

စင်ဒရဲလား ဖိနပ်ဆိုင်ကတော့ ဝယ်သူတွေ ပြည့်နေတာပဲ။

မိန်းမတွေချည်းပဲ။ ပြထားတဲ့ ဖိနပ်တွေကို ကြည့်လိုက်၊ နမူနာစီးကြည့်လိုက်နဲ့။

ဆိုင်ထဲကို ကျွန်မနဲ့ ဝေမာချိုဝင်လာတာ ကိုခန့်မင်းထက်က သိပုံမပေါ်၊ သူ့ သူငယ်ချင်း နှစ်ယောက်ကလည်း သတိမထားမိဘူး။

ဖိနပ်ဝယ်သူတွေကို ဖိနပ်တွေပြနေလေရဲ့၊ ဆိုင်ထဲမှာ လွင့်ပျံ့နေတဲ့ သီချင်းသံက တိုးတိုးညင်းညင်းလေး။

"ဘယ်လိုလဲ ... တော်တော်ရွေးရောင်းကောင်းနေတယ်ပေါ့"

"ဟာ ... မဒေဝီခင်"

ကျွန်မက နှုတ်ဆက်လိုက်တော့ ကိုခန့်မင်းထက်က အံ့အားသင့်သွားတယ်။ သူလိုပဲ သူ့ သူငယ်ချင်းနှစ်ယောက်လည်း ဒီအတိုင်းပဲ။

"ကျွန်မ ဖိနပ်လာဝယ်တာ ..., ဒီတစ်ခါတော့ အလကားမပေးရဘူးနော် ... ပိုက်ဆံယူရမယ်"

"ဟုတ်ကဲ့ပါဗျာ ... တောက်ထွန်းရေ ... နောက်ရောက်လာတဲ့ ဖိနပ်ပုံဆန်းလေးတွေပြလိုက်ဦး"

သူ့ သူငယ်ချင်းက ဖိနပ်ပုံဆန်းတွေ တစ်ဖွေ့တစ်ပိုက်ကြီး ယူလာပေးတယ်။

"မဒေဝီခင် ... ဒါက စက္ကူက ဖိနပ်ပုံစံကို မန္တလေးချုပ်နဲ့ ပြန်လုပ်ထားတာ၊ မြန်မာပိုဆန်တယ်။ မဒေဝီခင်နဲ့ လိုက်မှာပါ"

"ဒီဘက်က အစ်မလည်း စိတ်ဝင်စားရင် နမူနာစီးကြည့်လေ"

ဝေမာချိုက ရယ်ရင်းက

"ကျွန်မကို အစ်မလို့မခေါ်ပါနဲ့ ... အသက်ကမကြီးသေးပါဘူး ဝေမာချိုလို့ပဲခေါ်ပါ"







www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူးဗျာ . . . ဈေးရောင်းရတော့ အကျင့် နေလို့ပါ"

ကျွန်မလည်း ကျွန်မနဲ့လိုက်မယ့် ဖိနပ်ကို ရွေး တယ်။ ဝေမာချိုလည်း ဘယ်နေမလဲ။ ပြောတော့ ဘာဖြစ်တ ညာဖြစ်တယ်နဲ့ သူလည်းရွေးတော့တာပဲ။ ကိုယ့်ထက်တော ဆိုးနေသေးရဲ့။

ကျွန်မတို့က ဖိနပ်တွေရွေးနေတုန်း တခြား ဝယ် တွေလည်း စိတ်ဝင်တစားနဲ့ ကျွန်မတို့ နားရောက်လာ ဝိုင်းရွေးတော့တာပါပဲ။

"ဧဲ . . . သွားမယ်နော်"

"ဩော် . . . ဟုတ်ကဲ့ . . . ဟုတ်ကဲ့"

ဖိနပ်ဖိုးကျသင့်ငွေပေးပြီး နှုတ်ဆက်ပြန်လာခဲ့တ ကားမောင်းနေရင်း ကိုယ်ဝယ်လာတဲ့ ဖိနပ်ကို သဘော နေမိတယ်။ ဒီဖိနပ်က မွေးနေ့ရောက်ရင် ကိုယ်ဝတ်မယ့် စုံနဲ့ လိုက်ဖက်ညီနေမှာ အမှန်ပဲ။

❒





ကျွန်တော်က ဖိနပ် ရောင်းနေရင်းကနေ ဒေဝီခင် ဆိုင်ထဲက ထွက်သွားတာကို လှမ်းကြည့်နေမိပါသည်။

"ခန့်မင်းထက်ရာ ဒေဝီခင်က တော်တော်လှတာကွ။ ဒီနေ့ဝတ်တာ စားတာကလည်း တော်တော်ကျက်သရေရှိတာ။ မင်းပြောပြောနေတဲ့ ရှာရာဗိုလာနဲ့ မန္တိုင်းပါနဲ့ကွာ။ ဒေဝီခင်က ပိုလှတယ်ကွ"

တောက်ထွန်း၏ ပါးစပ်က မိန်းမသားတစ်ဦး လှ ကြောင်းချီးကျူးတာမျိုးက အင်မတန်မှကို ကြားရခဲပါသည်။

"တောက်ထွန်းရာ ဒေဝီခင်ကို ငါအကဲခတ်ကြည့်နေ တာ အင်မတန် တည်ငြိမ်တယ်။ အလုပ်တစ်ခုကို လုပ်ရင် တည်တည်ငြိမ်ငြိမ်နဲ့ စနစ်တကျပြင်ဆင်ပြီးမှ လုပ်မယ့်ပုံပဲ။ မင်းတော့ အတော်ကြိုးစားရမှာ။ မင်းရဲ့ လေးလေးနဲ့တောင် ကြာချင်ကြာသွားနိုင်တယ်။

မြင့်ငြိမ်က မှတ်ချက်ချပြန်သည်။

"ခေတ်တွေက မတူတော့ပါဘူးကွာ။ ဒီတော့ နှလုံး သားရေးရာ ကိစ္စတွေမှာလည်း ပါရာဒိုင်းအရွေ့သဘောက



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းသွားပြီ။ ချဉ်းကပ်ပုံချင်းမတူတော့ဘူးလေ”

ကျွန်တော်က မြင့်ငြိမ်ကို စကားပြောရင်း တစ်စုံတစ်ခုကိုမြင်လိုက်ရသည်။

ဖိနပ်တွေကို စောစောတုန်းက ဒေဝီခင်တို့ကို ပြလို့ပြန်သိမ်းနေတုန်းမှာ ဖိနပ်နမူနာတွေကြားထဲမှာ ကျောက်စီထားသော ရွှေရင်ထိုးလေးတစ်ခုကို တွေ့လိုက်ရလို့ ဖြစ်ပါသည်။

“ကျောက်စီထားတဲ့ ရွှေရင်ထိုးလေးကွ၊ စောစောတုန်းက ဒေဝီခင်ဖိနပ်ရွေးနေရင်း သူ့အင်္ကျီရင်ဘတ်ကနေ ပြုတ်ကျခဲ့တာလား မသိဘူး”

“ခန့်မင်းထက်ကလည်းကွာ၊ တခြားတစ်ယောက်ယောက်ဟာ ဖြစ်မှာပေါ့”

“မဟုတ်ဘူးထင်တယ် မြင့်ငြိမ်။ ဒီလိုလုပ် . . . ငါ ဒေဝီခင်တို့အိမ်လိပ်စာသိတယ်။ လိုက်ပေးလိုက်မယ်။ တကယ်လို့ သူ့ဟာမဟုတ်ရင်လည်း တစ်ခြားလူဟာဆိုရင် ဒီဆိုင်မှာ လာပြန်ယူမှာပဲ။ တောက်ထွန်းနဲ့ မင်းက ဒီကပဲ စောင့်နေ”





ကျွန်တော်ချက်ခြင်းဆိုသလို ဒေဝီခင်တို့ အိမ်သို့ထွက်လာခဲ့သည်။

သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တွေတများ ဇာတ်လမ်းဆင်ပေးလိုက်လေရယ်သလားမသိပါ။

❐

တားကို ပေါ်တီကိုအောက်မှာရပ်ရင်း ဝယ်လာတဲ့ ပစ္စည်းတွေကို လက်ကသယ်ရင်း ဖိနပ်ချွတ်ရင်းက ကိုယ့်ရင်ဘတ် ကိုယ်ငုံ့ကြည့်မိရင်း ကျွန်မရင်ထဲထိတ်ခနဲဖြစ်သွားတယ်။

ကျွန်မရဲ့ရင်ဘတ်မှာထိုးထားတဲ့ ဒီနေ့မှ ရွှေဆိုင်က ရတဲ့ ကျောက်စီထားတဲ့ ရွှေရင်ထိုးက ဘယ်မှာပြုတ်ကျ ကျန်ခဲ့သလဲမသိ။ ကားမောင်းနေရင်းဘာဖြစ်လို့ သတိမထားမိခဲ့ပါလိမ့်။

“ဦးဘတုတ် . . . ဦးရေ . . . လုပ်ပါဦး ဒေဝီ . . . ရွှေရင်ထိုးလေးဘယ်မှာကျ ကျန်ခဲ့သလဲမသိဘူး”

ဦးဘတုတ်က ရေပိုက်တွေကို ဘေးချရင်းက ကျွန်မရဲ့ အနားရောက်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



"နင်က ဘယ်မှာထားလို့လဲ"

"ရင်ဘတ်မှာ ထိုးထားတာ။ ဒီနေ့မှ ရတဲ့ဟာ"

"မိန်းမတွေများခက်ပါရဲ့ . . . ကြွားချင်ဝါချင်လိုက်တာဆိုတာမပြောနဲ့ . . . နာရီ၊ စက္ကန့်၊ မိနစ်တောင်မဆိုင်းဖူး။ နည်းတောင်နည်းသေးရဲ့။

"မနည်းဘူး ဦးရဲ့ . . . သိန်းကျော်တယ်။ အရေးထဲ ဆူနေရသေးတယ်"

"ဘယ်တွေဝင်သေးလဲ"

"ဖိနပ်ဝယ်ပြီး ပြန်လာတယ်။ ဝေမာချိုကို ကားနဲ့ သူ့အိမ်လိုက်ပို့တယ်။ ဒါပဲ တခြားဘယ်မှမသွားဘူး"

"ဒီလိုဆို ဖိနပ်ဆိုင်မှာ ကျသလား မသိဘူး"

"ဒါဆို . . . ဖိနပ်ဆိုင်မှာ ပြန်ကြည့်ပေါ့"

ဦးဘတုတ်က အဲ့ဒီလိုပြောနေစဉ်မှာပဲ ခြံထဲကို ကားတစ်စီးဝင်လာတယ်။

ကျွန်မကြည့်လိုက်တော့ ကိုခန့်မင်းထက်ရဲ့ ကားဖြစ်နေတယ်။

❐





ကျွန်တော်သိလိုက်ပြီ။ သေချာပါသည်။ ကျောက်စီ
းသော ရွှေရင်ထိုးလေးသည် ဒေဝီခင်ပစ္စည်းဆိုတာ။

ပစ္စည်းပျောက်သဖြင့် စိုးရိမ်နေသော သောကအရိပ်
ယောင်ကို ဒေဝီခင်မျက်နှာပေါ်မှာ တွေ့နေရသည်။

ပြောမည့်သာပြောတာ။ ဒေဝီခင်များသည်လောက်
ာကဖြစ်နေသည့် အမှုအရာရှိနေတာတောင်မှ အတော်
းကို လှနေသည်။

ဖိနပ်ဆိုင်လာတုန်းက အတိုင်းပင်။ ခေတ်စကားနှင့်
ာရလျှင် တာကယ့်အလတ်ကြီးကိုရှိနေပါသေးသည်။

"မဒေဝီခင် . . . ဒီရင်ထိုးက မဒေဝီခင်ပစ္စည်းလား၊
ိုင်မှာကျကျန်ခဲ့တာတွေလို့ လာပေးတာ"

"ဟုတ်တယ်။ ကျွန်မအခု အိမ်ရောက်ရောက်ချင်းမှ
ယ့်ရင်ဘတ်ကိုယ်ငုံ့ကြည့်ရင်း သတိထားမိတာ၊ ကျေးဇူးပါပဲ
[illegible]"

ဒေဝီခင်က ဝမ်းသာအားရ အမှုအရာမျိုးဖြစ်ရင်းက
ာလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ပေးသော ရင်ထိုးကို မြတ်မြတ်နိုးနိုးနှင့် ယူလိုက်ပါသည်။

"အိမ်ထဲဝင်ပါဦး"

"မဝင်တော့ဘူး။ မဒေဝီခင်၊ ဆိုင်ကို ပြန်သွားရဦးမယ်"

"ဒါဆို . . . ဒေဝီ . . . မွေးနေ့ပွဲနိုးမှ ဖိတ်စာပို့လိုက်မယ် . . . လာဖြစ်အောင်လာနော်"

"ဟုတ်ကဲ့ပါ"

ကျွန်တော်နှင့် မဒေဝီခင် စကားအချီအချ ပြောနေတာကို ဒေဝီခင် ဘေးနားတွင်ရှိနေသော မျက်နှာထားတင်းတင်းနှင့် ဦးကျော်သီဟတို့အရွယ်လောက်ရှိမည့် လူတစ်ဦးက အကဲခတ်နေပါသည်။

"နေပါဦးကွ . . . မင်းကိုမေးရဦးမယ် . . . မင်းက ဒေဝီခင်ရဲ့ လိပ်စာကို ဘယ်လိုသိထားလဲ"

ခပ်မာမာထန် ပုံစံမျိုးနှင့်ဦးလေးကြီးက မေးလိုက်သည်။ မေးပုံက ရုပ်ရှင်တွေထဲက လူကြမ်း အမူအရာမျိုး အတိုင်း ဖြစ်ပါသည်။





"တစ်ခါတုန်းက ကျွန်တော့်ဖိနပ်ဆိုင်မှာ မဒေဝီခင် ဖိနပ်လာဝယ်ရင်းကနေ တွေ့ကြရင်း မိတ်ဆွေဖြစ်သွားတာပါ"

"အော . . . မင်းကတော့ ဒီကို အကြောင်းကိစ္စတိုက်ဆိုင်လို့လာတာကိုး။ ဟိုတစ်ယောက်ထက်တော့ သာသွားပြီ"

"အို . . . ဦးဘတုတ်ကလည်း ဘာတွေပြောနေမှန်း မသိဘူး"

စိတ်ညစ်သလို အမူအရာမျိုးနှင့် ဒေဝီခင်က ပြောလိုက်သည်။

"လမ်းကတော့ ထပ်ဖြစ်ဦးတော့မှာပဲဟေ့"

ဦးဘတုတ်က ဘာကိုဆိုလိုပြီး ဘာပြောတယ်မှန်း ကျွန်တော်မသိ။

ကျွန်တော်ကတော့ ကားမောင်းပြီး ဒေဝီခင်တို့ ခြံထဲမှ ထွက်လာခဲ့သည်။

သေချာပါသည်။ လမ်းကတစ်လမ်းမောင်းမက ဒေဝီခင်တို့ခြံထဲမှာ ခြောက်လမ်းသွားလမ်းမျိုးဖြစ်အောင် လုပ်ပြလိုက်ဦးမည်ဟု ကျွန်တော့်စိတ်ထဲက ကြိမ်းဝါးနေမိသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com

ရုံ့မှုကို
လိုသလို
ထုတ်မသုံးလို့ကတော့
လက်ထဲ
လိုချင်တာက
တောတောသီ
အလွယ်တကူ
ရောက်လာမှာမဟုတ်ဘူး။

- ၇ -

"**အ**လုပ်များရှုပ်တာကို ရှုပ်တယ်လို့ကို မထင်ဘူး။ အခုလည်း ကြည့်ဦးလေ"

မနက်ဖြန်ဆို ဒေဝီခင်ရဲ့ မွေးနေ့။ အဲ့ဒီမွေးနေ့ညမှာ ကျွန်တော်စီစဉ်ပေးတဲ့ တီးဝိုင်းက ဖျော်ဖြေမှာလေ။

ကီးဘုတ်သမား၊ ဂစ်တာသမား အားလုံးက အိုကေ။ အဆိုတော်တလည်း အိုကေ။ အဲ. . . အန်တီမူယာခင်ကြိုက်တဲ့ Conclusion အဖွဲ့ကိုလည်း တစ်ပုဒ်လောက်ဝင်ဆိုပေးပါလို့ ပြောရသေးတယ်။

ဒါနဲ့ ချူဆီထည့်ရမှာ။ ဒါမှအန်တီမူယာခင်က သဘောကျ။ ဒေဝီခင်ကလည်း ကျွန်တော့်ရဲ့ စွမ်းဆောင်မှုကို အသိအမှတ်ပြု။



www.burmeseclassic.com

www.burmeseclassic.com



ပျော်တာကတော့ ကျွန်တော့်ထက် ပိုပျော်တဲ့ သူရှိသေးတယ်။

ဘယ်သူရမလဲ၊ ဦးလေးဦးအောင်စိုးသူပါ။

အခုလည်း သော်မိုးနဲ့ ခိုင်စိုးကို ခေါ်ပြီး အကြံတောင်းနေပြန်ပြီလေ။

"ဦးလေး ဒီပုံနဲ့ကတော့ မဖြစ်သေးဘူး"

"ဘာဖြစ်လို့လဲ သော်မိုးရ"

"ဦးလေးစဉ်းစားကြည့်။ ခေါ်မှုယာခင်က ဒီလောက်အလှအပကြိုက်တာ မထမဦးဆုံး ဦးလေး စလုပ်ရမှာက နည်းနည်းဆံပင်ဖြူစပြုနေတဲ့ ဦးလေးရဲ့ဆံပင်ကို အနက်ဆိုးရမယ်။ ဒါမှဆံပင်နက်ရင် လူပုံစံပြောင်းသွားတော့ ဦးလေးရုပ်နုသွားမယ်။ ပြီးတော့ဦးလေး မျက်နှာပေါင်းတင်ရမယ်"

"ဟေ"

"မဟေနဲ့ဦးလေး . . . ခေါ်မှုယာခင်က အလှအပကြိုက်တော့ ဦးလေးက သူ့ကို သူကြိုက်တဲ့ အလှအပ ပစ္စည်းမျိုးလက်ဆောင်ဝယ်ပေးရမယ်၊ ဘယ်မိန်းမ မဆို လက်ဆောင်





ပေးရင် မယူချင်တာမရှိဘူး"

သော်မိုးစကားကို နားထောင်နေတဲ့ ဦးအောင်စိုးသူ ခေါင်းကို ကုတ်လိုက်ပါတယ်။

"ဟာကွာ. . . မင်းတို့ဟာက အရင်းအနှီးကြီးလှချည်လား. . . ကျောင်းတုန်းက မှုယာခင်ကို ငါပိုးတုန်းက ဒီလောက်မကုန်ဝါဘူး"

"ဦးလေးက အဲ့ဒီလို ကပ်စေးနှဲလို့ ဒီလိုဖြစ်နေတာ။ ကျွန်တော်တို့ပြောသလို ဦးလေးစဉ်းစားမိလား၊ အဲ့ဒီတုန်းကလေ"

"ဟုတ်တော့ဟုတ်တယ်ကွ၊ ငါက ငါနဲ့ပြိုင်ဘက်ကျော်သိဟရဲ့ အရိပ်အခြေအနေကိုပဲ ထောက်လှမ်းစောင့်ကြည့်မော့ဆက်လုပ်နေရတော့ မသိလိုက်ဘူး"

"ဒီတော့ ဦးလေး . . . မနက်ဖြန်မွေးနေ့ပွဲအမီ ခေါ်မှုယာခင် အံ့အားသင့်သွားအောင် လုပ်ပြလိုက်"

"ဒါဆို ငါဘာလုပ်ရမလဲ"

"မြို့ထဲသွားမယ်။ မျက်နှာကို ပေါင်းတင်မယ်။ ပြီး



www.burmeseclassic.com

www.burmeseclassic.com



တော့ဆံပင်ဆိုးဆေးဝယ်မယ်။ ဆံပင်ဆိုးမယ်"

"ဟော့ . . . ဟော့ . . . ဆံပင်ကတော့ အိမ်မှာပဲ ဆိုးမယ်ကွာ။ ငါ့ဆံပင်က နည်းနည်းလေးရှိတာ။ ဆိုင်မှာဆို မတန်ဖူး။ ပိုက်ဆံတွေနှမြောစရာ။ မျက်နှာပေါင်းတင်တာနဲ့ မုယာခင်အတွက် လက်ဆောင်ဖိုးက ရှိသေးတယ်။ ဒါတော့ ရင်းရမှာပေါ့ကွာ"

သော်မိုးနဲ့ ဦးအောင်စိုးသူတို့ နှစ်ယောက်က အတိုင်အဖောက်ညီနေလိုက်ကြတာ။

"ဦးလေးတို့ဟာကဗျာ။ ဒေဝီခင်ရဲ့ မွေးနေ့ကို အမှီသဟဲပြုပြီး ကြံစုပ်သလိုဖြစ်နေပြီ"

"ဒီမှာ ခိုင်စိုး . . . ငါက ကြံစုပ်ရင် သွားနာတယ်။ အခုဟာက ကြံစုပ်တာမဟုတ်ဖူးဟေ့။ အချိုရည်ပုလင်းကို ပိုက်နဲ့စုပ်သောက်တာမှတ်ထား"

ပြောပြောဆိုဆိုပဲ ဦးအောင်စိုးသူက သူ့အခန်းထဲဝင်သွားတယ်။ သေချာပြီ ပိုက်ဆံသွားယူနေပြီဆိုတာ။

ကျွန်တော်ထင်တဲ့ အတိုင်းပဲ လက်ကိုင်ပိုက်ဆံအိတ်





ကို ချိုင်းကြားညှပ်ပြီး ထွက်လာတယ်။

"သော်မိုးသွားမယ် လုပ်လုပ်၊ ခိုင်စိုးလိုက်ဦးမလား"

"မလိုက်ပါဘူးဗျာ . . . သော်မိုးစတဲ့ ဇာတ်လမ်းသော်မိုးရှင်းမယ်"

ကျွန်တော်တွေးနေမိပါတယ်။ ပြန်လာရင်တော့ တစ်ခုခု ထူးခြားလာမှာလို့။

❐

"မျက်နှာပေါင်းတင်မယ်"

"အစ်ကိုလား"

"မဟုတ်ဘူး"

"ဒီက ဦးလေး"

"ဟီး . . . ဟီး"

မြူတီးဆလွန်းက ကောင်မလေးတွေက သော်မိုးစကားကြောင့် ဦးအောင်စိုးသူကို ကြည့်ပြီးရယ်လိုက်တယ်။

"ဟဲ့ . . . ဘာရယ်တာလဲ"

ဦးအောင်စိုးသူက ကောင်မလေးတွေကို လှမ်းပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်။

"လာ . . . ဘကြီး . . . ဒီခုတင်ပေါ်တက်၊ မျက်နှာကို အရင်ဆေးရမယ်"

"ဟဲ့ . . . ငါ့ကို ဘကြီးလို့မခေါ်နဲ့ . . . အသက်က သိပ်မကြီးသေးဘူးဟာ"

အဲ့ဒီနောက် ဦးအောင်စိုးသူတစ်ယောက် ခုတင်ပေါ်မှာ တောင့်တောင့်ကြီး မျက်နှာပေါင်းတင်ခြင်းကို ခံနေလေရဲ့။

ခုတင်ပေါ်မှာ မျက်နှာပေါင်းတင်ထားတဲ့ ဦးအောင်စိုးသူရဲ့ မျက်နှာကြီးကို ဒေါ်မှုယာခင်တွေလိုက်တော့ ကြောက်ကြောက်လန့်လန့်နဲ့ ထွက်များပြေးလေမလားမသိ။

❐

"ငါ့ရုပ် . . . နုသွားပြီမတုတ်လား"

"နုသမှ သိပ်နုပေါ့ဦးလေးရာ၊ ဒေါ်မှုယာခင် တွေ့လောက်တယ်"

သော်မိုးစကားကို ဦးအောင်စိုးသူ သဘောကျသွားတယ်။





"ကဲ . . . ဒီစတိုးဆိုင်မှာ ရွေးကွာ . . . ဘာဝယ်ပေးရင် ကောင်းမလဲ"

"ရေမွှေးဝယ် ဦးလေး"

"ဈေးကြီးတဲ့ ရေမွှေးမှ ကောင်းမှာ ဝယ်ရမှာပေါ့ကွာ။ ဒီလောက်တော့ရင်းရမှာပေါ့"

ဒီလောက်ကပ်စေးနှဲတဲ့ ဦးအောင်စိုးသူများ အချစ်ရေးအချစ်ရာကျတော့ မငြင်းဘူးဗျာ။ ရေမွှေးတစ်ပုလင်းနှစ်သောင်းဝယ်ပုံများ ပက်ခနဲပဲ။

"ဦးလေးလာ . . . ဒီကောင်တာမှာ ဆံပင်ဆိုးဆေး မေးရအောင်"

"သော်မိုး . . . မင်းမေးကွာ . . . အဲ့ဒီကောင်တာက ကောင်မလေးကို ငါမေးရမှာရှက်လို့၊ ငါ မင်းနောက်မှာနေနေမယ်"

သော်မိုးလည်း ပေါက်တဲ့ နဖူးမထူးတော့တာမို့

"ဆံပင်ဆိုးဆေးလိုချင်လို့ပါ"

"ဘာအရောင်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အနက်ရောင်ပါ"

အရောင်းကောင်တာက ကောင်မလေးက သော်မိုးရဲ့ ဦးခေါင်းကို မသိမသာ အကဲခတ်တော့ သော်မိုးက ဒီအသက်အရွယ်ကလေးနဲ့ ဆံပင်တွေဖြူလို့ ဆေးဆိုးနေရတယ်လို့ ထင်တော့မှာပဲလို့ တွေးမိရင်း ဦးအောင်စိုးသူကို ဘုကြည့်ကြည့်လိုက်တယ်။

သော်မိုးနောက်မှာရှိတဲ့ ဦးအောင်စိုးသူက ရယ်ပြလို့။

"ဆံပင်ဆိုးဆေးက အမျိုးမျိုးရှိတယ်၊ ဘယ်တံဆိပ်သုံးချင်တာလဲ"

ကောင်မလေးက မေးတယ်။

"ဦးလေးဘယ်တံဆိပ်သုံးချင်လဲ"

"ဘာတံဆိပ်တွေရှိလဲ"

"ညီမလေး ဘာတံဆိပ်တွေရှိလဲ"

"လိုလိမ်း၊ ဂျပ်မော်ဒယ်လ် အများကြီးပဲ"

"ဦးလေး လိုလိမ်း ဂျပ်မော်ဒယ်လ် အများကြီးပဲတဲ့"

သော်မိုးက အဲ့ဒီလို ဦးအောင်စိုးသူကိုပြောတော့





ဦးအောင်စိုးသူက သူ မဝယ်သလို ရှက်သလို အမူအရာနဲ့ -

"မင်းအဖေက လိုလိမ်းကြိုက်တယ်လေ"

"ဪ . . . ညီမ . . . လိုလိမ်း"

"လိုလိမ်းက နှစ်ထောင်တဲ့"

"ဘာဖြစ်လဲကွာ ဝယ်လေ . . . မင်းအဖေက နှစ်ထောင်ဆိုလည်း ဝယ်မှာပဲ"

"ဒါဆို ပိုက်ဆံပေး"

"အေး . . အေး . . မင်းအဖေပေးတဲ့ ပိုက်ဆံရော့ ဒီမှာ နှစ်ထောင်"

"ရော့ ညီမ"

အရောင်းကောင်တာကကောင်မလေးကို သော်မိုးက ဦးအောင်စိုးသူပေးတဲ့ ငွေနှစ်ထောင်ကိုပေးလိုက်တယ်။

"လိုလိမ်းက ကောင်းတယ်။ လူကြီးတွေက ဒါပဲဆိုးတာ။ အစ်ကို့အဖေသဘောကျမှာပါ"

ကောင်မလေးက သော်မိုးကို ပြောလိုက်ပါတယ်။

"ဟုတ်တယ် တူမရဲ့ သူ့အဖေက ဒါပဲဆိုးတာ"



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်စိုးသူရဲ့စကားအဆုံး သော်မိုးက ဦးအောင်စိုးသူရဲ့ လက်ထဲ လိုလိမ်းဘူးထည့်ပေးလိုက်တယ်။

"အေးအေး . . . မင်းအဖေသဘောကျတာ ဒါပဲ"

ဦးအောင်စိုးသူ စကားအဆုံး သော်မိုးက သူ့နဖူးကို သူ့လက်နဲ့ ရိုက်လိုက်တယ်။

သေပြီဆရာလို့ ပြောမလို့ပါပဲ။ ဦးအောင်စိုးသူက သူ ဆံပင်ဆိုးဆေးဝယ်ရမှာ ရှက်လို့ သော်မိုးကို ဝယ်ခိုင်းခါမှ ကောင်မလေးတမေးတိုင်း ဦးအောင်စိုးသူက သူ့အဖေအတွက်လို့ ပြောပြောနေတော့ သော်မိုး ခမျာ ဦးအောင်စိုးသူရဲ့သား ဖြစ်မှန်းမသိဖြစ်သွားတာ မသိလိုက်လေခြင်းလို့။

တော်တော်ဒုက္ခပေးတဲ့ ဦးအောင်စိုးသူ။

❒

"ဒါပဲ . . . သော်မိုးရ . . . အချစ်အတွက်နဲ့ ပတ်သက်လာရင် ရင်းရတယ်။ အခုငါ့အရင်းအနှီး ဘယ်လောက်ကြီးလဲ။ မျက်နှာပေါင်းတင်ရတယ်။ ဆံပင်ဆိုးဆေးဝယ်ရတယ်။ ပြီးတော့ လက်ဆောင်ပေးဖို့ ဝယ်ရတယ်။ ဘယ်လောက်ရင်း





ရသလဲ။ ဒီလိုရင်းမှ မေတ္တာကို ရမှာမို့လား။

"တော်ပါဦးလေးရာ။ ဦးလေးကိုယ်တိုင်ဝယ်လို့ရရဲ့သားနဲ့ မဝယ်ရဲလို့ ကျွန်တော့်ကို ဝယ်ခိုင်းတာ ကျွန်တော့်မှာ ဦးလေးရဲ့ သားကိုဖြစ်နေလို့"

ဦးအောင်စိုးသူက ရယ်မောရင်းမှ

"စိတ်မဆိုးပါနဲ့ကွာ။ ဒါလည်း ရင်းတယ်လို့ သဘောထား"

"ဦးလေးကလည်း ဦးလေးရဲ့ သားဖြစ်ခံရတဲ့ အရင်းအနှီးကလည်း ကြီးမှကြီးဗျာ။ ဒီအရင်းအနှီးက အတော်ဆိုးတယ်။ ကိုယ့်အမေပါ ပေးရမလို ဖြစ်နေတယ်"

သော်မိုးက ခုထိအောင့်သက်သက်ဖြစ်နေတုန်း။

"မင်းစဉ်းစားကြည့်၊ ဦးလေး အချစ်နဲ့ပတ်သက်ပြီး ဒီလိုရင်းတာမျိုး ဟိုကောင် ကျော်သီဟ ရင်းရဲမလား။ ဒီကောင် ဒီလောက်ငွေကုန်ကြေးကျခံမလား။ အချစ်နဲ့ပတ် သက်လာရင် ငွေကုန်ကြေးကျခံနိုင်မှကွ၊ ဟုတ်တယ်မို့လား"။

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



သော်မိုးက ခေါင်းညိတ်ပြလိုက်တယ်။

"ဟာ . . . အတော်ပဲဟေ့ . . . ရှေ့မှာ ဘယာကြော် သည်ပါလား၊ ဗိုက်ဆာတာနဲ့ အတော်ပဲ"

ဦးအောင်စိုးသူက လမ်းလျှောက်လာရင်း ဘယာကြော်သည်ကို တွေ့လို့ပြောလိုက်ပါတယ်။

"ဘယ်လိုရောင်းလဲဟေ့"

"တစ်ထုတစ်ထယ်ပါ"

ဘယာကြော်သည် ကုလားက ပြန်ပြောပါတယ်။

"ဒါဆို . . . တစ်ရာဖိုးထည့်ကွာ"

ဘယာကြော်ကုလားက ဘယာကြော်ကို ကြွပ်ကြွပ် အိတ်နဲ့ထည့်ပြီး ဦးအောင်စိုးသူကို ပေးလိုက်ပါတယ်။

"ကောင်းလိုက်တဲ့ ဘယာကြော် . . . ဗိုက်ဆာတာနဲ့ အတော်ပဲ"

"ဟေ့ . . . သော်မိုး . . . ပေးလိုက်ကွာ . . . တစ်ရာတဲ့"

"ဗျာ . . . ဦးလေး"





သော်မိုးတစ်ယောက်အိတ်ကပ်ထဲကနေ ငွေတစ်ရာ ထုတ်ပေးလိုက်ပါတယ်။

ဪ . . . ဦးအောင်စိုးသူတို့များ အချစ်အတွက် တော့ အကုန်ကျခံတယ် ရင်းတယ်ပြောပြီး ဘယာကြော်ဖိုး တစ်ရာကျတော့ အကုန်မခံ။ သူများကို ဝယ်ကျွေးခိုင်း၊ ဒီကြား ထဲ သူ့သားဖြစ်ရသေး။

သူစပေးတဲ့ဇာတ် မှားလေပြီလို့။

□

ကျွန်တော် ထင်တဲ့အတိုင်းပါပဲ။

သော်မိုးတစ်ယောက် ဦးအောင်စိုးသူရဲ့ အကြောင်း ကောင်းကောင်းကြီး သဘောပေါက်သွားပြီဆိုတာ။

× × ×

## မင်းရဲ့ကောင်းကင်မှာ



www.burmeseclassic.com

www.burmeseclassic.com

တိမ်တိုက်တွေ
လွင့်မျောလာတာမဟုတ်ဘူး။
အချစ်တွေ
မျောပါလာတာပါကွယ်။

- ၈ -

"ကိုယ်တော်တို့ စောင့်ရှောက်ပါ။ အချစ်နဲ့တွေ့တဲ့အခါ ဘေးမသိရန်မခပါစေနဲ့"

ကျွန်တော်နည်းနည်းစိတ်ညစ်သွားပါသည်။ လေးလေး ဦးကျော်သီဟကြောင့်ဖြစ်ပါသည်။

ဒေဝီခင်၏ မွေးနေ့ပွဲကို သွားပါမည်ဆိုခါမှ လေးလေးက နတ်စင်ရှေ့မှာ လက်အုပ်ချီ ဆုတောင်းလို့နေသေးသည်။

သည်ညမှာမှ လေးလေးဦးကျော်သီဟက အပြတ်ရှိုင်းထားသည်။

"လေးလေးကလည်းဗျာ မကြီးမငယ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မင်းမသိဘူးနော် . . . လေးလေးက ကိုယ့်အသွေးအသားနဲ့ကိုယ်ကွ၊ ကိုယ့်ကိုစောင့်ရှောက်တဲ့ ကိုယ်တော်တွေကို တိုင်တည်ရတာပေါ့ကွာ။ ခင့်ကိုက အခုမှပြန်စရမှာ"

ကျွန်တော်ကတော့ ဒေဝီခင်မွေးနေ့အတွက် ကျွန်တော်ပေးမည့်မွေးနေ့လက်ဆောင်အတွက် ဒေဝီခင်က သဘောကျမှာပဲလို့ ကားမောင်းရင်းတွေးနေမိပါသည်။

"ခန့်မင်းထက်ရာ လေးလေးမှင်ခုန်လိုက်တာကွာ။ ခင်နဲ့ ဒုတိယမို့ပြန်တွေ့ရမှာဆိုတော့ . . ."

"လေးလေးအခုသွားမှာက ဒေဝီခင်ရဲ့ မွေးနေ့နော်၊ လေးလေးရဲ့ခင် မွေးနေ့မဟုတ်ဘူး"

"လေးလေး သိပါတယ်ကွာ"

ဒေဝီခင်တို့ခြံနားရောက်ခါနီးမှာ တီးဝိုင်းက တီးခတ်နေတာကို ကြားနေရသည်။ ကားတွေကလည်း ခြံရှေ့မှာ ရပ်ထားသည်။

❒

"ကိုခန့်မင်းထက်လာလာ . . . ဪ . . . ဦးလည်း





ပါတာကိုး"

ခေတ်ဆန်ဆန်ရိုးရိုးရှင်းရှင်းလေး ဝတ်ဆင်ထားသည့် ဒေဝီခင်သည်တကယ့်နတ်သမီးလေးလိုပါပဲ။

"ဒီရင်ထိုးလေးက ကိုခန့်မင်းထက်ကြောင့် ပြန်ရတာ။ ဒါ့ကြောင့် ဒီညမှာ ရင်ဘတ်ထိုးလို့ရတာ။ ဪ . . . အတော်ပဲ . . . ဒေဝီ Birthday ကိတ်လှီးရင် လက်ခုပ်တီးပေးရမယ်နော်"

"ဟုတ်ကဲ့ . . . ရော့ . . . ဒီမှာ . . . ဒါ . . . ကျွန်တော့်ရဲ့ လက်ဆောင် . . . တန်ဖိုးတော့မကြီးပါဘူး။ လောကနီတိစာအုပ်လေး ဒါကိုဆောင်ထားရင်း လောကမှာနေလို့ရပြီ"

"ကျေးဇူးတင်ပါတယ်ရှင်"

ဒေဝီခင်က ကျွန်တော်နှင့် ဦးကျော်သီဟကို စားပွဲလွတ်တစ်လုံးရှိရာခေါ်သွားသည်။

"မဒေဝီခင် . . . မွေးနေ့ကိတ်လှီးတော့မလား . . . စလို့ရပြီ၊ တီးဝိုင်းကို ကျွန်တော်ပြောလိုက်တော့မယ်"

"ကိုဝင်းအောင်ကြူ သဘောပဲလေ"

"ဪ . . . ကိုဝင်းအောင်ကြူ မိတ်ဆက်ပေးရဦး



www.burmeseclassic.com

www.burmeseclassic.com



မယ် . . . ဒါကိုခန့်မင်းထက်တဲ့"

တစ်ခါက တောက်တွန်းပြောသော စကားကသေချာ သွားပါသည်။

ကျွန်တော်နှင့်သက်တူရွယ်တူဖြစ်သည့် ဝင်းအောင်ကြူဆိုသူက လေးလေး၏ ရည်းစားလှုဘက် ဦးအောင်စိုးသူ၏ တူဖြစ်နေသည်။

"ကဲ . . . ကိုခန့်မင်းထက်လာ"

ကျွန်တော့်ကို ဒေဝီခင်က မွေးနေ့ကိတ်မုန့်လှီးမည့်နေရာသို့ ခေါ်သွားသည်။

ဝင်းအောင်ကြူဆိုသော သူကလည်း ပါလာသည်။

မွေးနေ့ကိတ်နားမှာ ဒေဝီခင်၏ သူငယ်ချင်းများနှင့် ဒေါ်မှုယာခင်ကို တွေ့ရသည်။ သည်အမျိုးသမီးကြီးရှိုင်းထားတာက ကိုယ်တိုင်မွေးနေ့ပွဲဆင်နွှဲနေသလားပင်။

"ဒေဝီ . . . လာလေ . . . တူမလေး"

ဒေဝီခင်ကို လှမ်းခေါ်လိုက်ပြီး ကိတ်မုန့်ဘေးတွင်ချထားသော ဓားကို ပေးလိုက်သည်။





"Happy Birthday To You.

Happy Birthday To You.

Happy Birthday To You."

တီးဝိုင်းမှမွေးနေ့သီချင်းကို တီးခတ်သံနှင့်အတူ အနီးအနားမှာရှိသော လူတွေကပါ မွေးနေ့သီချင်းကို သံပြိုင်ဆိုကြသည်။

ဒေဝီခင်က ကိတ်မုန့်ကို ဓားနှင့်လှီးလို့၊ ဒေါ်မှုယာခင်က ဒေဝီခင်အား ကိတ်မုန့်ခွံ့ကျွေးသည်။ ဒေဝီခင်ကလည်း အနီးနားရှိ သူငယ်ချင်းတွေကို မုန့်ခွံ့ကျွေးသည်။

"မဒေဝီခင် . . . ကျွန်တော်ခုမှာ ပြန်ထိုင်လိုက်ဦးမယ်"

"ဟုတ်ကဲ့ ကိုခန့်မင်းထက် . . . ဒေဝီ ဧည့်သည်တွေသွားဧည့်ခံလိုက်ဦးမယ်"

ဝင်းအောင်ကြူဆိုသူကတော့ ဒေဝီ၏ အနားမှာ တဝဲလည်လည်နှင့် ရှိနေသည်ကို ကျွန်တော်ထိုင်နေရင်း သီချင်းဆိုသံကို နားဆင်နေရင်းမှ မြင်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"လေးလေး . . . လေးလေးရဲ့ ခင်ကို သွားနှုတ်ဆက်ဦးလေ။ လေးလေး ဒီမှာထိုင်နေတာ သူ မတွေ့ဘူးလေ"

တစ်ချိန်လုံး ဘာစကားမှမဆိုသော ဦးကျော်သီဟက

"ခင့်ကို တစ်ခါတုန်းက တက္ကသိုလ် အဆောင် ဒင်နာညစာ စားပွဲမှာ လေးလေးက ဟောဒီလို ခုံမှာထိုင်ရင်း ခင့်ရဲ့ အလှကို ငြိမ်ငြိမ်လေး ခံစားခဲ့တာကွာ။ အခုလည်း ဒီအရသာ ပြန်ရသလို ခံစားရတယ်။ တကယ့်လွမ်းစရာပါပဲ။

"လွမ်းတာက နောက်မှထားပါ။ဟော. . . ပြောရင်းဆိုရင်း ဒေါ်မှုယာခင် ဒီဘက်လာနေတယ်"

ကျွန်တော်က ဒေါ်မှုယာခင် ကျွန်တော်တို့ နားသို့ လာနေတာကို မြင်သည့်အတွက်ကြောင့်ပါ။

"ဘုရားသိကြားမလို့ ခင် . . . ဒေါ်သသံပါပါနဲ့ မပြောပါစေနဲ့ကွာ"

ဦးကျော်သီဟက တုန်ရင်နေသော အသံနှင့် ပြောလိုက်သည်။

"ခင်"





"ဟင် . . . ကိုကျော်သီဟ . . . ရှင် . . . ဒီကို . . . ဘယ်လိုရောက်လာတာလဲ"

မထင်မှတ်ထားသလို အံ့ဩသည့် အမူအရာနှင့် ဒေါ်မှုယာခင်က ပြောလိုက်သည်။

"ဒါ . . . ကိုယ့်တူလေ . . . ခင်ရဲ့ . . . မွေးနေ့ဖိတ်လို့ လိုက်ခဲ့ပါဆိုလို့. . ."

"ဩော် . . . ဒေဝီရဲ့ ရင်ထိုးလာပေးတဲ့ ကောင်လေးက ရှင့်တူကိုး . . ."

"ဟုတ်ပါတယ်ခင် . . . ကိုယ့်ရဲ့တစ်ဦးတည်းသော တူပါ။ ကိုယ်ကတစ်ကိုယ်ရေသမားဆိုတော့ သူနဲ့အတူနေတယ်လေ။ ဒီနေ့ထိ ကိုယ့်နှလုံးသားမှာ ဘယ်သူမှ . . ."

"မှုယာခင် . . . မှုယာခင်"

"ကိုအောင်စိုးသူ"

ပြောပြီးဆိုလျှင် ဘာရိုက်မအုပ်သလိုမျိုး စကားကို တရစပ်ပြောသည့် ဦးကျော်သီဟတစ်ယောက် စကားမဆုံးခင် ဒေါ်မှုယာခင်ရဲ့ နာမည်ခေါ်ပြီး လူတစ်ယောက် ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် အကြည့်မှာ ချက်ခြင်း ဦးကျော်သီဟ မျက်နှာနီးမြန်း သွားသည်။

ပွဲတတော့ ကြည့်ကောင်းပြီ။ ကျွန်တော်အခုမှ ဘုရား တမိပါသည်။ လူကြီးတွေ စကားများကြလျှင် အခက်။ ရန်သူ တော်နှစ်ယောက်တွေမှ တွေ့တတ်ပလေစ။

"ကျော်သီဟ . . . မင်းဒီကို ဘယ်လိုရောက်လာတာ လဲ. . ."

"ဒါမင်းသိစရာမလိုဘူး. . . သိချင်ရင်လည်း မင်း မှတ်ထား။ ကံကြမ္မာနတ်သားက စိတ်ထားကောင်းသူတွေ အတွက် ပို့ပေးလိုက်တာကွ"

"ဟော့ကောင် . . . မင်းက ငါ့ကို စိတ်ယုတ်မာရှိသူလို့ ပြောချင်တာလား"

"ဒါကတော့ မင်းရေးခဲ့တဲ့ မင်းသမိုင်း စာမျက်နှာကို ပြန်ဖတ်ကြည့်ပေါ့ကွာ"

"ဒီမှာကျော်သီဟ . . . ငါ့ရဲ့ စာမျက်နှာတွေမှာက အချစ်ဆိုတဲ့ စကားလုံးတွေပဲရှိတာကွ"





"အေး. . . ရှိခဲ့ရင်လည်း အဲ့ဒီအချစ်ဆိုတာကြီးက မင်းရဲ့ ယုတ်မာမှုဆိုတဲ့ အရာကို မျက်နှာဖုံးတွေ စွပ်ထားတာပဲ ဖြစ်မယ်"

"ငါယုတ်မာတာမဟုတ်ဘူးကွ၊ အမှန်တရားဆိုတဲ့ စကားလုံးကို မှုယာခင်ကို ပေးဖတ်ခဲ့တာ"

"ခင့်ကို မင်းပေးဖတ်ခဲ့တဲ့ စာမျက်နှာတွေက မင်းလုပ် ကြံခဲ့တဲ့ စကားလုံးတွေနဲ့ ရေးသားထားတဲ့ အမှားတွေက"

"နေပါဦး . . . မင်းက. . . ခင်. . . ခင်. . . ခင်နဲ့၊ မင်းနဲ့မှုယာခင်နဲ့က ရည်းစားဖြစ်ခဲ့တာမှ မဟုတ်တာ၊ မင်း ခေါ်စရာမလိုဘူး"

"ဟော့ကောင် အောင်စိုးသူ . . . မင်းနဲ့ငါနဲ့က ဒီနေရာ မှာလွဲပြီ။ မင်းက ခင့်မေတ္တာရဖို့ကို ယုတ်မာကုန်းချောကောက် တချစ်မှုတွေနဲ့ ရည်ရွယ်ချက်ထားတယ်။ ငါကခင့်မေတ္တာရဖို့ကို ခင့်အပေါ်မှာထားရှိသော ငါ့ရဲ့မေတ္တာတွေနဲ့ ရည်ရွယ်ချက် ထားတယ်။ အဖြူထည်သန့်သန့်လေး။ ဒါ့ကြောင့် ငါမြတ်နိုး သူကိုငါ့ဘာသာငါ ခင်လို့ခေါ်တာ ခေါ်ပိုင်ခွင့်ရှိတယ်။ ခင်းသိ



www.burmeseclassic.com

www.burmeseclassic.com



ဖို့က လူ့ဝါးစပ်က ထွက်တဲ့ လေကို မင်းကန့်သတ်ဥပဒေပြဋ္ဌာန်းခွင့်မရှိဘူး"

ကျွန်တော်အတော်စားသွားပါသည်။ ရှပ်ရှင်ထဲကလို တောလိပ်ဂျင်နေဝင်းနှင့်မြတ်လေး အပြန်အလှန်စကားပြောနေသလိုပင်ဖြစ်သည်။

ဒေါ်မူယာခင်လည်း အတော်စိတ်ညစ်နေပုံရသည်။

"တော်ကြပါတော့ . . . ရှင့်တို့နှစ်ယောက် စကားပြောတာက စကားရည်လုပွဲလိုလို၊ ကက်ဆက်ဇာတ်လမ်းလိုလိုနဲ့ ဘာတွေလဲ"

သည်လူကြီးနှစ်ယောက်အပေါ် ဒေါ်မူယာခင် ဩဇာတော်တော်လွှမ်းသည်ထင်ရပါသည်။ နှစ်ယောက်သား ကလေးတွေအလား စကားသံထွက်မလာ။

"မူယာခင် . . . ရော့ . . . ဒါ . . . ကိုယ့်လက်ဆောင်။ ရေမွှေးကြိုက်တတ်တယ်မို့လား . . . နိုင်ငံခြားက မှာပေးတာ ယူလိုက်နော်။ အမှတ်တရပေါ့ . . . မူယာခင် ဘာကြိုက်သလဲဆိုတာ ကိုယ်ဒီနေ့ထိ သိနေတာ အံ့အားသင့်မှာပေါ့"





"ဟယ် . . . ရေမွှေး . . . ကျေးဇူးတင်တယ်"

ဒေါ်မူယာခင်၏ မျက်နှာက ဝင်းပ သွားသည်။ ဦးကျော်သီဟမျက်နှာကညှိုးကျသွားသည်။ တော်တော့်ကို အထိနာသွားသည့်ပုံဖြစ်သည်။

"ဒေါ်လေး . . . ရှေ့ကိုလာ . . . ဟိုမှာ Conclusion အဖွဲ့ဆိုမယ်တဲ့"

"ဟယ် . . ဟုတ်လား ဝေမာချို . . လာပြီ . . . လာပြီ"

သည်အခေါ်ကြီးများဖြစ်ပုံ။ တစ်ခါတည်းအနီးအနားကနေ သုတ်ခြေတင်ပြေးတော့သည်။

"အောင်စိုးသူ . . . ဒီတစ်ခါတော့ မင်းအောက်လမ်းနည်းက သာသွားပြီပေါ့ကွာ။ အေး . . . ရေရှည်စစ်ပွဲမှာ မင်းတောင့်ခံနိုင်အောင် မင်းရဲ့ကတုတ်ကျင်းကို အခိုင်အမာတူးထား။ ငါထပ်ပြောမယ်။ မင်းကတုတ်ကျင်းက သေတွင်းမဖြစ်စေနဲ့"

"ခန့်မင်းထက် . . . မင်းဒီမှာ ဆက်နေချင်နေ။ ငါတော့ ဒီကောင့်နားနေရတာ မသာတီဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကျော်သီဟ မင်းလွန်လာပြီနော်"

"ဟာ . . . ဦးလေးတို့ကလည်းဗျာ"

ကြာကြာနေလျှင် လူကြီးတွေရန်ပွဲ အသွင်ဆောင်လာတော့မှာမို့ ဦးကျော်သီဟကို အတင်းဆွဲခေါ် ခေဝီခင်ထံပြန်တော့မည်အကြောင်း နှုတ်ဆက်ရင်း အမြန်လစ်လာခဲ့ရပါသည်။

ဪ . . . အချစ်အတွက် ပြိုင်ဆိုင်မှုဆိုတာ အသက်ရောဆိုတာမရှိပါလား။

ကိုယ်တော်တွေလည်း အချစ်ကြောင့် လေးလေး

ဦးကျော်သီဟကို မစောင့်ရှောက်နိုင်တော့ ဘူးထင်ပါရဲ့။

× × ×



အချစ်အတွက်
တချို့များကျတော့
လောကနိဗ္ဗာန်ကို ဖန်တီးတယ်။
တချို့က
ငရဲကို ဖန်တီးပြန်ရော။
ခက်တယ်ဗျာ
ဒီအချစ်ဆိုတာကြီးက
ဘာမှန်းမသိ
မမြင်ရဘဲနဲ့
ခုကျွေးပေးနေတာ။

www.burmeseclassic.com

www.burmeseclassic.com

- ၉ -

"မင်းကိစ္စကတော့ ရုပ်ရှင်တွေထဲက လိုပဲဟေ့။ ဦးကျော်သီဟကျပြန်တော့လည်း ဦးအောင်စိုးသူဆိုတဲ့ လူကြီးနဲ့ ဒေါ်မူယာခင်ကို လုရ။ ဟော. . . အခုမင်းက ဒေဝီခင်ကို စိတ်ဝင်စားပြန်ပြီဆိုပြန်တော့ ဦးအောင်စိုးသူရဲ့တူ ဝင်းအောင်ကြူဆိုတာကလည်း မင်းလိုပဲဒေဝီခင်ကို စိတ်ဝင်စားပြန်၊ မဟုတ်မှလွဲရော မင်းတို့တွေ ဟိုဘဝက ကျိန်စာဆိုခဲ့ကြသလားကွာ"

မြင့်ငြိမ်၏ မသက်မသာ ညည်းညူပြောဆိုသံကို နားထောင်နေရသော ကျွန်တော့်နားထဲတွင် ဒေဝီခင်၏ စကားသံလောက် မချိုမြသည်မှာ သေချာပါသည်။



"မင်းဘယ်လို ဒေဝီခင်ရဲ့ ကိစ္စကို စီစဉ်မလဲ။ မင်းနောက်ကျလို့ မဖြစ်ဘူး။ ဟိုဝင်းအောင်ကြူကလည်း မင်းလိုပဲ ဒေဝီခင်ဆီ ချဉ်းကပ်မှာပဲ။ သူက ဒေဝီခင်ရဲ့ အိမ်ကို ချဉ်းကပ်ဝင်ထွက်ဖို့လွယ်တယ်ကွ။ ဘာဖြစ်လို့လဲဆို ဒေါ်မူယာခင်ကြီးက ဒီလောက်သီချင်းဝါသနာပါတာ ဒီကောင်က ဓာတ်ထုတ်လုပ်ရေးသမားဆိုတော့ အဲဒီနည်းနဲ့ စည်းရုံးမှာပဲ"

တောက်ထွန်းစကားက ဟုတ်သလိုလို ရှိနေပါသည်။

"ဟုတ်တယ်ခန့်မင်းထက် . . . မင်းကျတော့ အဝင်အထွက်က နည်းနည်းခက်မယ်။ ဘယ်လို အကြောင်းပြမလဲ"

"ငါလည်းအဲ့ဒါကိုပဲ စဉ်းစားနေတာကွ။ ငါလေ ဒေဝီခင်ကို စိတ်ဝင်စားမိတာ မှားများမှားသွားပြီလားမသိဘူး"

"မမှားဘူး ခန့်မင်းထက် . . . တမင်တကာ ဖူးစာဆုံချင်လို့ကို မင်းကသူ့ရင်ထိုးလေးကောက်ရ။ ပြန်ပေးနဲ့၊ အချစ်ရေးပဲကွာ ချစ်သူလုဘက်၊ ပြိုင်ဘက်ဆိုတာတော့ရှိမှာပဲကွ၊ ကြိုးစားပေါ့ကွာ"

"တောက်ထွန်းပြောတာဟုတ်တယ်။ ခန့်မင်းထက်



www.burmeseclassic.com

www.burmeseclassic.com



ဘာမှလုပ်မနေနဲ့၊ ဖွင့်တိုက်ကွာ၊ အကြောင်းရှိရှိ မရှိရှိ ဒေဝီခင်တို့ အိမ်ကို သွားကွာ လမ်းပေါက်ပလေ့စေ"

ရုတ်ခြည်းဆိုသလို မြင့်ငြိမ်စကားကြောင့် ကျွန်တော် တစ်စုံတစ်ယောက်ကို သတိရသွားသည်။

"လမ်းပေါက်တယ်ဆိုလို့ကွာ . . . ဒေဝီခင်တို့ ဦးလေး ဦးဘတုတ်ကလည်း ဒီလိုပဲပြောတယ်"

"ဟာ. . . ဒါဆို. . . ခန့်မင်းထက်. . . အဲ့ဒီ ဦးဘတုတ်ကို ချဉ်းကပ်ပြီး ဝင်ပေါ့ကွာ"

"မလွယ်ဘူးထင်တယ် မြင့်ငြိမ်၊ ဒီလူကြီးက ဘုဝလန်သမားမျိုး၊ တုလောကလုံး သူ့လုပ်စာ စားနေရတဲ့ ပုံစံမျိုးနဲ့ကွ ဖြစ်မယ် မထင်ပါဘူး။"

ကျွန်တော်က အကြောက်အကန် ငြင်းဆိုလိုက်သည်။

"တစ်ခါတလေမှာ ပါးစပ်ကြမ်းတဲ့လူတွေရဲ့ ရင်ထဲမှာ နူးညံ့တဲ့ နှလုံးသားရှိတတ်တယ်ကွ၊ သူတို့ရဲ့ ဗီဇအရ ပါးစပ်ဆိုးပေမယ့် နှလုံးသားလှတဲ့ သူတွေရှိပါတယ်ကွာ။ ဦးဘတုတ်က အဲ့ဒီလူမျိုးထဲပါချင်ပါနေမှာပေါ့"





တစ်ခါတစ်ရံ တောက်တွန်းဆိတ သည်လို စကားမျိုးတွေ ကြားရတာက ချီးကျူးရမလိုပင်။

"ခန့်မင်းထက် . . . ငါ အကြံရပြီ"

"ဘာ . . . အကြံလဲကွ တောက်တွန်းရ"

"မင်းငါ့ကို ပြုစုဖို့ပြင်ဆင်"

"ဘာဖြစ်လို့လဲ"

"ဒီမှာ သေသေချာချာနားထောင် . . . ငါ့ညီမ တစ်ဝမ်းကွဲက ပန်းချီဆွဲတယ်။ ဂယ်လာရီ ခန်းလေးလည်းလုပ်ထားတယ်။ အနုပန်းချီဝါသနာပါတဲ့ မိန်းကလေးတွေပဲစုပြီး ပြပွဲလုပ်မလို့ရှိတယ်။ မိန်းမပန်းချီဆွဲတဲ့ လူကလိုနေတယ်။ ဒေဝီခင်ကို အဲ့ဒီပန်းချီပြပွဲမှာ သူဆွဲတဲ့ ပန်းချီကားတွေကို ပြပွဲတင်နိုင်းမယ်ကွာ။ ဒီတော့ သူဆွဲပြီးတဲ့ ပန်းချီကားတွေသူ့အိမ်သွားသွားယူရင် မင်းနဲ့ပါ ရင်းနှီးမှုရမယ်။ ဒါအကွက်ပဲ"

အလွန်တော်သည့် ကျွန်တော့်သူငယ်ချင်း။ သည်ကမ္ဘာမှာ သူ့လောက်တော်မည့်သူ ရှိမည်မထင်ပါ။

❐



www.burmeseclassic.com

www.burmeseclassic.com



"ဝင်းအောင်ကြူ . . . ဒီတစ်ခါတော့ မင်းဟာ ငါလို မဖြစ်စေရဘူး။ ဦးလေးဖြစ်တဲ့ သူက အဒေါ်ရဲ့ အချစ်ကိုသာ မရရင်နေရမယ် တူဖြစ်တဲ့ မင်းက မူယာခင်ရဲ့တူမကို ရအောင် ယူပြရမယ်ကွ။ ငါမလုပ်နိုင်ခဲ့တာကို မင်းရအောင်လုပ်ရမယ်။ ကြားလား"

ဦးလေးဦးအောင်စိုးသူက ကျွန်တော့်ထက်ကို ကြွ တက်နေပါတယ်။

"မင်းက အဲ့ဒီအိမ်ကို အကြောင်းရှာပြီး ဝင်ရထွက်ရ လုပ်ရတာလွယ်တာပဲကွာ။ မင်းလိုမျိုး ကျော်သီဟတွေက အခွင့် အရေးမရဘူး။ အခွင့်အရေးဆိုတာရတုန်း ယူထားရတယ်ကွ။ ငါတုန်းက မင်းလို အခွင့်အရေးမျိုးမရလို့၊ ရလို့ကတော့ကွာ မူယာခင်ဟာ ငါ့မယားဖြစ်လို့ မြေးတောင်ရလောက်ပြီ"

"ဦးလေးရာ ဖြေးဖြေးကြိမ်းဝါးပါဗျာ၊ တံတွေးတွေ ဘာတွေမျိုချလိုက်ဦး"

"မင်းမသိပါဘူး သော်မိုးရာ၊ ဒီတောင်နဲ့ ငါလဲလိုက် ချင်တယ်"





ကျွန်တော်က ဘာဆက်လုပ်ရမလဲ စဉ်းစားနေမိပါ တယ်။

"ငါက ဒေါ်မူယာခင်ကို လုံးပြီး ဒေဝီခင့်ဆီ ချဉ်းကပ် လို့တတော့ရတယ်။ ဒါပေမဲ့ ဒေဝီခင်က ဒေါ်မူယာခင်လို မဟုတ်ဘူး။ နည်းနည်းငြိမ်တယ်။ ဒီတော့ တစ်ခုခုကို ခေါင်း အေးအေးလုပ်မယ့်ပုံပဲ။ ပြီးတော့ ငါ့အနေအထားနဲ့ ကိုယ်လုပ် ကျွေးရမယ့် မိန်းမသားတစ်ဦးကို အချိန်တွေသူ့ဆီမှာပဲပေးနေ ရရင်း မေတ္တာရတာမျိုးမလိုချင်ဘူး။ ချစ်လား၊ လက်ထပ်နိုင် မလား ဒဲ့မေး၊ ဒဲ့ဖြေတာမျိုးပဲကြိုက်တယ်"

"ဟော့တောင် . . . ဒေဝီခင်လို မိန်းကလေးမျိုးက မင်းပြောသလိုတော့မလွယ်ဘူးထင်တယ်နော်။ ဒါ Live Show ရိုက်မှာ မဟုတ်ဘူး။ Live Show က အသံမပါလည်း နောက်မှ ဖြန့်သွင်းရတယ်။ အချစ်မှာက ရင်ထဲကလည်းပါရမယ်။ နှလုံး သားကလည်း စေ့စော်ရမယ်။ ခံစားချက်၊ ရည်ရွယ်ချက်လည်း ပြင်းထန်ရမယ်ကွ"

ဦးအောင်စိုးသူက သော်မိုး စကားကို နားထောင်နေ



www.burmeseclassic.com

www.burmeseclassic.com



ရှင်းက အထင်ကြီးတဲ့ ပုံစံမျိုးနဲ့ ကြည့်နေသလိုပါပဲ။

"သော်မိုးပြောတာဟုတ်တယ် ဝင်းအောင်ကြူ"

တစ်ဖက်က မင်းရဲ့ဖြိုင်ဘက်ကလည်း ဘယ်လို ဖေဝီခင်ကို ချဉ်းကပ်မလဲက ရှိသေးတယ်။ မင်းလျှော့မတွက်နဲ့။

"ငါဘယ်သူ့ကိုမှ လျှော့မတွက်ဘူး ခိုင်စိုး။ ဖေဝီခင်ရဲ့ အချစ်ကိုရဖို့ အဲ့ဒီလိုချစ်သူလုဘက်ပါလားလို့ ငါဒီပွဲကို ဝင်ကစားမှာ အလေးကွင်း၊ အိမ်ကွင်းမရွေးဘူး။ အချစ်မှာ ဦးတဲ့သူသာတာပဲကွာ၊ ကိုယ်ကလက်ဦးမှာရအောင်လုပ်ရမှာပေါ့"

"ဒါမှ အောင်စိုးသူရဲ့တူကွ"

ဦးအောင်စိုးသူက လက်သီးလက်မောင်းတန်းပြီး ကြော်လိုက်ပါတယ်။

ဟုတ်တာပေါ့။ ဦးလေးဆိုတာ ကိုယ့်တူ ကောင်းစားတာပဲ မြင်ချင်တာကိုး။ ဖြစ်ရမှာပေါ့ ဦးလေးရယ်။

× × ×



ကမ္ဘာပေါ်မှာ

အခက်အခဲနက်နဲဆုံး

ကဗျာကို ပြောပါဆိုရင်

အဲဒါက

ချစ်သူရဲ့ လျှို့ဝှက်မှုပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

- ၁၀ -

တောက်ထွန်းပေးသည့်အကြံက အတော်အဆင်ပြေပါသည်။

ကျွန်တော့်မှာလည်း ဖိနပ်ဆိုင်ကိုပင် မထိုင်နိုင်တော့ဘဲ ဒေဝီခင်ပန်းချီဆွဲရာသို့ နေ့တိုင်းသွားနေရပါသည်။

ဒေဝီခင် ဆွဲသည့် ပန်းချီကားပြီးပြီဆိုတာနှင့် ကျွန်တော်က တောက်ထွန်း ညီမ၏ ဂယ်လာရီပြခန်းသို့ ယူသွားပေးရသည်။

ပထမဦးဆုံးပန်းချီကားတွေ မြှပွဲတင်ဖို့ပြောသောအခါ ဒေဝီခင်က သူ့အပျော်တမ်းအဆင့်နှင့် မဖြစ်ဘူးဟု ငြင်းပါသေးသည်။



သို့သော် ကျွန်တော်က ကိုယ့်အနုပညာကို ပရိသတ်တွေချပြလို့ အခွင့်အရေးဆိုတာရတုန်းယူရသည်ဟု တိုက်တွန်းတော့မှ လက်ခံလိုက်ခြင်းဖြစ်ပါသည်။

ဒေဝီခင်၏ ပန်းချီလက်ရာက သိပ်မဆိုးပါ။ သူဆွဲသည့် ပန်းချီကားတွေ ကျွန်တော်ခံစားလို့ရပါသည်။

ကျွန်တော်နှင့် တစ်ခါတလေ ပန်းချီကားခေတ္တဆွဲအပြီးမှာ စကားတွေ ဘာတွေပြောဖြစ်ပါသည်။

အဲ. . ပြောရပါဦးမည်။ ဘုဂလန့်ဦးဘာတုတ်နှင့်လည်း ကျွန်တော့်စကားပြောရဆိုရတာနည်းနည်းအဆင်ပြေပါသည်။

အဆင်ပြေပုံကလည်း သည်လိုပါ။

□

ကျွန်တော်က ဒေဝီခင်ဆီ ပန်းချီမြှပွဲ အကြောင်းပြောဖို့လာသည့်အခါ ဦးဘာတုတ်နှင့်တွေ့ပါသည်။ ဒေဝီခင်က အပြင်သွားနေလို့ပြန်လာခါနီးပြီဟု ပြောပါသည်။

လာရင်းကိစ္စကို မေးပြီး အကျိုးအကြောင်း သိရသောအခါ စောင့်ခိုင်းပါသည်။ ပြီးတော့ သူက ကျွန်တော့်ကိုမေးခွန်း



www.burmeseclassic.com

www.burmeseclassic.com



တွေ တရစပ်မေးပါသည်။

"မင်းကယောကျ်ားလေးဖြစ်ပြီး ဘာဖြစ်လို့ မိန်းက လေးစီး ဖိနပ်တွေ ရောင်းရတာလဲ"

"ယောကျ်ားတွေက မိန်းမတွေလို ဖိနပ်ထည်လဲ မစီး လို့ပါ"

"အေး . . . ဒါတော့ ဟုတ်သား"

"ငါစကားပြောတာ အပေါက်ဆိုးလား"

"ကိုယ်ပြောနေကျ ကိုယ့်ဓလေ့အတိုင်းပြောတာပဲ"

"ငါကလူတွေကို သိပ်ကြည့်မရဘူး"

"ဦးမျက်စိထဲတော်လော်တန့်လန့်မြင်နေလို့ ဖြစ်မှာ ပါ"

"ဟုတ်တယ်. . . ကိုယ့်ဘာသာကို မနေကြဘူး။ တချို့ က လူအထင်ကြီးအောင် လျှောက်လုပ်လို့"

"အထင်ကြီးအောင်လျှောက်လုပ်ရင် ငွေကုန်တာပေါ့ ဦးလေးရာ"

"နေဖို့ထိုင်ဖို့လည်း ကျဉ်းကျပ်တယ်ကွ"





"ဒါကို တော်တော်များများက အံဝင်ခွင်ကျ ဖြစ်နေ တာပဲ"

"ငါ့ညီမ မူယာခင်ကို ဘယ်လိုမြင်လဲ"

"အပိုကြီး . . . စကားတော်တော်များမယ် လှတယ်"

"ဒါကို ပြောတာမဟုတ်ဘူးကွ။ သူ့ကို မကြီးမငယ်နဲ့ အခုထိ သူ့အချစ်ရမလား ထိုင်စောင့်ရင်း ရန်စောင်နေတဲ့ လူပိုကြီး နှစ်ယောက်ကို ယူမှာလား မယူမှာလား ဆိုတာကွာ"

"ကျွန်တော်က ဒေါ်မူယာခင်မှ မဟုတ်တာ ဘယ် သိမှာလဲ"

"မင်း မှတ်ထား . . . မူယာခင်က ယောကျ်ားယူလိမ့် မှာမဟုတ်ဘူး။ သူ့မှာ လျှို့ဝှက်ချက် တစ်ခုရှိလို့"

"ဒေဝီခင်ပြန်လာခါနီးပြီလား"

"လာမှာပေါ့ကွာ . . . မင်းမဆိုးဘူး။ မူယာခင်လျှို့ ဝှက်ချက်က ဘာလဲလို့ မင်းမမေးတာ မင်းဦးလေးအတွက် မင်းသိသင့်တာကို မင်းက မင်းနဲ့မဆိုင်လို့ မမေးတာ။ ဒါ အတွက်တော့မင်းကို ငါသဘောကျသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"နေဦး . . . ငါ့ရဲ့မေးခွန်းတွေကို ဖြေရတာ မင်းမောနေမယ်။ ငါရေသွားခပ်လာပေးမယ် သောက်လိုက်"

"ဦးက သိသားပဲ"

"ဘတုတ်ဆိုတဲ့ ငါက လူတွေအကြောင်း သိပြီးသားပါကွ"

ဤသို့ဤသို့ဖြင့် ဘုမသိဘမသိ ဦးဘတုတ်မေးတာကို ဖြေရင်းနည်းနည်းတော့ရင်းနှီးသွားခဲ့ပါသည်။

❐

ယခုလည်းကြည့်ပါ။ ကျွန်တော်ကံကောင်းဖြန်ပါပြီ။ ဒေဝီခင်က ပန်းချီဆွဲနေရင်း နည်းနည်းစိတ်ဝင်စားမှုလျော့သွားလို့ အာရုံပြောင်းအောင်ဆိုပြီး ကျွန်တော်နှင့် စကားလာပြောပါသည်။

ကော်ဖီနှစ်ခွက်လည်း အိမ်ဖော်ကောင်မလေးကို ယူလာခိုင်းသည်။

"ကိုခန့်မင်းထက်ကို ကျွန်မကြည့်ရတာ အမြဲတမ်း





ဘဝမှာ လေးလေးပင်ပင် မထားဘဲ ပေါ့ပေါ့ပါးပါးနေသလိုပဲ။ ဈေးရောင်းတော့လည်း တက်တက်ကြွကြွနဲ့ တစ်ခါတစ်ရံ ကျွန်မတောင် ကိုယ့်ကိုယ်ကိုယ် ပေါ့ပါးသွက်လက်ပြီ ထင်နေတာ။ ရှင်က ပိုပြီးတော့တောင်သွက်သေး။ ကျွန်မဆီက ပန်းချီကားကို ယူလိုက်။ သွားပို့ပြီးရင် ဖိနပ်ဆိုင်ပြန်သွား။ ဈေးပြန်ရောင်းနဲ့။

ကျွန်တော်အမှတ်တွေရနေပါသည်။ မိန်းမသားတစ်ဦးက ကျွန်တော့်ကိုချီးကျူးတာ ကျွန်တော့်ဘဝမှာ ယခုအကြိမ်သည် ပထမဦးဆုံးအကြိမ်ဖြစ်ပါသည်။

ကျွန်တော်က ကော်ဖီကို တစ်ငုံလောက်သောက်လိုက်သည်။ ပြီးမှ

"မဒေဝီခင် နားထောင်ချင်လည်း နားထောင် နားမထောင်ချင်လည်း ရတယ်"

"ဘာပြောမှာမို့လို့လဲ"

"မုံပြင်ဆိုပါတော့ . . . တစ်ခါက လူမည်းအမျိုးသားတစ်ဦးက သစ်ပင်အောက်မှာ ထိုင်နေတာကို လူဖြူ အမျိုးသား



www.burmeseclassic.com

www.burmeseclassic.com



က ဖြတ်သွားရင်းမြင်တော့ အဲ့ဒီလူမည်းအမျိုးသားကို ကြည့်ရင်း လူဖြူအမျိုးသားကတွေးတယ်။ ဒီလူနှယ် သူ့အချိန်တွေကို ဖြုန်းနေလိုက်တာ။ ဒီလူတော်တော်ပျင်းပဲဆိုပြီး အဲ့ဒီလူကို ပြောတယ်။ ဒီမှာခင်ဗျား ဘာလုပ်နေတာလဲပေါ့။ လူမည်းက ပြန်ဖြေတယ်။ ကျွန်တော်ဘဝရဲ့ သုခကို ခံစားနေတာပေါ့။ ဘာကြောင့်အလုပ်သွားမလုပ်တာလဲလို့ လူဖြူက မေးပြန်ရော။ ဒီအခါ လူမည်းက ဘာ့အတွက် လုပ်ရမှာလဲဆိုပြီး ပြန်မေးတယ်။ အလုပ်လုပ်ရင် ပိုက်ဆံရမှာပေါ့ဗျလို့ လူဖြူကဖြေတယ်။ အဲ့ဒီပိုက်ဆံက ဘာလုပ်ရမှာလဲဆိုပြီး လူမည်းက ထပ်မေးပြန်ရော၊ ပိုက်ဆံဝင်ငွေရမှတော့ အေးအေးလူလူနားနေနိုင်တာပေါ့ဗျဆိုပြီး လူဖြူကဖြေပြန်တယ်။ အဲ့ဒီလို နားနေတော့ရော ဘာဖြစ်သလဲဗျာလို့ ထပ်မေးပြန်တယ်။ အေးအေးလူလူ နားနေဖို့ ပိုက်ဆံရမှတော့ အားလပ်ရက်မှာ သွားနိုင်လာနိုင်တာပေါ့ဆိုပြီး လူဖြူကဖြေပြန်တယ်။ အဲ့ဒီလို အားလပ်ရက်ရှိလာရင်ကောဗျာလို့ လူမည်းက ထပ်မေးပြန်တယ်။ ကိုယ့်မှာ အဲ့ဒီလို အားရက်ရှိမှတော့ ခင်ဗျားအဖို့ ဘဝရဲ့ သုခကို ခံစားနေ





နိုင်တာပေါ့လို့ လူဖြူက ပြောတယ်။ ဒီအခါ လူမည်းဖြစ်သူက ဒါဆိုရင်တော့ အခု ကျွန်တော်ဒီလိုငြိမ်ငြိမ်လေးထိုင်နေတာ တို့က ဘဝရဲ့ သုခခံစားနေတာပဲလေလို့ ပြောလိုက်တယ်"

ကျွန်တော့်စကားကို ဒေဝီခင်က သေသေချာချာနား ထောင်နေပါသည်။ ကော်ဖီလေးသောက်လိုက်နားထောင်လိုက်လို့ ပြောပါလိမ့်မည်။

"ကျွန်တော့်ရဲ့ ပေါ့ပါးသွက်လက်မှုဆိုတာလည်း ပုံပြင်ထဲက လူမည်းအမျိုးသားလိုပဲပေါ့ဗျာ၊ ဆိုင်သလား မဆိုင်သလားတော့ မသိဘူး"

"ကိုခန့်မင်းထက် ကိုယ်နဲ့ဆိုင်အောင်လို့ ဥပမာပေး ပြောတာပဲလေ။ ဟုတ်ဘူးလား"

ကျွန်တော်ဘာမှမပြောတော့ဘဲ ကော်ဖီကိုသာသောက် နေမိသည်။

ထိုအချိန်မှာပဲ ခြံထဲသို့ ကားတစ်စီးဝင်လာပါသည်။ ထိစ်တိုက်တော့ ဒုတိယံမွှိတွေပြန်ဝါပြီ။

"မဒေဝီခင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . . တူမလေး၊ မူယာခင်တော မရှိဘူးလား"

ဝင်းအောင်ကြူနှင့် ဦးအောင်စိုးသူတို့က ပြိုင်တူပြောလိုက်ပါသည်။ ကျွန်တော့်ကို မြင်လိုက်ရသဖြင့် နည်းနည်းတော့ ဝင်းအောင်ကြူစိတ်ထဲ ကသိကအောက်ဖြစ်ပုံရသွားသည် ထင်ပါသည်။ ဦးအောင်စိုးသူကလည်း ကျွန်တော့်ကို ကြည့်လိုက်ပါသည်။ သူလည်း ကျွန်တော်ဒီနေရာကို ဘယ်လိုလို ရောက်နေသလဲပေါ့လေ။

"ထိုင်ဦးလေ။ ဘာကိစ္စလဲ ကိုဝင်းအောင်ကြူ"

"ဒီလိုပါ . . . မဒေဝီခင် . . . ကျွန်တော့် မိတ်ဆွေတွေက အမျိုးသမီး အဆိုတော်တွေချည်းပါတဲ့ Live Show ပွဲတစ်ပွဲ လုပ်တယ်လေ။ မဒေဝီခင်နဲ့ ဒေါ်မူယာခင်တော သူငယ်ချင်းတွေပါ ကြည့်ဖို့ ကျွန်တော်လက်မှတ်လာပေးတာ"

"ဒါဆိုရင် . . . ဝေမာချို့တော့ ကြည့်မလားမသိဘူး။ ကျွန်မက ကြည့်နိုင်မယ်မထင်ဘူး။ ဘာဖြစ်လို့လဲဆို ဒီမှာ ပန်းချီပြပွဲအတွက် ပန်းချီတွေ ဆွဲနေရတာ။ တစ်နေ့ကို တစ်ကားပြီးအောင်ဆွဲနေရတာ။ ကိုခန့်မင်းထက်က ကျွန်မဆွဲပြီးတဲ့





ပန်းချီကားကို ပြပွဲမစခင် ပြပွဲဦးစီးလုပ်တဲ့ သူဆီပို့ပေးနေရလို့ ကျွန်မမှာ ပြန်တောင်အားနားနေရသေးတာ။ အခုလည်းကျွန်မ ပန်းချီဆွဲနေရင်း စိတ်မပါလို့ ခဏထိုင်စကားပြောနေမိတာ"

ဒေဝီခင်သည် စကားပြောအတော်ညက်ပါသည်။ တစ်ဖက်လူကျွန်တော့်ကို တစ်မျိုး မထင်အောင် ပြောတတ်လို့ ဖြစ်ပါသည်။

"တူမလေးမကြည့်တော့ မူယာခင်ကြည့်မှာပေါ့"

"ဒေါ်လေးမရှိဘူးဦးရဲ့။ ဒေါ်လေးက အန္တရာယ်ကင်းအောင်ဖြိုဟ်သက်ညှိလို့ဆိုပြီး ရိပ်သာမှာ တရားသွားဝင်တယ်။ တစ်ပတ်ကြာမယ်"

"ဟာ . . . ကွာ . . . မူယာခင်ကတော့ လုပ်ချလိုက်ပြီ နိဗ္ဗာန်ရောက်တော့မှာပဲ။ ဦးတ ဒီပွဲမျိုး မူယာခင် သဘောကျမှာပဲလို့ တွက်ထားတာ။ ကိုယ်တောင်ရိပ်သာ လိုက်ဝင်ရမယ့် အပေါက်ပဲ"

ဦးအောင်စိုးသူ တစ်ယောက်အတော့်စိတ်ပျက်လက်ပျက်ဖြစ်သွားသည့် ပုံကို လေးလေးဦးကျော်သီဟမြင်စေချင်



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။

"ကိုခန့်မင်းထက် ကျွန်တော့်ကို ခွင့်ပြုဦး"

"မဒေဝီခင်သွားဦးမယ်။ ကျွန်တော်နော်တစ်ခေါက်လာခဲ့ပါဦးမယ်"

ခြံထဲက ကားမောင်းထွက်သွားသည့် မြင်ကွင်းကိုကြည့်ပြီး ဒေဝီခင်က ပြုံးလိုက်ပါသည်။

□

ချစ်ဖို့ကောင်းသော ချစ်သူ၏ ထိုအပြုံးသည် မည်သို့သော အပြုံးမျိုးလဲဆိုတာ ချစ်သူမှလွဲ၍ မည်သူမှ မသိနိုင်တာက အသေအချာဖြစ်ပါသည်။

× × ×



ဘဏ ဘဏ ဝယ်လို့ရရင်
ချစ်သူအကြောင်း
ကြည်ကြည်နူးနူးမက်တဲ့ အိမ်မက်များ
တပ်ခါတလဲလဲ ဝယ်ပါရစေ။

www.burmeseclassic.com

www.burmeseclassic.com

- ၁၁ -

"ဘယ်လိုလဲ ခန့်မင်းထက် . . . ငါ့ရဲ့ အကြံအစည် ဒိုကေတယ် မဟုတ်လား"

ကျွန်တော်က တောက်ထွန်းကို ခေါင်းညိတ်ပြလိုက်ပါသည်။

"ဒါဆို . . . မင်းကဒေဝီခင်ကို ရည်းစား စကားပြောလို့ရနိုင်ပြီပေါ့"

မြင့်မြိမ်က အားတက်သရော ပြောလိုက်ပါသည်။

"အခုချိန်မှာ သူက ပန်းချီဆွဲနေတယ်။ အဲ့ဒါကို ငါက အခွင့်ရေးယူပြီး ပြောလိုက်ရင် မကောင်းဘူးကွ. . ."

"ခန့်မင်းထက် . . . မင်းနဲ့သူနဲ့ နေ့စဉ်တွေ့ဖို့က ဒီ



အခွင့်ရေးမျိုး သိမ်မရနိုင်တော့ဘူးနော်။ အခုတောင် ပန်းချီကားက ဆယ်ကားပြည့်ခါနီးနေပြီ။ ဒီရက်ထဲ ဒေဝီခင်က သိမ်စိတ်မပါသေးဘူးဆိုလို့ နားထားတာ။ နို့မို့ဆို နောက်ရက်တွေ မင်းအဲ့ဒီကို သွားစရာမရှိဘူး"

"ရပါတယ် . . . တောက်ထွန်းရွှေ . . . အဝင်အထွက်က လွယ်သွားပြီပဲကွာ. . ."

"လွယ်မှာပေါ့ကွ၊ ငါဖန်တီးပေးလိုက်တာကိုး"

"ပထမတော့ ငါထင်နေတာက ဦးဘာတုတ်ကြီးက အပေါက်ဆိုးမယ်။ ဒေဝီခင်ရဲ့ ကိစ္စကန့်လန့်လုပ်မယ်။ ဒီလိုပဲ ဒေါ်မူယာခင်ကြီးက ဝင်ရှုပ်မယ်လို့ ထင်နေတယ်။ အဲ့ဒီလို မဟုတ်ဘူးကွ အားလုံးကိုယ့်အလုပ်ကိုယ်လုပ်ရင်း ဘာသိဘာသာပဲ နေနေကြတာ . . . နည်းနည်းအနောက်တိုင်းဆန်တယ်ကွာ။ ကိုယ့်လွတ်လပ်ခွင့်နှင့်ကိုယ်ပေးထားတာမျိုးကွ"

"ခန့်မင်းထက် လွတ်လပ်တယ်ဆိုပြီး မင်းလုပ်မနေနဲ့ဦး. . .ဝင်းအောင်ကြူကို လျှော့မတွက်နဲ့နော်. . ."

ကျွန်တော်ပြုံးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာမြင့်ငြိမ်. . . မင်းကို ငါဖတ်ဖူးတာ တစ်ခုပြော ပြမယ်။ လင်မယားနှစ်ယောက်က မိတ်ဆွေတစ်ယောက်ဆီ အလည်သွားတယ်။ ခရီးက နည်းနည်းဝေးတယ်။ ဒီလိုနဲ့လာ ရင်း တံတားတစ်ခုကိုဖြတ်ဖို့ကြုံလာတယ်။ တံတားက တော် တော်ဆွေးနေပြီ။ ဖြတ်သန်းသွားဖို့ သိပ်မကောင်းဘူး။ သူတို့ စိတ်ညစ်သွားတယ်။ ကျွန်မတို့ တံတားကို ဘယ်လိုဖြတ်ရမလဲ တံတားက ခြေချလို့တောင်မရဘူး။ လှေကလည်း မရှိတော့ မြစ်ကိုဘယ်လို ဖြတ်ကူးရပါမလဲဆိုပြီး မိန်းမဖြစ်သူက ပြော တယ်။ ခင်ပွန်းလုပ်သူကလည်း မင်းပြောတာဟုတ်တယ်။ ရေ တောင်နစ်နိုင်တယ်ဆိုပြီး ပြန်ပြောတယ်။ ဒါမှမဟုတ် ဒီလို တံတားကို ဖြတ်ကူးလို့ ကံမှားမကောင်းရင် သစ်သားက ဆွေး ဆိုတော့ ခြေပါကျိုးနိုင်တယ်။ အိမ်မှာ ကျန်ခဲ့တဲ့ ကလေးတွေနဲ့ ကျွန်မကို ဘယ်သူကစောင့်ရှောက်ကျွေးမွေးမလဲလို့ မိန်းမက ပြောပြန်ရော။ ငါလည်းမသိဘူး ဘာတွေဖြစ်လာမလဲဆိုတာ ဒီတံတားကို ဖြတ်လို့ ခြေပဲကျိုးမလား။ သေပဲသေမလားဆိုပြီး ခင်ပွန်းဖြစ်သူက ပြောပြန်ရော။ ဒါနဲ့ စိတ်ထဲစိုးရိမ်ကြောက်





လန့် ပူပန်မှုအတွေးတွေနဲ့ သူတို့က တံတားနားရောက်လာ တယ်။ သူတို့ အံ့အားသင့်သွားတယ်။ ဘာဖြစ်လို့လည်းဆို တံတားအသစ်ကို တွေ့လိုက်ရလို့ပဲ။ ဒီတော့ သူတို့က ပျော်ပြီး တံတားကိုဖြတ်ရော။ သေသေချာချာမသိပဲနဲ့ သူတို့ လျှောက် တွေးချင်ရာ တွေးတော မှားပြီးလို့ ပြောတယ်"

မြင့်ငြိမ်နှင့် တောက်ထွန်းက ကျွန်တော်တို့ကြည့်ရင်း မြင့်ငြိမ်းက

"ဒါဆို . . . မင်းဆိုလိုချင်တာက"

"တံတားတစ်ခုကိုဖြတ်သန်းသွားဖို့ ကိစ္စမှာ တံတား နားမရောက်သေးဘဲ လျှောက်တွေးလို့ကတော့ ဆုံးမှာမဟုတ် ဘူးလေကွာ။ ငါနဲ့ဝင်းအောင်ကြူကိစ္စမှာလဲ ဒီလိုပဲပေါ့ကွ၊ သူ ဘာလုပ်လဲ၊ သူ ဘာတွေအကွက်ချမလဲ၊ ငါဘာမှမစဉ်းစား ချင်ဘူး။ အရေးကြီးတာက ငါသွားရမယ့်ခရီးအတွက် တံတား ဆီရောက်အောင်သွားပြီး အဲ့ဒီတံတားကို ဖြတ်သန်းသွားဖို့ပဲ ကွ"

"ခန့်မင်းထက် ဒါနဲ့ ဦးကျော်သီဟ တစ်ယောက်ကော



www.burmeseclassic.com

www.burmeseclassic.com



ကွ"

"ငါ့ကို ပြောသွားတာကတော့ မြင့်ငြိမ်ရာ၊ အိမ်က တယ်လီဖုန်း အခွံကို မော်ဒယ်အောက်နေပြီ အသစ်လဲမယ်ဆိုပြီး သွားဝယ်တယ်ဟ့"

"ဒါနဲ့လေးလေးရဲ့ အခြေအနေကတော ဘာထူးလဲ"

"ဦးအောင်စိုးသူကတော့ အတော့်ကို ယက်သွက်တာပဲဟေ့. . . ပြောတာမေးတာများ ဒေဝီခင်ကို ဘာရဲသလဲ မမေးနဲ့။ ဒေါ်မူယာခင်က သူရည်စားအတိုင်းမျိုးကိုမေးတာ"

"ဘာ. . . သူ့ရည်စားလဲကွ၊ ဒီအောင်စိုးသူဆိုတဲ့ အကောင်က"

ကျွန်တော့် စကားမဆုံးခင် ဦးကျော်သီဟ အိမ်ထဲကို ဝင်လာပါသည်။ လက်ထဲမှာလည်း တယ်လီဖုန်းခွံအသစ်ကို ကိုင်ထားသည်။

"လေးလေးဖုန်းက မိုက်လှချည်လား"

"မိုက်ဆို ဈေးကြီးတာကိုးကွ . . . သူ့မှာ အစုံသုံးလို့ရတယ်။ ဒီဖုန်းက ကိုယ်က မိန်းမအသံနဲ့ကို ပြောလို့ရတယ်။





ကိုယ်ပြောတဲ့ အသံက မိန်းမအသံမျိုး နားထောင်သူကြားရတယ်လေ"

ဦးကျော်သီဟက အားတက်သရောပြောပြလိုက်သည်။

"ဟုတ်ပြီးဦးအောင်စိုးသူကို လေးလေး လက်စားချေလို့ရပြီ"

တောက်ထွန်းက လက်ဖျောက်တစ်ချက် တီးလိုက်သည်။

"လေးလေးတယ်လီဖုန်းကို မြန်မြန်ဆင် ဦးအောင်စိုးသူတို့အိမ်က တယ်လီဖုန်းနံပါတ် မြင့်ငြိမ်ဆီမှာ ရှိတယ်မဟုတ်လား။ မြင့်ငြိမ်အစ်ကိုရည်းစား အဆိုတော် စုံပန်နှင်းက ဝင်းအောင်ကြူတို့ အိမ်ဖုန်းကတ်ပေးထားတာလေ"

"ရှိတယ်တောက်ထွန်း. . . ငါ့ပေါ့ကတ်စာအုပ်ထဲမှာ ရေးထားတယ်"

"ဟုတ်ပြီ. . . ငါတို့ ဒီကနေ မိန်းမအသံနဲ့ ဖုန်းဆက်ပြီး ဦးအောင်စိုးသူကို ကောင်းကောင်းပညာပေးရမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်သီဟ မျက်နှာကြီး ပြုံးသွားပါသည်။

"ဒီအောင်စိုးသူဆိုတဲ့ကောင်ကို ပညာပေးဖို့ဆိုလုပ်ကွာ. . . ကိုယ်တော်တွေ မကြိုက်ရင်နေ. . . လေးလေးကြိုက်တယ်။ မောင်တောက်ထွန်း. . . နေဦး . . . နတ်စင်ပေါ်က ကျော်နီဝါကားပုလင်း လေးလေးစွန့်လိုက်ဦးမယ်. . ."

တောက်ထွန်းမျက်နှာမှို့ရသလိုဖြစ်သွားပါသည်။

ကျွန်တော်ကတော့တောက်ထွန်းတို့များ သူများကို ချောက်ချဖို့ဆို အကြံတွေက အလိုအလျောက် ထွက်လာတာက မွေးရာပါ ပါရမီဟု ပြောရမလို။

❐

"တယ်လီဖုန်းရဲ့ ခလုတ်နှိပ်လိုက်မယ်။ တံကောင်းပြီး ဦးအောင်စိုးသူ အိမ်မှာရှိပါစေကွာ"

တောက်ထွန်းက တယ်လီဖုန်းနံပါတ်တွေကို နှိပ်လိုက်သည်။

ဦးကျော်သီဟ၊ မြင့်ငြိမ်နှင့် ကျွန်တော်က တယ်လီဖုန်း ဘောက်စ်ထဲမှ တစ်ဖက်က အသံကို နားစွင့်လို့နေမိသည်။





တယ်လီဖုန်းစကားပြောခွက်ကို နားထောင်နေသော တောက်ထွန်းက လက်မထောင်ပြသည်။

"ဟလို ဦးအောင်စိုးသူရှိပါသလားရှင့်"

"ဟုတ်ပါတယ် အောင်စိုးသူပါ"

"ဦးရယ်. . . ဦးမီးကို မမှတ်မိဘူးလား"

"ဟေ. . . မင်းဘယ်သူလဲ"

"ဦးနဲ့သိခဲ့သူတစ်ယောက်ပေါ့။ ဦးရဲ့ ဖုန်းနံပါတ်ကို မရမက မေးခဲ့ရတယ်"

"ဟေ"

"မအံ့ဩပါနဲ့ ဦးရယ်. . . ဦးစဉ်းစားကြည့်စမ်း. . . မီးဟာ ဘယ်သူဖြစ်မလဲလို့"

ကျွန်တော်တို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီး ပြုံးလိုက်ကြသည်။

ဦးကျော်သီဟတော့ အကျေနပ်ကြီးကျေနပ်နေသည်။

"ဟို. . . ဟို. . . နတ်ကညာပြုံတီးဆလွန်းက ကြည်ပြာလား"



www.burmeseclassic.com

www.burmeseclassic.com



"ကြည်ပြာကို မှတ်မိသေးပဲ. . . ကြည်ပြာ ကျေနပ်လိုက်တာ ဦးရယ်. . ."

"ဘာဖြစ်လို့လဲ ကြည်ပြာရယ်"

"ဦးက သတိမရဘူးလို့ ထင်လို့ပါ။ ကြည်ပြာတတော့လေ ဦးနဲ့တွေ့ခြင်းကတည်းက ဦးကိုပဲ သတိရနေတာ ဦးက သဘောသိပ်ကောင်းတယ်။ သေသွားတဲ့ ကြည်ပြာရဲ့ အဘိုးလေးက ဦးနဲ့ သိပ်တူတာ နှဖူးပြောင်တာချင်း အတူတူပဲ။ အဲဒီ အဘိုးလေးကို ကြည်ပြာက သိပ်ချစ်တာ။ အဘိုးလေးကို လွမ်းတိုင်း ကြည်ပြာလေ ဦးကို သိပ်သတိရတယ်သိလား"

"ဦးက လုံးဝမထင်ထားတာပါကလေးရယ် ဒီတော့"

"နက်ဖန်မနက်ကိုးနာရီမှာ ဆာကူရာတာဝါကကဖေးဆိုင်မှာ ကြည်ပြာစောင့်နေမယ်။ ဦးလာခဲ့ပါ။ ကြည်ပြာလေ တီရှပ် အဖြူလေးဝတ်ထားမယ် စောင့်နေနော်"

"စိတ်ချကလေးရယ်. . . ဦးလာခဲ့မယ်"

"ဒါပဲနော်. . . ဦး"

တောက်ထွန်းက တယ်လီဖုန်းကို ချလိုက်သည်။





"တကယ့်ရှူအောင်စိုးသူ။ မင်းတော့ တွေ့ပြီပေါ့ကွာ"

"မောင်တောက်ထွန်းရေ. . . ဒီဖုန်းကို ငါဝယ်တာ ဒီတစ်ချက်တည်းနဲ့ တန်သွားပြီ"

"မပြီးသေးဘူး ဦးရေ. . . နက်ဖြန်. . . ဒီလူကြီးအဲ့ဒီကို သွားကိုသွားမှာ။ ညနေရောက်မှ ဖုန်းနဲ့ ထပ်ကလိဦးမယ်"

"ကြိုက်တယ်ဟေ့. . . ရော့ မောင်တောက်ထွန်း ဒါလေးချလိုက်ဦး"

တောက်ထွန်းတို့များပျော်နေလိုက်တာ။ဦးကျော်သီဟလည်း ထိုအတိုင်းပဲ ဖြစ်ပါသည်။

❒

ညနေခင်းသည် တစ်စုံတစ်ယောက်အတွက် သောကဖြစ်ဖို့များဖြစ်တည်လာလေသလား။

"အောင်စိုးသူကို ဒီလိုပညာပေးရတာ အချိုမြိန်ဆုံးသစ်သီးကို စားရသလိုပါပဲ မောင်တောက်ထွန်းရယ်"

"ဒါလည်း လေးလေးရဲ့ မြှင်ဘက်ကို လက်စားချေခြင်းပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် တောက်ထွန်းက တယ်လီဖုန်းခလုတ်တွေကို နှိပ်လိုက်သည်။

"ဟလို"

"ကလေးလား . . . မင်းဘယ်လို ဦးကို လုပ်လိုက်တာလဲကွယ်"

"ဦးကို ကလေးတောင်းပန်ပါတယ်၊ ကလေးအစားများလို့ ဝမ်းသွားနေလို့ မလာဖြစ်တာခွင့်လွှတ်ပါဦးရယ်"

"သိပ်ရက်စက်တဲ့ ကလေး၊ ဦးမှာ အကြာကြီး အဲဒီမှာစောင့်နေရတာ၊ အဲကွန်းက အေးတော့ ဦးကထိပ်ပြောင်တော့နှာကိုစေးရော၊ တီရှပ်ဝတ်လာတဲ့ သူကို ကြည့်ရတာ မျက်စိကလည်း ညောင်းနဲ့ . . . ကလေးနဲ့တွေ့မှပဲ . . ."

"ဘာလုပ်မှာလဲ ဦးရဲ့"

"ပါးပြင်ကို လက်နဲ့လိမ်ဆွဲပစ်မယ်"

"ဒါဆို ဦးစိတ်မဆိုးဘူးပေါ့နော်"

"ဟီး . . . ဟီး ဆိုးဘူး"

"ဒီလိုဆို နက်ဖြန်ကြရင် ပြည်သူ့ဥယျာဉ် ဂိတ်ပေါက်





နှစ်နားက ထိုင်ခုံမှာ မနက်ကိုးနာရီစောင့်နေနော် . . . ကလေးကြည်ပြာရောင်ဝတ်စုံနဲ့ လာခဲ့မယ်"

"ကလေး တကယ်လာမှာနော်"

"လာမှာဦး . . . ဪ . . . ဆိုင်ကို မလာနဲ့နော်။ ရိပ်မိမှာစိုးလို့ . . ."

"ဦးသေချာစောင့်မယ်ကလေးရယ်။ဦးဘဝမှာကလေးကိုတွေ့ချင်တာ ညဈေးလွမ်းလွန်းလွန်းလို့ များလှပါပြီကွယ်"

"သွား . . . လူဆိုး"

တောက်ထွန်းက ဖုန်းချလိုက်ချင်းမှာပဲ

"ဒီကောင် ဒီလောက်ကြောင်နေတာ ခင့်ကိုပြချင်လိုက်တာကွာ . . . ငါထင်တောင် မထင်ထားဘူး"

"လေးလေးက ဘာသိလို့လဲ . . . ဦးအောင်စိုးသူက ဒါမျိုးမှာ သွက်ပြီးသား"

"မောင်တောက်ထွန်းရေ . . . နက်ဖြန်ဒီကောင်တော့ခံရဦးမယ်ဟေ့ . . ."

သေဖို့သာကြံ အတိတ်က ငါ့ရန်ကြွေးကို ငါလက်စား



www.burmeseclassic.com

www.burmeseclassic.com



ချေနိုင်ပြီပေါ့ကွာ။

ကျွန်တော် စဉ်းစားမိပါသည်။ သည်လိုဖုန်းနှင့် မိန်းကလေးအသံမျိုးလုပ်ပြီး မည်သူတွေ မည်ရွေ့မည်မျှ ဒုက္ခပေးပြီးပြီလဲလို့။

❒

ဦးလေးဦးအောင်စိုးသူ အခုရက်တွေမှာ မနက် ရှစ်နာရီလောက်ဆို အိမ်ကထွက်ထွက်သွားတာ တွေ့ရတယ်။ ဝတ်တာစားတာကလည်း ကြော့နေတာပဲ။

အဲ. . အိမ်ပြန်လာတော့ မျက်နှာကြီးက စူပုပ်လို့။ တစ်ခုခုကို အလိုမကျသလိုပဲ။ ပြီးတော့ ဒေါ်မူယာခင် အကြောင်း ပြောတာလည်း သိပ်မတွေ့ရဘူး။

အခုလည်း ကြည့်။ မနက်ကတည်းက ထွက်သွားပြီး ပြန်ရောက်လာတယ်။

မျက်နှာက ပေါင်မုန့်ရေစိမ်သလိုမျိုးဖြစ်ရင်းက ဆက်တီခုံပေါ်မှာထိုင်နေတာ တစ်လောကလုံးကို စိတ်ပျက်နေတဲ့ပုံမျိုး။





"ရက်စက်တယ်ကွာ"

"ဘယ်သူရက်စက်တာလဲ ဦးလေးရဲ့"

"မင်းတော့ ငါပြောရမှာပေါ့ကွာ။ ငါ့ရဲ့ကလေးပေါ့"

"ဘယ်က ကလေးလဲ . . . တိတ်တိတ်ပုန်း မိန်းမ ဦးလေး မယူထားပါဘူး"

"မင်းတော်တော်အပါလားကွာ၊ ငါ့ရဲ့ ဆာညာလေးကွာ၊ မြူတီဆလွန်းက ကြည်ပြာတဲ့ ငါ့ကိုဖုန်းဆက်ပြီး ခဏခဏ ချိန်းတယ်။ ဆာကူရာဆိုလို့ ဆာကူရာ၊ အဲ့ဒီတနေ ပြည်သူ့ဥယျာဉ်၊ တစ်ခါ မင်္ဂလာဒုံဥယျာဉ်၊ တစ်ခါကျောက်တန်းရေလယ်ဘုရား၊ လှိုင်သာယာစက်မှုဇုန်၊ ငါ့မှာကွာသူလေးပြောတဲ့ နေရာသွားစောင့်နေတာ နေ့တိုင်း၊ သူလေးကရောက်မလာဘူး၊ ညနေရောက်ရင် ဖုန်းထဲကမလာကြောင်းကို အကြောင်းအမျိုးမျိုးပြတယ်။ အခုလည်းကရုဝိတ်ချိန်းလို့ သွားတာမလာဘူးငွေတွေသာကုန်တယ်။ သူ့ဆိုင်ကိုလည်း မလာနဲ့လို့ ပြောတယ်ကွာ"

လေးလေးအဖြစ်ကို ကြည့်ပြီး ကျွန်တော်ရယ်ချင်သွားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို သေချာပြီ။ တစ်ယောက်ယောက်က လေးလေးကို ပညာပေးလိုက်ပြီ"

"နေစမ်းပါဦး ဝင်းအောင်ကြူ။ ဘယ်လိုပညာပေးတာလဲ"

"လေးလေးကလည်း အ, ရန်ကော လေးလေးကို ချိန်းတာသာမှန်ရင် တစ်နေရာရာကို ရောက်အောင်လာမှာပေါ့။ အခုတော့ ဖုန်းထဲကနေပြီး ပြောတာဆိုတော့ တချို့ဖုန်းတွေက ယောက်ျားက စကားပြောပေမဲ့ မိန်းမသံထွက်တဲ့ ဖုန်းတွေရှိတယ်လေ။ လေးလေး မသိဘူးလား။ တစ်ယောက်ယောက်က လေးလေးကို ပညာပေးလိုက်တာဖြစ်မယ်"

"ဘယ်သူပညာပေးလဲ . . . ဟာ . . . သေချာပြီ၊ ဒါ. . . ကျော်သီဟ လက်ချက်ပဲဖြစ်ရမယ်။ ဒီကောင်ပညာပေးတာဖြစ်ရမယ်။ တွေ့ကြုံပြီပေါ့ ကျော်သီဟရယ်။ ငါ့မှာ စိတ်မော၊ အချိန်ကုန်၊ ပိုက်ဆံတွေလည်းတုန့်ရတယ်။ ဒီအကြောင်း ဒီကောင်တွေ ဟားတိုက်ပြီး ရယ်ဦးမှာ၊ ဒီကြားထဲ မူယာခင်ကို အတို့အထောင်လုပ်ရင်ပြီးရော။ ဝင်းအောင်ကြူ. . . မင်းကိုငါပြောမယ်၊ ဒေဝီခင်ကို ရအောင်ယူ. . ."





ဒေါသတကြီးနဲ့ ထွက်သွားတဲ့ ဦးအောင်စိုးသူတစ်ယောက် သူ့အခန်းတံခါးဆွဲပိတ်တဲ့ အသံက တော်တော့်ကို ကျယ်လှပါတယ်။

ဦးလေးဦးအောင်စိုးသူတို့များ ကြီးမှဆန်းပုံပွင့်များနဲ့နော်။

❐

"ဒီလိုဆို . . . ဝင်းအောင်ကြူ . . . မင်းသတိထားတော့. . . မင်းဦးလေးကိုတောင် ဒီလိုဂရုပ်ဖမ်းပြီး လုပ်နိုင်သေးတာ ဒေဝီခင်ရဲ့ ကိစ္စမှာလည်း ဒါမျိုးမလုပ်နိုင်ဘူးလို့ ပြောလို့ မရဘူးနော်"

"ငါတော့ မထင်ဘူးခိုင်စိုး။ ခန့်မင်းထက်က ဒါမျိုး လုပ်မှာမဟုတ်ဘူး။ ဦးအောင်စိုးသူကို နောက်ချင်လို့ ဦးကျော်သီဟနဲ့ ခန့်မင်းထက် သူငယ်ချင်းတွေပူးပေါင်းကြံစည်နိုင်တာဖြစ်ရမယ်"

"ကြာတယ်ကွာ၊ ဟိုကောင်ခန့်မင်းထက် ရည်းစားစကားမပြောရသေးဘူးဆို မင်းပြောတော့ကွာ. . . သိပ်အချိန်



www.burmeseclassic.com

www.burmeseclassic.com



မဆွဲနဲ့"

"စိတ်ချကွာ. . ငါ့အတွက် မင်္ဂလာရှိတဲ့ နေ့တွေ ရောက်လာတော့မယ်"

ကျွန်တော်တို့ဘီယာသောက်နေတဲ့ ဆိုင်ထဲကနေ လမ်းမဘက်ကို ကြည့်လိုက်တော့ နေအပူရှိန်က သိပ်မပြင်း သေးတာတွေ့ရတယ်။

မကြာခင် နေကပူလာတော့မှာပါ။

× × ×



ပြဇာတ်ဟောင်းကို ပြောလိုက်ပါ. . . ။
ချစ်သူရဲ့
သိုဝှက်ထားတဲ့
ချမ်းမြေ့မှုတွေကို
ရယူပိုင်ဆိုင်ဖို့
အချိန်ရှိတဲ့
ဗုံကွာ ဝင်ရောက်လာပြီလို့။
(တစ်ယောက်တည်းနေ့ တကယ်သန့်သန့်လေးပါ)

www.burmeseclassic.com

www.burmeseclassic.com

- ၁၂ -

**သ**ည်နေ့၊ ကျွန်တော် မည်ကဲ့သို့မှ မျှော်လင့်မထားပါ။

ဒေဝီခင်ဆီ ကျွန်တော်ပန်းချီကားယူဖို့ လာခဲ့သည်။ ဒေဝီခင်ဆွဲသည့် ပန်းချီကားက သည်နေ့ဆို အယ်ကားဖြည့်ပြီ။

နောက်နေ့ဆိုလျှင် ကျွန်တော်ယခုလို လာဖို့ မလိုတော့၊ နှမြောဖို့တော့ကောင်းပါသည်။

"ကိုခန့်မင်းထက် ဒီနေ့ မစောင့်နဲ့တော့ ညကတည်းက ကျွန်မစိတ်ပါလို့ တရေးနိုး ပန်းချီထဆွဲမိတာ"

ကျွန်တော်က ဒေဝီခင့် ပန်းချီကားကို ကြည့်လိုက်မိသည်။



သစ်ပင်ပန်းမန်များနှင့် လှပနေသော အိမ်ကလေးတစ်လုံး၊ အိမ်ကလေးရှေ့က သစ်ပင်မှာ ငှက်ကလေးတွေက နားခိုနေလို့၊ လိပ်ပြာလေးတွေဝဲနေသည်၊ ပန်းကလေးတွေက ဖူးပွင့်နေသည်၊ ပန်းချီကားကို ကြည့်ရသည်မှာ အတော့်ကို ကြည်နူးဖို့ကောင်းသည်။

"ကျွန်မပန်းချီကားတွေ ရှင်လာလာယူတယ်။ တစ်ခါမှ ပန်းချီကားကို မကြည့်ဘူး။ ဒီနေ့တော့ ထူးခြားတယ်။ ရှင်က ကျွန်မပန်းချီကားကို ကြည့်နေလို့ပါလား။ လုပ်ပါဦး။ နည်းနည်းဝေဖန်ပေးပါဦး"

"ပန်းချီကားက ကြည့်လိုက်ရင် စိတ်ထဲ အေးချမ်းသွားတယ်ဗျာ. . . သန္တရသလိုပေါ့။ တကယ်နေချင်စရာကောင်းတဲ့ အိမ်လေးပဲ။ အဲ့ဒီအိမ်လေးသာ အပြင်မှာ ရှိနေရင် အဲ့ဒီအိမ်မှာနေတဲ့ လူတွေအတော်စိတ်ချမ်းသာမှာပဲနော်။ အဲ့ဒီလူတွေရဲ့ စိတ်ကို အဲ့ဒီအိမ်ကဖော်ပြနေသလိုပဲ။ကျွန်တော့်မှာသာ အဲဒီလို အိမ်လေးရှိလို့ကတော့ ကျွန်တော်တစ်ယောက်တည်း ငြိမ်ငြိမ်လေးသစ်ပင်လေးအောက်မှာ ထိုင်ရင်းသဘာဝ



www.burmeseclassic.com

www.burmeseclassic.com



အလှကို နေ့စဉ်ခံစားနေရှာ၊ ဒါနဲ့ ဒီပန်းချီကားကို နာမည်ဘာ ပေးထားလဲ"

"ကြည်နူးမှုရိပ်သာယာ"

"နာမည်က နိုးနိုးလေးနဲ့ထိတယ်"

"ကဲပါ . . . ကျွန်မကို ဒီလောက်ချီးကျူးနေမှတော့ ကျွန်မက ရှင့်ကိုဒီနေ့အမြင်မှာ လိုက်ကျွေးပါမယ်။ အင်းလျား သွားရအောင်၊ လူတွေကိုကြည့်မယ့်အစား ရေပြင်ကို ကြည့်ရတာ မိုမျက်စိအေးတာပေါ့။ ခဏလေးကျွန်မ အဝတ်စား သွားလဲလိုက်ဦးမယ်"

ကျွန်တော် ထခုန်မိမတတ် ဝမ်းသာသွားပါသည်။

'ဟ . . . ခန့်မင်းထက် . . . မင်း အခြေနေအတော် တိုးတက်နေပါလားကွ။ ငါ့တူမကို ရည်းစားစကားတော့ မပြော ရသေးပါဘူးနော်"

ဦးဘတုတ်က ကျွန်တော့်အနားရောက်လာရင်း ပြော လိုက်သည်။

"ဦးလေးကလည်း ပေါက်ပေါက်ရှာရှာ"





"အေး . . . မင်းအခုမပြောလည်း နောက်ပြောမှာပဲ မဟုတ်လား"

ကျွန်တော်က ဘာမှပြန်မပြောမိ။

"ဟို . . . ဝင်းအောင်ကြူဆိုတဲ့ ကောင်လေးက ဒီကို လာရင် အကြောင်းတစ်ခုခုပြပြီး ပစ္စည်းတစ်ခုခု လက်ဆောင် ပေးတယ်။ မင်းကျတော့ ဒီကိုလာတာ တစ်ခါမှ ဘာမှပါမလာ ဘူး။ လက်ချည်းပဲ"

"ပါလာပါတယ် ဦးဘတုတ်ရယ်။ အဲ့ဒါက မဒေဝီခင် ရဲ့ အပေါ်မှာထားရှိတဲ့ မေတ္တာတရားတွေပါပဲ"

"ကြိုက်သွားပြီဟေ့။ အဲ့ဒီစကားက အမိုက်ရှင်းဆုံးနဲ့ အလှဆုံးစကားပဲ။ ငါ့တူမတော့ မသိဘူး၊ ငါ့နှလုံးသားတော့ တန်းထိတယ်ဟေ့"

နောက်သလို ပြောင်သလိုနှင့် ဦးဘတုတ်ကို ကျွန် တော်က ပြောတာကို ဦးဘတုတ်က အတော်ကြီးကျေနပ်သွား သည်။ သည်နေရာမှာ သည့်ပြင် လူသာဆိုလျှင်သည့်စကား ကြောင့် ဦးဘတုတ်၏ လက်သီးစာကောင်းကောင်းကျွေးခံရ



www.burmeseclassic.com

www.burmeseclassic.com



မှာ သေချာသည်။

"ကဲ . . . သွားရအောင်"

"ဟုတ်တဲ့ . . . ပန်းချီကားကို ကားပေါ်တင်လိုက်ဦးမယ်"

ထို့နောက် ဒေဝီခင်နှင့် ကျွန်တော် ဂယ်လာရီသို့ ပန်းချီကားသွားပို့၊ ထိုမှတစ်ဆင့် အင်းလျားကန်ဘောင်ရိုးသို့ ကားကို ဦးတည်လိုက်သည်။

□

အင်းလျားရေပြင်သည် တည်ငြိမ်လွန်းလှသည်။ ရွက်တင်ထားသော လှေငယ်လေးတွေတောင် တစ်စီးမှ မတွေ့ရ။

ကျွန်တော်နှင့် ဒေဝီခင်သားချင်းယှဉ်ပြီး ကန်ဘောင်ရိုးမှာ လမ်းလျှောက်ရတာကိုက အရသာရှိလှသည်။ လေနုအေးက ကျီစယ်သော့တစားတာ အေးမြနေသလိုပင်။

"မဒေဝီခင် ရှေ့က ခုံလေးမှာထိုင်ရအောင်"

"ထိုင်လေ"

ကျွန်တော်တို့နှစ်ဦးသား ထိုးမိုးထားသော ခုံမှာ ထိုင်





လိုက်ကြသည်။

"ဒီနေရာမှာ ထိုင်ခိုင်းမှတော့ ကျွန်မကို ရှင်ရည်းစားစကားပြောတော့မယ် ထင်တယ်"

"ရည်းစားစကားမပြောပါဘူး။ ကျွန်တော်နဲ့ မဒေဝီခင်ရဲ့ အနာဂတ်အတွက် စကားပြောချင်လို့ပါ"

"အံ့မယ် . . . တစ်မျိုးပါလား"

"ကျွန်တော်လေ မဒေဝီခင်ကို **လက်ထပ်ချင်ပါတယ်။** အဲ့ဒါ မဒေဝီခင်ရဲ့ ဆန္ဒကိုသိပါရစေ။ ချက်ခြင်းကြီး အဖြေပေးဖို့ မလိုပါဘူး။ ဪ . . . ဒါနဲ့ ကိုဝင်းအောင်ကြူကကော ကျွန်တော့်လိုမျိုး စကား မဒေဝီခင်ကို ပြောပြီးပြီလား"

"ကျွန်မကို သူမပြောရသေးပါဘူး။ ပြောတော့ ပြောမှာပါ။ ဘယ်နေ့ပြောမလဲတော့ မသိဘူး"

"ဒါဆို . . . ကျွန်တော်ဦးတာပေါ့"

"ဘဝခရီးတစ်ခုကို သွေးသားချင်း မတူတဲ့ လူနှစ်ယောက်လျှောက်လမ်းရမှာဆိုတော့ နည်းနည်းတော့စဉ်းစားရမှာပေါ့နော်။ ပြီးတော့ ဟိုဘက်ဒီဘက် လူအဖွဲ့အစည်းကြီးနှစ်



www.burmeseclassic.com

www.burmeseclassic.com



ခုခေါင်းချင်းဆိုင် တိုက်ကြရမှာ မဟုတ်လား ကိုခန့်မင်းထက်"

"ကဲပါ . . . စောစောက မနေ့ဝီခင် ပြောသလို ရေပြင်ကိုပဲ ကျွန်တော်တို့ ကြည့်ကြရအောင်"

ထို့နောက်တော့ နှစ်ယောက်သား ဘာစကားမှမဆို။ သူကော ကျွန်တော်ကော ရေပြင်ကို ကြည့်ပြီး တစ်စုံတစ်ခုကို တော့ တွေးတောင်းတွေးနေကြတာက အမှန်ပါ။

× × ×



ချစ်သူရဲ့
ဘုန်းတော်ဘွဲ့
အလှသတင်းတွေ
လျှံကြွားထဲ
လျှောက်လျှောက်မပြောနဲ့နော်
အချစ်စစ်
အချစ်မှန်တရားကို
နတ်ဆိုးတွေရှုက်တတ်လို့။

www.burmeseclassic.com

- ၁၃ -

ကျွန်တော့်အဖို့ ဒေါ်မူယာခင်ကို မချီးကျူးဘဲ မနေနိုင်ပါ။

ကြည့်လေ။ ခေတ်ဆန်ဆန်နေသည်။ ဝတ်သည်။ စားသည်။ စတိတ်နှိုးဆိုလည်း ကြည့်။ သီချင်းဆိုလည်း ဝါသနာပါသည့်အမျိုးကြီးက ဘုန်းကြီးကျောင်းဝင်းထဲမှာ အဆောင်တစ်ဆောင်ဆောက်ပြီး လှူဒါန်းသည်ဆိုတာက ဆန်းမနေဘူးလား။

ကျွန်တော်က လုံးဝထိုသို့မထင်ထား။ အလှူရေစက်ချအခမ်းအနားကို ကျွန်တော့်ကိုတော့ လေးလေးဦးကျော်သီဟကိုပါ ဖိတ်သည်။ ဆက်ပြီးပြောရလျှင် ဝင်းအောင်ကြူနှင့် ဦးအောင်စိုးသူတို့ကိုလည်း ဖိတ်သည်။



ပွဲတတော့ သိပ်ကိုကြည့်ကောင်းပြီ။

□

"တဲ. . . စားနော် . . . ဘာမှအားမနာနဲ့။ လှူတဲ့သူဒါနမြောက်အောင်စားနော်"

"ကိုကျော်သီဟနဲ့ ကိုအောင်စိုးသူတို့ စားကြနော်. . . ထည့်စား"

မြစ်ပုံများ၊ ရှည်စားလုဘက် ဦးအောင်စိုးသူနှင့် ဦးကျော်သီဟတို့နှစ်ယောက်က ထမင်းစားပွဲဝိုင်းတစ်ဝိုင်းတည်း ထိုင်မိသွားသည်။ တခြားစားပွဲဝိုင်းတွေမှာက လူပြည့်နေလို့ ဒေါ်မူယာခင်က ထိုင်နိုင်းခြင်းဖြစ်သည်။

ကျွန်တော်ကတော့ ဒေဝီခင် အနီးအနားမှာ ဧည့်သည်တွေကို နေရာထိုင်ခင်းချပေးနေရသည်။ ဝင်းအောင်ကြူလည်း ကျွန်တော့်လိုပါပဲ။

ကျွန်တော်ရယ်ချင်တာရှိပါသေးသည်။

ဦးကျော်သီဟနှင့် ဦးအောင်စိုးသူတို့ မျက်နှာချင်းဆိုင်ထိုင်ပြီး ထမင်းသာစားနေကြသည်။ တစ်ယောက်ကို တစ်

www.burmeseclassic.com



ယောက်စေ့စေ့မှမကြည့်။ မျက်နှာထားတွေက အတော်တင်းသည်။

သို့သော် စားတာကတော့ တစ်ယောက်ကို ထမင်းသုံးလေးပန်းကန်မျှ ရှိပြီဖြစ်သည်။ ကြက်သားဟင်းချဉ်းလိုက်ပွဲချပေးရတာက သုံးကြိမ်။

"ခန့်မင်းထက်ရေ. . . ခင့်ကို ကြည့်စမ်း။ ခင်ဘယ်လောက်ချောသလဲ. . . ခင့်အလှကို မြင်တယ်မဟုတ်လား"

"တော်သေးတာပေါ့ လေးလေးရာ၊ ကျွန်တော်က ထမင်းဗိုင်းမှာလေးလေးတို့ ပြဿနာသာဖြစ်ကြရင် အရှက်တော့ကွဲနေပြီလို့"

"ဒီလောက်တော့ ထိန်းနိုင်ရမှာပေါ့ကွာ၊ ခင်ကမှာသေးတယ်။ အလှူရေစက်ချပြီးရင် မပြန်နဲ့ဦးတဲ့။ ငါ့ကိုပြောစရာရှိတယ်တဲ့၊ ပြီးတော့ ဟိုကောင် အောင်စိုးသူကိုလည်း ငါ့အတိုင်းပြောထားတယ်တဲ့၊ ခင်က ဘာလုပ်ဦးမယ်မှန်းမသိပါဘူး"

"မဟုတ်မှလွဲရော . . . လေးလေးတို့နှစ်ယောက်ကို





ဝခွင်းတက်ခိုင်းမလားမသိဘူး"

"ဖွ . . . လွဲပါစေဖယ်ပါစေကွာ. . ."

လေးလေးဦးကျော်သီဟက အကြောက်အကန်ငြင်းပါသည်။

❒

ကျွန်တော်က စဉ်းစားနေပါသည်။ ဒေါ်မူယာခင်က ဘယ်လိုအကြံနဲ့ သူမအချစ်ကို ပြိုင်တူ တောင်းခံဖူးသောမတည့်သည့် လူနှစ်ယောက်ကို ယခုအချိန်ကြီးကျမှ ထိပ်တိုက်တွေ့ပြီး ဘာပြောမလဲဆိုတာကိုပါ။

သူတို့နှစ်ယောက်နေရာမှာ ကျွန်တော်နှင့် ဝင်းအောင်ကြူဆိုလျှင်တော ဒေါ်မူယာခင်နေရာမှာ ဒေဝီခင်သာဖြစ်လျှင်ကော။

အို . . . ရှုပ်ပါသည်။ ကိုယ်က သူတို့မှ မဟုတ်တာ။ စောင့်ကြည့်ရုံသာရှိတော့သည်။

❒

လူနှစ်ယောက်။ ဘုန်းကြီးကျောင်းသိမ်အနီး ၂ ခုံမှာ



www.burmeseclassic.com

www.burmeseclassic.com



ဘေးချင်းယှဉ်ထိုင်နေကြသည်။

သူတို့နှစ်ဦးရှေ့မှာက အမျိုးသမီးတစ်ဦးနားမှာ ပန်ထားသည့် စိန်နားကပ်က တဖျပ်ဖျပ်နှင့်။

"ရှင်တို့နှစ်ယောက်ကို ကျွန်မအလှူမှာအခုလို ရေစက်ချတရားနာပြီး ခေါ်တွေ့တာ ကျွန်မမှာရှိတဲ့ လျှို့ဝှက်ချက်တစ်ခုကို ပြောပြချင်လို့ပဲ"

ဦးကျော်သီဟနှင့် ဦးအောင်စိုးသူတို့ နှစ်ယောက်စလုံး ဒေါ်မှုယာခင်မျက်နှာကိုသာ ကြည့်နေသည်။

"ကျောင်းကတည်းက ရှင်တို့နှစ်ယောက်စလုံး ချစ်ခွင့်ပန်တယ်။ အဲ့ဒီမှာ ကိုကျော်သီဟက အရက်ကလေးသောက်တတ်တယ်။ နတ်ကိုးကွယ်လို့ဆိုပြီး ကျွန်မက အကြောင်းပြငြင်းခဲ့တယ်။ ဒီလိုပဲ ကိုအောင်စိုးသူကိုလည်း ကျွန်မငြင်းခဲ့တာရှိတယ်။ အဲ့ဒါကို ရှင်တို့နှစ်ယောက်က တစ်ယောက်ပေါ်တစ်ယောက် အညိုးတွေနဲ့ ထားခဲ့ကြတယ်။ တကယ်တော့ ကျွန်မကိုယ်တိုင်ကကျွန်မရဲ့ လျှို့ဝှက်ချက်ကို ပြောပြသင့်တာ။ ကျွန်မက ဒီနေ့တော့ပြောပြမှဖြစ်မယ်လို့။ တက္ကသိုလ်ကျောင်းသူ ဘဝ





ကတည်းက ကျွန်မကို လက္ခဏာဆရာကဗေဒင်ဟောဖူးတယ်။ ကျွန်မရဲ့လက္ခဏာမှာ ယောက်ျားယူရင် အဲ့ဒီယောက်ျားဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ သေမယ်လို့ပါနေတယ်။ အဲ့ဒါကြောင့် ကျွန်မကို လက်ထပ်မယ့်သူ အသက်မဆုံးစေချင်လို့ပါ"။

ဦးကျော်သီဟကော ဦးအောင်စိုးသူပါ ဒေါ်မှုယာခင် စကားကို နားထောင်ပြီး အံ့အားသင့်နေသည်။

"ကျွန်မက နိုင်ငံခြားကို ထွက်သွားပြီး ဟိုမှာသွားနေတော့ ရှင်တို့နဲ့ အဆက်ပြတ်သွားတယ်။ ကျွန်မတစ်ခုပဲ စိတ်မကောင်းဖြစ်မိတာ။ ကျွန်မရဲ့ လျှို့ဝှက်မှုကို ရှင်တို့ မသိဘဲ ဒီနေ့ထိ သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်ရမယ့် အချိန်မှာ လက်မထပ်ခဲ့ဘဲ လူပျိုကြီးတွေဖြစ်နေရင်း ကျွန်မအချစ်ကို မျှော်လင့်ခဲ့တာကိုပါ။ ကျွန်မကို နားလည်ပေးပါ။ ရှင်တို့လည်း ရန်မဖြစ်ကြနဲ့တော့နော်"

"ဖြစ်မှဖြစ်ရလေခင်ရယ်. . ."

"မှုယာခင်ရယ်. . . စောစောက ပြောပါတော့လား"

ဦးကျော်သီဟနှင့် ဦးအောင်စိုးသူတို့ နှုတ်ဖျား အသီး



www.burmeseclassic.com

သီးမှ အာမေဒိတ်သံများနှင့်အတူတူ တစ်ခုခုကို ဆုံးရှုံးလိုက်ရသလိုမျိုး ခံစားရတာက အမှန်ပါ။

❐

ဦးကျော်သီဟနှင့် ဦးအောင်စိုးသူတို့ နေရာမှာ ကျွန်တော်နှင့်ဝင်းအောင်ကြူဆိုလျှင်ကော . . .။

အဖြစ်မှန်ကို ဘာမှန်းမသိဘဲ ချစ်သူဆီက အချစ်ကိုရဖို့ အရင်းအနှီးတန်ဖိုးများများပေးခဲ့ရသော အိပ်မက်၊ မျှော်လင့်ချက်၊ ခံစားချက်၊ စိတ်ကူးမှု၊ ကြည်နူးမှုနှင့် အတိတ်နေ့ရက်အချိန်ကာလများသည် နှမြောတသ၊ လွမ်းဆွတ်ဖွယ်ရာသိပ်ကို ကောင်းလှပါသည်။

× × ×



ပွင့်ဖတ်တွေကို
ခြွေချလိုက်ကတော့
ပန်းပွင့်ရဲ့ အလှကို
ဘယ်တော့မှ
စုစည်းလို့ရမှာ မဟုတ်။

(တစ်ိုး)

www.burmeseclassic.com

- ၁၄ -

"ဝင်းအောင်ကြွ . . . မင်းပြောသင့်တာရှိတာကို ပြောတော့. . . နို့မို့ဆို ငါလိုနှစ်ပေါင်းများစွာ ခံစားသွားရမယ်"

ဦးအောင်စိုးသူက မနက်စောစောလမ်းလျှောက်ပြန်လာပြီး ကော်ဖီသောက်ရင်းမှ ကျွန်တော့်ကို ပြောပါတယ်။

"ဒေဗီခင်ကတော့ ဦးလေးတို့ရဲ့ ဒေါ်မူယာခင်လို ဟုတ်မယ်မထင်ဘူး။ လျှို့ဝှက်မှုလည်း သူမှာရှိမယ်မထင်ဘူး။ အမှန်က ဒီရက်ထဲမှာ ကျွန်တော်က စကားပြောမလို့။ Live Show အခွေပြန့်ဖို့ အချောသတ်နေရလို့. . ."

"မင်းမှာပြိုင်ဘက်ရှိနေတာ. . . မင်းနောက်ကျ သွားမှာစိုးလို့ ပြောနေရတာကွ. . ."



"နောက်ကျလည်း ကိစ္စမရှိပါဘူး ဦးလေးရာ၊ ကျွန်တော်နဲ့ သူ့ကို ယှဉ်ရွေးမှာပဲ . . . အဖြေက ဒေဗီခင်ဆီမှာ ရှိနေမှာပါ"

ပေါင်မုန့်ထောပတ်သုတ်တစ်ချပ်ကို ဦးအောင်စိုးသူက ပါးစပ်ထဲထိုးသွင်းပြီး ပလုတ်ပလောင်း စားလိုက်တယ်။

"လူမှာပြန်မရတာ အချိန်ပဲကွ။ လုပ်နိုင်ကိုင်နိုင်ခံစားနိုင်တဲ့ အချိန်ကာလမျိုးမှာ ကိုယ့်အတွက် တန်ဖိုးရှိအောင် အချိန်ကို အသုံးချနိုင်မှပေါ့၊ မင်းတို့မှာ နှိုင်းယှဉ်မှုတွေရှိတော့ ဒီတစ်ယောက်မရရင် ဟိုတစ်ယောက်ရှိသေးတယ် တို့လိုမျိုးဆို မလွယ်ဘူး"

"ဒါက ဦးလေးတို့က တစ်ယောက်ဆို တစ်ယောက်၊ ပိတောက်ဆို ပိတောက်လုပ်တာကိုး"

"ငါတို့ခံစားချက်နဲ့ ငါတို့ပေါ့ကွာ. . ."

ဦးအောင်စိုးသူထံမှ ဘာစကားမှထွက်မလာ။

ကျွန်တော်လည်း ကော်ဖီလက်ကျန်ကို အပြတ်ရှင်း ပေါင်မုန့်ထောပတ်သုတ်တစ်ခြမ်းကိုစားပြီး Live Show အခွေ



www.burmeseclassic.com

www.burmeseclassic.com



ဗီစီဒီကြော်ငြာကာဗာအဖုံးရိုက်တဲ့ ပုံနှိပ်စက်ကို လစ်ထွက်လာခဲ့တယ်။

အဲဒီလိုမှမလုပ်ရင် ဦးအောင်စိုးသူရဲ့ တရားဆက်နာနေရဦးမှာ။

❒

ပုံနှိပ်စက်က နခမည်ကြီးတာလည်း မပြောနဲ့ရတ်ချိန်းကမှန်မှမှန်။

ကျွန်တော်ရောက်တော့ ကြော်ငြာ Wall Sheet တွေ တောင်ရိုက်ပြီးသွားပြီ။ စီဒီကာဗာအဖုံးတွေ ဗီစီဒီကာဗာအဖုံးပဲ ကျန်တော့တယ်။

ဒီလိုဆိုရင်တော့ အခွေမြန်မြန်ထွက်လို့ရပြီ။ ဒီအခွေမှာပါတဲ့ အဆိုတော်တွေကို Promotion ပွဲအတွက် ဝယ်သူကို လက်မှတ်ထိုးပေးဖို့ ရက်ချိတ်လို့ရပြီ၊ ဟိုရေမွှေးပေးပြီးဆိုခိုင်းတဲ့ မင်းသမီးကတော့ အားမှာ မဟုတ်ဘူး။

"ဝင်းအောင်ကြူ"

"ဟာ . . . ခိုင်စိုးပါလား . . . ဘယ်လိုဖြစ်လို့ ဒီကို





ရောက်လာတာလဲ. . . မင်းကကွာ ငါ့ဟမ်းဖုန်းလှမ်းဆက်လိုက်ရင်ရတာပဲ"

"မင်းကို အရေးကြီးတာ ပြောစရာရှိလို့လာကွာ၊ ပုံနှိပ်စက်ရှေ့က လက်ဖက်ရည် ဆိုင်သွားရအောင် . . . ငါဘာမှ မစားရသေးဘူး"

ဒီကောင်ကျွန်တော့်ဆီကို လိုက်လာပုံထောက်လျှင် ကိစ္စက တော်တော်အရေးကြီးလို့ဖြစ်ရမယ်။

"မင်း ဒေဝီခင်ကို ရည်းစား စကားပြောပြီးပြီလား"

"မပြောရသေးဘူးကွ"

"မင်းသွားပြီ . . . နောက်ကျတော့မှာပဲ၊ ဘုရား . . . ဘုရား . . . နောက်ကျသွားပြီလား"

"နေစမ်းပါဦးခိုင်စိုးရ. . . မင်းစကားက အဆက်အစပ်မရှိနဲ့. . ."

"ဝေမာချိုက ငါ့ကို ဒီမနက်မှ ပြောလို့ပေါ့. . . အိမ်လာရင်းပြောတာ၊ အိမ်မှာ မနက်က ဘုန်းကြီးကို အရှက်ဆွမ်း အဘွားမွေးနေ့အတွက် ကပ်တယ်။ လူတွေမဖိတ်ဘူး။ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



အိမ်သားချည်းပဲ။ အဲ့ဒီမှာ ဝေမာချိုက ပြောတာ။ ခန့်မင်းထက်နဲ့ ဒေဝီခင်တို့က နှစ်ယောက်သား အင်းလျားကန်ဘောင်မိုးမှာ အတူတူထိုင်ကြတယ်။ စားကြသောက်ကြတယ်တဲ့ကွ၊ ဒေဝီခင်က ဒါမျိုးတစ်ခါမှ မလုပ်ဘူးတဲ့"

"ဟုတ်လား . . ."

"အေး . . . ဟုတ်တယ် . . . မင်း . . . ဒီနေ့ ဒေဝီခင်ဆီသွား . . . အခွင့်သာရင် . . . မင်းပြောတော့ . . . မင်းနောက်ကျသွားမယ်နော် . . . မြိုင်ဘက်ကို လျှော့တွက်တာကိုး"

"ငါ . . . ဦးလေးကလည်း ဒီမနက်က ဒါပဲပြောနေသေးတာ . . . အေးကွာ . . . ဒီမှာက အလုပ်ကိစ္စကလည်း မပြတ်ဆိုတော့ . . ."

"ဟေ့ကောင် . . . ပြတ် . . . ပြတ် . . . မပြတ် . . . ပြတ် . . . သွားတော့"

သေချာပါတယ် ကျွန်တော် ဒေဝီခင်ဆီ မနက်ဆယ်နာရီတိတိမှာ ရောက်အောင်သွားပြီး ချစ်ခွင့်ပန်မယ်လို့။

ကျွန်တော့်မြိုင်ဘက်က ကျွန်တော့်ထက်အရင် ပြောရင်လည်း ပြောပလေ့စေ၊ ဒေဝီခင်မှာ အဖြေက ရှိကိုရှိနေမှာ။

❐

ဒေဝီခင်တို့အိမ်ခြံတံခါးက ပွင့်နေတယ်။ ခြံထဲကို ကြည့်တော့ ခန့်မင်းထက်ရဲ့ကားကို မတွေ့ရဘူး။ သေချာပြီး ခန့်မင်းထက် ရောက်မလာဘူးဆိုတာ။

"ကားသံကြားလို့ ဘယ်သူလဲလို့၊ ကိုဝင်းအောင်ကြူကိုး"

"ဒေဝီခင် အချိန်ရမလား"

"ရပါတယ်၊ ဘာကိစ္စရှိလို့လဲ"

"ကျွန်တော်စကားပြောချင်လို့ပါ . . . လာဗျာ . . . ဟိုနားက ခုံတန်းလေးမှာပဲထိုင်ပြောရအောင် . . . စကားပြောပြီးတာနဲ့ ပြန်ပြေးရဦးမှာ။ စီဒီအခွေအရင်ထွက်ဖို့ နယ်ကိုယ်စားလှယ်တွေဆီ ဖုန်းဆက်ရဦးမှာ"

"ဒါဆိုလည်း ကိုဝင်းအောင်ကြူရယ် နောက်မှ အေးအေးဆေးဆေးလာပေါ့"

"မလာလို့မရလို့ဘဲ မဒေဝီခင်"







www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . ဩော်"

"မဒေဝီခင် ကိုခန့်မင်းထက် ရည်းစားစကားပြောပြီး သွားပြီလား"

"သူက ကျွန်မကို ရည်းစား စကားမပြောဘူး။ လက်ထပ်ခွင့်တောင်းတယ်"

"မဒေဝီခင်က အဖြေပေးလိုက်ပြီလား"

"မပေးသေးပါဘူး"

"ဒါဆို . . . ကျွန်တော့်ဘက်မှာ အခွင့်အရေးရှိသေးတာပဲ။ မဒေဝီခင်ကို ကျွန်တော်လက်ထပ်မယ်။ အဲ့ဒါဘယ်လိုသဘောရသလဲ . . . ကျွန်တော့ဘက်က ဘာတွေလုပ်ပေးရမလဲ . . . ကြိုက်တာပြောပါ . . ."

"နေပါဦးရှင် . . . ရှင့်ဘက်က လောလှချည်လား"

"မလောလို့မရဘူးလေ . . . တခြားကိစ္စတွေက ရှိသေးတာ"

ဒေဝီခင်က ကျွန်တော့်ကို ကြည့်ပြီး ရယ်နေပါတယ်။ သူ့ရယ်မောပုံက တစ်စုံတစ်ခုကို တွေးမိပြီး ရယ်မောသလိုပါပဲ။





ရယ်ပါ ဒေဝီခင်။ ဘဝမှာ ဒီလိုရယ်မောခြင်းဖြင့် ကြည်နူးတာကိုပဲ မြင်ချင်ပါတယ်။

"ဒီလကုန်ပြီး တစ်ရက်နေ့ရောက်ရင် ကျွန်မ ပန်းချီကားတွေပါ ပါတဲ့ အမျိုးသမီးတွေစုပြတဲ့ ပန်းချီပြပွဲရှိမယ်။ အဲဒီပြပွဲဖွင့်တဲ့နေ့ မနက်မှာ ရှင့်ကိုတော့ ကိုခန့်မင်းထက်ကိုပါ ကျွန်မက နှစ်ယောက်သားရှေ့မှာ တစ်ယောက်ကို အဖြေပေးမယ်။ ကျွန်မရဲ့ အဖြေရတဲ့သူဟာ ကျွန်မဘဝရဲ့ လက်ထပ်ရမယ့်သူ ကျွန်မဘဝကို ပုံအပ်ရမယ့်သူဖြစ်ကိုဖြစ်စေရမယ်"

"အိုကေ . . . ကြိုက်ပြီ . . . ကဲ . . . ကျွန်တော့်ကို ခွင့်ပြုဦး . . . လဆန်းတစ်ရက်နေ့နော်"

ခြံထဲက ကျွန်တော် ပြန်ထွက်သွားတာတောင်မှ ဒေဝီခင်က ခုံတန်းလျားလေးပေါ်မှာ ထိုင်နေတုန်း။ သေချာပါတယ်၊ ကျွန်တော့်အကြောင်းတွေးနေတာပဲ ဖြစ်ရမယ်။

× × ×



www.burmeseclassic.com

www.burmeseclassic.com

အရှင့် အချစ်၌
အကျွန်ုပ် စိတ်ချယုံကြည်၏။
ဤကား
အကျွန်ုပ့် နောက်ဆုံးစကား
ဖြစ်ရပါလိမ့်၏။

(ထိုး)

- ၁၅ -

ငှက်ကလေးတွေ၏ တေးသံသည် နံနက်ခင်းတိုင်းကို မင်္ဂလာရှိစွာ ဖွင့်လှစ်ပေးသလိုပင်ဖြစ်သည်။ ထို့အတူ လေးလေးဦးကျော်သီဟ၏ စကားတလည်း နံနက်ခင်းစောစောမှာ မင်္ဂလာရှိလို့နေသည်။

အရင်ကဆိုလျှင် နေမြင့်မှ အိပ်ရာထ တတ်သော နံနက်ခင်းများနှင့်ကြုံကြိုက်တိုက်ဆိုင်ခြင်းမရှိသော ကျွန်တော်သည် ယခုရက်များတွင်မူ အိပ်ရာက အစောကြီးနိုးလာပါသည်။

ဦးကျော်သီဟကတောင် သူ့အဖို့ ထူးဆန်းနေသလိုကို မှတ်ယူခံစားရသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်နေ့နံနက်မှာ သူပြောသည့်စကားက မင်္ဂလာရှိမရှိဆိုတာကလည်း ကြည့်။

ကျွန်တော်ကသည်နေ့မှာ ဒေဝီခင်အိမ်သွားဖို့ အကြောင်းက ရှိပါသည်။

ထိုအကြောင်းက ကျွန်တော့်ဖိနပ်ဆိုင်သို့ မန္တလေးမှ ဖိနပ်ဒီဇိုင်းအသစ်များပို့လိုက်သည်။ ယခုမှ တီထွင်ထုတ်လုပ်ထားသော ဒီဇိုင်းအသစ်များဖြစ်သည်။

ထိုအထဲမှ ဒေဝီခင်နှင့် လိုက်မည့် ဖိနပ်တစ်ရန်ကိုယူပြီး ဒေဝီခင့်ဆီသွားပို့ပေးမည်။

မနက်ဖြန်ပန်းချီပြပွဲစဖွင့်မှာဖြစ်သည့်အတွက် ကျွန်တော်လက်ဆောင်ပေးသော ဖိနပ်အသစ်ကလေးကိုစီးပြီး ပရိသတ်နှင့်အတူ အခြားသူများဆွဲသည့်ပန်းချီကားတွေကော သူ့ပန်းချီကားတွေကိုပါ ခံစားပြီးကြည့်လို့ရအောင်ဖြစ်သည်။

"ညက. . . ငါအိပ်မက်မက်တယ် ခန့်မင်းထက်ရ. . . မင်းနဲ့ဒေဝီခင် မင်္ဂလာဆောင်တယ်တဲ့. . . လူတွေကလည်း အများကြီးပဲကွာ၊ လာလိုက်ကြတာ"





"ဒါဆို. . . ဒေါ်မှုယာခင်နဲ့လေးလေး မင်္ဂလာဆောင်တဲ့ အိပ်မက်မျိုး ကျွန်တော်က ပြန်မက်ပေးရမှာပေါ့နော်"

ကျွန်တော်က ရယ်ကာမောကာနှင့် ပြောတော့ လေးလေးက အတင်းလက်ခါပြရင်းမှ

"No. . . No. . . မလုပ်လိုက်ပါနဲ့ကွယ်. . . ငါ့တူက ဦးကို အရောက်ပို့တာပဲ။ အတိတ်ကို ပြန်မသွားပါရစေနဲ့ ပစ္စုပ္ပန်မှာ ဒီအတိုင်းလေးပဲကောင်းပါတယ်"

လေးလေးဦးကျော်သီဟတစ်ယောက် ဦးအောင်စိုးသူနှင့် ဒေါ်မှုယာခင်ဆီထံမှ လျှို့ဝှက်ချက်ကိုသိပြီးကတည်းက အပြောင်းလဲကြီးပြောင်းလဲသွားသည်။ အရက်ကိုပင်မသောက်တော့။ အရင်တုန်းကတော့ ယမကာလည်း မှီဝဲသည်၊ ဥပုသ်လည်းစောင့်သည်၊ ယခုတော့ ဒါမျိုးမဟုတ်တော့၊

အချစ်က သင်ကြားပေးလိုက်သော ကောင်းမြတ်ခြင်းတွေပဲဖြစ်ရမည်၊

❐

"ကျွန်မကို ဒီလိုဖိနပ်ကို လက်ဆောင်လာပေးတာ



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတင်ပါတယ်ရှင်။ ဒါကြောင့်ရှင့်ရဲ့ စင်ဒရဲလား ဖိနပ်ဆိုင်အောင်မြင်နေတာ"

ကျွန်တော်က ဒေဝီခင်ကို ဖိနပ်လက်ဆောင်ပေးရခြင်းအပေါ် ရှင်းပြသည့်အခါ ဒေဝီခင့်ထံမှ ထိုစကားကြားရခြင်းဖြစ်သည်။

"မဟုတ်ပါဘူး မဒေဝီခင်. . . မဒေဝီခင်ရဲ့ ဘဝမှာကိုယ်ဆွဲတဲ့ ပန်းချီကားတွေကို ပရိသတ်ကြားချပြတာက ဒါပထမဦးဆုံးလေ။ ဒီအခါမှာစိတ်သစ်၊ လူသစ်လေ။ ဒီလိုပဲ ဒီဖိနပ်တလည်း ဒီဇိုင်းအသစ်။ ကိုယ့်ဘဝရဲ့ အနုပညာခရီးအစကို အသစ်အသစ်တွေနဲ့ဆို ပိုကောင်းမယ်ထင်လို့ပါ။ အခြားရည်ရွယ်ချက်တွေမပါပါဘူး"

ဒေဝီခင်က ကျွန်တော့်ကို ကြည့်လိုက်သည်။ သူမ၏ အကြည့်မှာ ကြည်နူးမှုကို မြင်ရသည်။

"နက်ဖြန်ခါ မနက်ဆယ်နာရီမှာ 'ဂင်ဇာပန်' တဖေးဆိုင်ကိုရှင်လာခဲ့ပါ။ ကိုဝင်းအောင်ကြူကိုလည်းကျွန်မချိန်းထားတယ်။ ရှင်တို့နှစ်ယောက်ကို ပန်းချီပြပွဲမသွားခင် တစ်ယောက်





ယောက်ကို အဖြေပေးမယ်လို့ပြောထားတယ်။ ရှင့်ဆီကို ဒီနေ့ညနေမှ ကျွန်မဖုန်းဆက်မယ်လို့ ရည်ရွယ်ထားလို့ပါ"

ကျွန်တော်မထင်မှတ်သော စကားကို ကြားရသဖြင့်ရင်တော့ နည်းနည်းခုန်သွားပါသည်။

"လာခဲ့ပါမယ် မဒေဝီခင်. . . ဒါကျွန်တော့်ဘဝရဲ့ အရေးပါတဲ့ အရာပဲ။ ဘာတွေပဲရှိရှိ အဲ့ဒါတွေကို ထားခဲ့ပြီးလာခဲ့မယ်။ ကျွန်တော်လိုချင်တာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ ကျွန်တော့်ပြိုင်ဘက်ကို ကျွန်တော်ရှုံးခဲ့ရင်လည်း ရဲရဲ့စွာနဲ့ လက်ဆွဲနှုတ်ဆက်မယ်။ ကျွန်တော်အောင်မြင်ခဲ့ရင်လည်း သူ့ကို ပြိုင်ဘက်ကောင်းတစ်ယောက်ပီသစွာ နွေးနွေးထွေးထွေးနဲ့ နှုတ်သိမ့်မယ်"

"ကဲပါ . . . အဲ့ဒါတွေ မဆွေးနွေးသေးခင် ကျွန်မက ရှင့်ကို ကော်ဖီဖျော်တိုက်ပါမယ်။ ဖိနပ်လက်ဆောင်လာပေးတဲ့ အတွက်ပေါ့"

ကျွန်တော်မငြင်းပါ။ ဒေဝီခင်လို မိန်းကလေးမျိုး ဖျော်တိုက်သော ကော်ဖီကို မသောက်လျှင် ကျွန်တော်ရိုင်းစေ



www.burmeseclassic.com

www.burmeseclassic.com



ကျသွားမှာပေါ့။

သူမက သေဆေးတိုက်လျှင်တောင် သောက်ရဦးမည် မဟုတ်ပါလား။ အခုဟာက ကော်ဖီလေ။

အဲ . . . နက်ဖြန်ဆိုလျှင်တော့ ကျွန်တော်သည် . . . ရှေ့ဆက်မတွေးတော့ပါ။

□

ကဖေးဆိုင်အတွင်းထဲမှာက လူရှင်းနေသည်။ နံနက်ဆယ်နာရီတိတိအချိန်တွင် ကျွန်တော်နှင့် ဝင်းအောင်ကြူရှိနေရာသို့ ဒေဝီခင်ရောက်လာပါသည်။

ကဖေးဆိုင်သို့ ဝင်းအောင်ကြူနှင့် ကျွန်တော်ရှေ့နောက်ဆိုသလို ရောက်လာကြသည်။ နှစ်ယောက်သားဒေဝီခင်အကြောင်းမပါဘဲ အခြားသော အကြောင်းအရာများကို ကော်ဖီသောက်ရင်းမှ ပြောဖြစ်နေကြသေးသည်။

"စောင့်ရတာ . . . ရှင်တို့နှစ်ယောက်ကြာသွားပြီလား"

"မကြာသေးပါဘူး"

"သိပ်မကြာသေးပါဘူး မဒေဝီခင်"





ဒေဝီခင်ကို ကျွန်တော်တို့နှစ်ယောက်ပြိုင်တူ မသိမသာ ကြည့်မိပါသည်။

ခေတ်ဆန်ဆန်ဝတ်ဆင်ထားပြီး ဖြီးလိမ်းပြင်ဆင်ထားသည်မှာ ဒေဝီခင်မွေးနေ့တုန်းကထက်တောင် ပိုလှနေသေးသည်။ သူမပန်းချီကားတွေပါ ပါဝင်သော ပြပွဲကို သွားမည့် ပန်းချီဆရာမဆိုတော့ သည်လောက်တော့ ပြင်ဆင်ရမှာပေါ့။

ပြီးတော့ သူမဘဝအတွက် အရေးပါသော အဖြေကိုလည်း ပေးရဦးမည်။

ကျွန်တော်က မသိမသာဒေဝီခင်၏ ခြေထောက်ကို ငုံ့ကြည့်မိသည်။

ခြေချောင်းသွယ်သွယ်လေးတွေမှာ ကျွန်တော် လက်ဆောင်ပေးထားသော ဖိနပ်က ဂုဏ်ယူဝင့်ကြွားစွာဖြင့် သူ့တာဝန်သူထမ်းဆောင်နေသလိုမျိုး ရှိနေသည်။

"ကော်ဖီပေးပါဦး"

ကျွန်တော်က စားပွဲထိုးကို လှမ်းမှာလိုက်သည်။ သိပ်မကြာပါ။ ကော်ဖီရောက်လာပါသည်။ ဒေဝီခင်က ကော်ဖီကို



www.burmeseclassic.com

www.burmeseclassic.com



လုံးဝမသောက်သေးပါ။

"ကျွန်မဘဝအတွက် ရှင်တို့ နှစ်ယောက်ထဲက တစ်ယောက်ကို အဖြေပေးရမှာဆိုတော့ ကျွန်မရဲ့ အဖြေကိုရပြီးတဲ့အခါမှာ တစ်ယောက်နဲ့တစ်ယောက်အညိုးတွေ အာဃာတတွေ မထားကြပါနဲ့လို့ ပြောပါရစေ"

"ဟုတ်ကဲ့ပါ"

"စိတ်ချဗျာ"

ကျွန်တော်တို့နှစ်ဦးသား ပြိုင်တူပြောလိုက်ကြသည်။

"ကျွန်မဘဝမှာ ဒီနေ့ထိ ဘယ်ရည်းစားမှ မထားခဲ့ပါဘူး။ ကျွန်မမြတ်နိုးသူဟာ ကျွန်မရဲ့တစ်ဦးတည်းသော ဘဝခရီးအဖော်မွန်လို့ သတ်မှတ်ခဲ့တယ်။ ဒီအချိန်မှာ ကိုခန့်မင်းထက်ကော ကိုဝင်းအောင်ကြူကော ကျွန်မကို လက်ထပ်ဖို့တောင်းခံလာတယ်။ နှစ်ယောက်စလုံးက ငြင်းစရာမရှိဘူး။ ဒီအခါမှာ ကျွန်မစဉ်းစားရတယ်။ ဘာနဲ့ဆုံးဖြတ်ရမလဲလို့။ ဦးနှောက်နဲ့လား၊ နှလုံးသားနဲ့လား။ နောက်ဆုံးတော့ တစ်ယောက်ကို နှလုံးသားနဲ့ပဲ ရွေးချယ်ခဲ့ပါတယ်"





ရုပ်ရှင်တွေထဲကလိုမျိုး ဒေဗီခင်ဏ စကားကို ရှေ့မဆက်ဘဲ ရုပ်တန့်ရင်းက ကော်ဖီကို တစ်ငုံသောက်လိုက်သည်။

"ကျွန်မရွေးချယ်တဲ့ သူကတော့. . . အခုကျွန်မသောက်နေတဲ့ ကော်ဖီကိုမှာပေးတဲ့ ကိုခန့်မင်းထက်ပါပဲ"

ကျွန်တော့်နှလုံးခုန်သံတွေ မြန်သလို ခံစားလိုက်ရပါသည်။ ထို့အမြင် ဘယ်လိုမှ ဖော်ပြ၍မရသော ကြည်နူးမှုမျိုးကိုလည်း ခံစားနေရပါသည်။

ဝင်းအောင်ကြူကတော့ ကဖေးဆိုင်အပြင်ဘက်ကို တစ်ချက်လှမ်းကြည့်လိုက်သည်။

"အချစ်ဆိုတာ ကျွန်မရဲ့ ခံယူချက်က နည်းနည်းနူးညံ့တယ်။ ရင်ခုန်တာလေးလည်း ပါတယ်။ နှလုံးသား အရေးမို့ ဦးနှောက်ကို အလုပ်မပေးချင်ဘူး။ ကိုဝင်းအောင်ကြူက မိန်းမသားတစ်ဦးဆီက အချစ်ကိုတော့ တောင်းခံတယ်။ ဒါပေမဲ့ အဲ့ဒီကိုယ်တောင်းခံတဲ့ ချစ်သူအတွက် သူ့ဘဝထဲကရှိတဲ့ အချိန်တွေ ဖဲ့မပေးချင်ဘူး။ နည်းနည်းအချစ်ကို ကိုင်တွယ်တဲ့နေရာမှာ ကြမ်းသလိုရှိတယ်။ ကိုခန့်မင်းထက်ကျတော့ ပထမဦးဆုံး



www.burmeseclassic.com

www.burmeseclassic.com



ပြောရရင် သိတတ်မှုပဲ။ သူ့ဆန္ဒကို ရှေ့တန်းမတင်ဘူး။ သူလုပ်သင့်လုပ်ထိုက်တာကို လုပ်ရင်းတစ်ဖက်လူအပေါ် နားလည်မှုအပြည့်ပေးနိုင်တယ်။ အခုဒီကို ကျွန်မလာတော့ပဲကြည့်။ ကော်ဖီမှာပေးတာ သူလေ။ အချစ်မှာ ဒီလိုမျိုးလေးတွေကိုက နှလုံးသားမှာ ကျွန်မတို့ မိန်းမသားတွေအတွက် ခံစားဖို့ဖြစ်လာတာလေ။ နောက်ပြီး သူမြတ်နိုးတဲ့ မိန်းမသားတစ်ဦးအတွက် အဲ့ဒီမိန်းမသားက သူ့ဘဝမှာ ပထမဦးဆုံးပြဖို့ ဆွဲတဲ့ သူ့ပန်းချီကားတွေပါတဲ့ ပန်းချီပြပွဲကို သွားမယ်။ ဒါကို သူက ဖိနပ်လက်ဆောင်ပေးတယ်။ အဲ့ဒီပြပွဲမှာ စိတ်သစ်၊ လူသစ်၊ အသစ်အသစ်တွေနဲ့ စီးဖို့တဲ့။ လူတစ်ယောက်ဟာ ကိုယ့်မြတ်နိုးသူအတွက် အဲ့ဒီလို အသေးစိတ်သိတတ်တာကိုက တစ်ဖက်သားမိန်းကလေးအဖို့ ဘယ်လောက်ကြည်နူးစရာလဲ။ အချစ်ဆိုတာ ကြည်နူးခြင်းတရားပေါ်မှာ မြစ်ဖျားခံပါတယ်”

မဒေဝီခင်က ထိုသို့ပြောပြီးနောက် ကျွန်တော့်လက်ကို ဆုပ်ကိုင်လိုက်သည်။

“ကျွန်မထာဝရလက်တွဲရမယ့် ဘဝခရီးဖော်ရဲ့ လက်





ကို အခုချိန်ကစပြီး ကျွန်မရဲ့ဝံ့စွာ ကျွန်မတစ်ဘဝလုံးအတွက် ဆုပ်ကိုင်ရပါပြီ”

မဒေဝီခင်က ကျွန်တော့်လက်ကို မလွှတ်တမ်း တင်းကျပ်စွာ ဆုပ်ကိုင်လိုက်ပြီး ကျွန်တော့်ကို ပြုံးရွှင်သော အကြည့်ဖြင့် ကြည့်လိုက်သည်။ ကျွန်တော်ကကော။

ချစ်သူရယ်။ လက်ချင်းဆုပ်ထားတဲ့ ကိုယ်တို့ လက်တွေထဲမှာ ဖြူစင်သန့်ရှင်းသော မေတ္တာတရားတွေရှိနေတာ ချစ်သူမြင်မှာပါ။

“လေးစားပါတယ် ကိုခန့်မင်းထက်၊ မဒေဝီခင်ရဲ့ စကားကို နားထောင်ပြီးတော့ ရှိတ်စပီးယားပြဇာတ် ဗီရိုနာမြို့မှ သူငယ်ချင်းနှစ်ယောက်ထဲက ဗလင်တိုင်း ပြောသလို ကျွန်တော်အခုချိန်ကစပြီး အချစ်ပေါ်ထားရှိတဲ့ သဘောတရားကို ပြင်လိုက်ပါပြီ။ အချစ်ကို နည်းနည်းပေါ့ဆမိခဲ့တယ်။ ဒီလိုပေါ့ဆမိတဲ့အတွက် အချစ်က အခုလှုပ်နှိုးလိုက်တယ်နဲ့တူပါတယ်။ ဟုတ်တယ် ကိုခန့်မင်းထက် အချစ်ဟာ အင်အားကြီးမားတဲ့ အရှင်သခင်ပါဘဲ။ နောက်ဆိုရင်တော့ တန်ဖိုးထားတတ်သွား



www.burmeseclassic.com

www.burmeseclassic.com



ပြီပေါ့ဗျာ။ ကြီးကြီးမားမားကို တန်ဖိုးထားတတ်သွားပါပြီ”

“အခုလို ကြားရတာ ဝမ်းသာပါတယ်ဗျာ”

“ခင်ဗျားအတွက်လည်း ကွန့်ဂရက်ကျူလေးရှင်းပါပဲ”

ကျွန်တော် မတ်တတ်ရပ်ရင်းက ဝင်းအောင်ကြူရဲ့ ပခုံးကိုပွေ့ဖက်ရင်းက-

“ကျွန်တော်တို့ လက်ထပ်တဲ့ ပွဲကျရင်တော့ လာဖြစ်အောင်လာခဲ့ဗျာ”

“လာရုံတင်မကပါဘူးဗျာ. . . ကျွန်တော်က မင်္ဂလာပွဲမှာ ဧည့်ခံဖို့ တီးဝိုင်းနဲ့ အဆိုတော်တွေကိုပါ လက်ဖွဲ့ပါမယ်။ ခင်ဗျားတို့ နှစ်ယောက်အချစ်နှစ်တရာကျော်တိုင်ပါစေဗျာ”

ကဖေးဆိုင်ထဲကနေ ကိုဝင်းအောင်ကြူ ထွက်သွားသည်ကို ကျွန်တော်နှင့် ဒေဝီခင်တို့က ပြုံးတူကြည့်လိုက်ကြသည်။

“ကို. . .”

“ဗျာ”

ကျွန်တော်နားကြားမလွဲပါ။ မဒေဝီခင်က ခေါ်လိုက်လို့ပါ။





“ဘာအံ့အားသင့်ရတာလဲ၊ ဒေဝီရဲ့ ဘဝမှာ မြတ်နိုးလို့ ထာဝရ လက်တွဲရမယ့် သူကိုခေါ်လိုက်တာလေ။ ဒေဝီကို ဒီဆိုင်ထဲဝင်လာကတည်းကကို သေသေချာချာ မကြည့်လို့။ ဒေဝီရဲ့ ရင်ဘတ်ကို ကြည့်စမ်းကို ဘာတွေ့လဲ”

“ဟာ . . . ကျောက်စီထားတဲ့ ရွှေရင်ထိုးပဲ”

“ကို. . . အဲ့ဒီကတည်းက သိရင်အဖြေတန်းသိမှာ။ ဒီရင်ထိုးလေးကြောင့် ကိုနဲ့ရင်းနှီးခဲ့ရတာ၊ ဒေဝီဘဝမှာအပြောင်းလဲဖြစ်ခဲ့ရတာ၊ ဒီလိုအခါမျိုးမှာ ဒါလေးကို မြတ်မြတ်နိုးနိုး ရင် ဘတ်မှာထိုးရမှာပေါ့”

ကျွန်တော်သည် ကျွန်တော်မြတ်နိုးသူ ရင်ဘတ်ပေါ်က ရွှေရင်ထိုးလေးကို မြတ်မြတ်နိုးနိုးကြည့်မိပါသည်။

“ကဲ. . . ကို့ မြတ်နိုးသူခင်ရေ . . . ပန်းချီပြပွဲသွားရအောင်. . .”

ချစ်သူကို လက်ချင်းချိတ်ပြီး ကဖေးဆိုင်ထဲက ထွက်ရသည့် ခံစားမှုကို ငွေဘယ်လောက်ပေးပေး ဝယ်လို့ မရတာကတော့ အသေအချာပါပဲ။

□



www.burmeseclassic.com

www.burmeseclassic.com



ပန်းချီပြပွဲသည် ဖွင့်ပွဲနေ့မို့ လူစည်ကားပါသည်။ ပန်းချီဆွဲသော အမျိုးသမီး ပန်းချီဆရာမများကော ပန်းချီဆရာတွေကော ပန်းချီပြခန်းထဲမှာ စကားပြောလိုက် ပန်းချီကားတွေကို ကြည့်လိုက်နှင့်။

ပန်းချီဝါသနာရှင် ပရိသတ်တွေကလည်း ပန်းချီကားတွေရှေ့မှာ ရပ်ပြီး ခံစားနေကြသည်။

တောက်ထွန်းနှင့်မြင့်ငြိမ်တို့က ကျွန်တော်နှင့်ဒေဝီခင် ယှဉ်တွဲဝင်လာတာမြင်ပြီး ကျွန်တော်တို့အခြေအနေကိုသဘော ပေါက်ပြီး လက်မထောင်ပြသည်။

ကျွန်တော်နှင့်ဒေဝီခင်က ပန်းချီကားတွေကိုလျှောက်ကြည့်ရင်း ပန်းချီကားတစ်ခုရှေ့မှာ ရပ်တန့်လိုက်သည်။ ပန်းချီကားနာမည်က "ကြည်နူးမှု ရိပ်သာယာ"

"ဒေဝီဆွဲထားတဲ့ ဒီပန်းချီကားကို ဒေဝီမရောင်းဘူး။ ဒေဝီနဲ့ ကိုတို့ရဲ့ အိမ်ဧည့်ခန်းမှာ ချိတ်ဆွဲရင်း ဒေဝီနဲ့ကိုတို့ရဲ့ အနာဂတ်ဘဝခရီးလမ်းကို ဒီပန်းချီကားလေးထဲကလို ခံစားမှု၊ အေးမြမှု၊ ကြည်နူးမှုတွေနဲ့ ထုဆစ်တည်ဆောက်သွားကြမယ်နော်"





ကျွန်တော်ခေါင်းညိတ်ပြလိုက်ပါသည်။

ကျွန်တော်ထင်ပါသည်။ နှစ်ကိုယ်တူချစ်ခြင်းတရားများဖြင့် တည်ဆောက်ထားသော ကျွန်တော်တို့ နှစ်ဦး၏ ရိပ်သာယာသည် ထာဝရ အေးမြနေမည်က အမှန်ပင်ဖြစ်ပါတော့သည်။

× × ×

ပြီး၏။



www.burmeseclassic.com